www.burmeseclassic.com

နိုးမိုးစာပေ



BURMESE CLASSIC .com

ပူဒေ

# ချစ်သူတွေတဲ့ဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လူငနှ

# ချစ်သူတွေတဲ့ ဝတ္ထု

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၇၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း။<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဒေါ်ငွေ (မြ - ၀၂၀၇၉)<br>သုခပုံနှိပ်တိုက်<br>အမှတ်(၁၄၀)၊ ၄၅-လမ်း(အထက်)၊<br>ဗိုလ်တထောင်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

လူနေ
ချစ်သူတွေ့တဲ့ ဝတ္ထု / လူနေ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၅၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၀) ချစ်သူတွေ့တဲ့ ဝတ္ထု


BURMESE CLASSIC .com

သင့်မှာ ချစ်သူ မရှိဘူးလား. . .
ရပါတယ်
ကျွန်တော်က ဒီဝတ္ထုထဲမှာ
သင့်ကို ချစ်သူတစ်ဦးနဲ့
တွေ့လို့ရအောင်
စီစဉ်ပေးမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အသိပေးစာ

ကျွန်တော်ရေးခဲ့သော စာအုပ်များထဲတွင် သမားရိုးကျ ဇာတ်လမ်းများ၊ ပဟေဠိများပါသော ဇာတ်လမ်းများ၊ ဓာတ်ပုံများ၊ ကာတွန်းများဖြင့် ဖန်တီးထားသော ဇာတ်လမ်းများ၊ အန်စာတုံး ကဲ့သို့သော Game ဆန်ဆန် ဝတ္ထုများ စသဖြင့် တော်တော်များများ ရေးသားခဲ့ပြီး ဖြစ်ပါသည်။

ယခု ဤဝတ္ထုသည်လည်း ဖတ်ရှုသူ စာဖတ်ပရိသတ်အား ဖျော်ဖြေမှုတစ်ခု ရရှိစေရန်အတွက် ပုံစံတစ်မျိုးဖြင့် ရေးသားဖော်ပြ ထားခြင်းဖြစ်ပါသည်။

ဤဝတ္ထုသည်လည်း သင်ကိုယ်တိုင် ပါဝင်သွားရသော ဝတ္ထု အမျိုးအစားဖြစ်ပြီး အန်စာတုံးဝတ္ထုလိုမဟုတ်ဘဲ အခြားနည်းလမ်း တစ်ခုဖြင့် ဖန်တီးရေးသားထားသော ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။

ဤဝတ္ထုသည် သင်ကိုယ်တိုင် စိတ်ကြိုက်ချယ်သူတစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ပြီး သွားရောက်တွေ့ဆုံရသော (Puzzle အခြေခံ ဝတ္ထု အမျိုးအစား) ဖြစ်ပါသည်။

လေးစားစွာဖြင့်

လူနေ

ဤဝတ္ထုကို စတင်ဖတ်ရှုဖို့အတွက် နောက်တွင် ဖော်ပြထားသော ဓာတ်ပုံများထဲမှ သင်ကြိုက်နှစ်ရာ ချစ်သူတစ်ဦးကို ရွေးချယ်ပါ။

စာဖတ်သူသည် ယောကျ်ားလေးဖြစ်ပါက အမျိုးသမီး ချစ်သူတစ်ဦးကိုရွေးချယ်ရမှာဖြစ်ပြီး၊ မိန်းကလေးဖြစ်ပါက အမျိုးသားချစ်သူတစ်ဦးကို ရွေးချယ်ပေးပါ။

သင့်ချစ်သူကို သင်ကြိုက်နှစ်သက်ရာ နာမည်တစ်ခု ပေးနိုင်ပါသည်။ ဖော်ပြထားသော ပုံများထဲမှ သင်ကြိုက်နှစ်သက်သူ တစ်ဦးမှ မတွေ့ပါက ဓာတ်ပုံမရှိသော ကွက်လပ်တစ်ခုတွင် သင့် စိတ်ကြိုက်ချစ်သူပုံကိုကပ်ကာ ဝတ္ထုအား စတင်ဖတ်ရှုနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားလေးများအတွက် ရွေးချယ်ရန်. . . .


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများအတွက် ရွေးချယ်ရန်. . . .

www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com



ကဲ. . . သင့်စိတ်ကြိုက်ရွေးချယ်ပြီးပြီဆိုရင်တော့ သင့်ကဲ. . . ချစ်သူရွေးပြီးပြီးပြီဆိုရင် အဲ့ဒီ ချစ်သူကို သွားတွေ့ရအောင်ဗျာ။ သူက သင်နေတဲ့နေရာနဲ့ နည်းနည်း ဝေးတော့ တော်တော်လေးတော့ ခရီးသွားရမယ်ဗျ။ လမ်းမှာ အခက်အခဲတွေလည်း တွေ့နိုင်တာပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ်. . . ချစ်သူအတွက်ဆိုတော့ ဘာတွေပဲရှိနေရှိနေ အရောက်တော့ သွားတွေ့ရ မှာပဲဗျ. . .။ ဟုတ်ဘူးလား။

အချစ်စစ်သည် ဖြောင့်ဖြူးခြင်းမရှိဆိုတာ မိတ်ဆွေလည်းကြားဖူးမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မနက်အိပ်ရာက ထတယ်။ နေကိုကြည့်လိုက်တော့ ကောင်းကင်မှာ တော်တော်လေး ရောက်နေပြီပဲ။

နိုးနိုးချင်းပဲ ချစ်သူဆီကို လာတွေ့မယ်ဆိုပြီး မြင်းစီးစာပို့သမားနဲ့ မနေ့က စာရေးပို့လိုက်တာကို သင်က သတိရလိုက်တယ်။

ဒါကြောင့် ကမန်းကတန်း ခရီးထွက်ဖို့ စပြင်ရတော့တာပေါ့။ အင်္ကျီနှစ်စုံ၊ သုံးစုံကို အိတ်ထဲထည့်၊ ငွေစ၊ ကြေးစ အနည်းငယ်ယူပြီး အိမ်က ခပ်မြန်မြန် ထွက်ခဲ့လိုက်တယ်။

သင့် အဖေနဲ့အမေက လယ်ထဲကို အစောကြီး ထွက်သွားတော့ စာလေး နည်းနည်းပါးပါးရေးပြီး ထားခဲ့လိုက်ပေါ့။

ညနေမိုးမချုပ်ခင် ပြန်ရောက်မယ်ဆိုပြီး ထည့်ရေး ဖြစ်အောင် ထည့်ရေးလိုက်ဦး။



ရေးသာ ရေးခိုင်းရတယ် အချိန်မီ ပြန်ရောက်ပါ့မလား ဆိုပြီး သံသယတော့ ဝင်သား။

ထားလိုက်ပါတော့ ချစ်သူနဲ့ကလည်း တွေ့ချင်ပြီ၊ လာတွေ့မယ်ဆိုပြီး စာက ရေးထားတော့. . .

ပြန်ရောက်မှပဲ အဖေနဲ့ အမေကို ရှင်းပြတော့မယ်ဆိုပြီး သင့်ရဲ့ ခရီးကို စတင်ခဲ့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

အိမ်ကထွက်ထွက်ချင်း ရွာထဲက သင့် သူငယ်ချင်း တစ်ယောက်နဲ့ စတွေ့တယ်။

"ဘယ်လဲ"

သင့်ရဲ့မြူးကြွနေတဲ့ ပုံစံကိုကြည့်ပြီး လှမ်းမေးတာပါ။

"ဟိုတစ်နေ့က ပြောထားတဲ့ဟာလေ၊ အဲဒီကို သွားမလို့"

"ချစ်သူနဲ့ သွားတွေ့တော့မပေါ့"

"သိရဲ့သားနဲ့၊ မေးပြန်ပြီ"

"သွားပါ၊ သွားပါ၊ ဘယ်သူမှ ပြန်မပြောပါဘူး"

သင့်သူငယ်ချင်းက သင့်လက်ထဲက အထုပ်ကို တစ်ချက်ကြည့်ပြီး-

"ဒါ... ဘာအထုပ်ကြီးလဲ"

"အင်္ကျီအထုပ်လေ"

"ဒါပဲလား"



"ဟုတ်တယ်လေ၊ ညနေပြန်ရောက်မှာပဲဟာ၊ လမ်းမှာလဲလို့ ဖြုလို့ရအောင် တစ်စုံ၊ နှစ်စုံပဲယူလာတာ"

"မဟုတ်ဘူးလေ၊ ချစ်သူကိုသွားတွေ့မှာဆိုတော့ ချစ်သူ အတွက် လက်ဆောင်လေး ဘာလေး မပါဘူးလား"

"ဟင်... လက်ဆောင်ပေးရတယ် ဟုတ်လား"

"ဟာ... ပါသွားရမှာပေါ့၊ ချစ်သူနဲ့တွေ့ရင် ပါလာတဲ့ လက်ဆောင်လေးပေးမယ်၊ လမ်းခရီးမှာ တွေ့ကြုံခဲ့ရတာလေးတွေ ပြန်ပြောရင်း ကြည်နူးကြမယ်၊ ဒီလိုလေး ရှိရမှာပေါ့၊ အခုဟာက သူ့အတွက် ဘာတစ်ခုမှ လက်ဆောင်မပါဘူးဆိုတော့ မဟုတ်သေး ပါဘူး"

သူက အဲ့ဒီလိုပြောတော့ သင် ခေါင်းက လည်ထွက်သွား ရော။ ဟုတ်လို့လားပေါ့ဆိုပြီး သင်က တွေးနေတုန်း သင့်သူငယ်ချင်း ကတော့ ခေါင်းတစ်ခါခါနဲ့ ထွက်သွားနေပါပြီ။

အဲဒါနဲ့ သင်လည်း ဒွိဟတွေဖြစ်ပြီး ရွာလမ်းအတိုင်း ဆက် လျှောက်လာတာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

# (၃)

“အံ့မယ်. . . အထုပ်အပိုးတွေနဲ့ ဒါဘယ်တုံး”

တွေ့ပြန်ပြီ နောက်တစ်ယောက်။ ဒီတစ်ခါတွေ့တာက ရွာက ကလေးနှစ်ယောက်အမေ ‘မအိကလေးမေ’ဆိုတဲ့ အမျိုးသမီးပါ။

“ဒီလိုပါပဲ”

“သိနေတယ်နော် သိနေတယ်၊ ရွာမှာတော့ နင့်သတင်းက မွှေးနေတာပဲ”

“ဟင်. . . ဒီလောက်တောင်ပဲလား”

“အေးပေါ့။ ဒါနဲ့ နင့်ရည်းစားက အချောအလှလေးဆို”

“အဟီး”

“အံမယ်. . . ရှက်နေရသေးတယ်”

သူက ဒဲ့တိုးကြီးမေးတော့ သင်က နည်းနည်း အနေရခက်သွားတာပေါ့။



“ဒါနဲ့ ရည်းစားက ဘယ်ရွာမှာနေတာတုံး”

“တိုဝေသီရွာမှာနေတာ”

ရွာနာမည်ကိုကြားတော့ မအိကလေးမေ နည်းနည်းတော့ တွေဝေသွားတယ်။ ဘယ်နားမှာ ရှိတာလဲဆိုတဲ့ အမူအရာနဲ့ သင့်ကို ပြန်ကြည့်နေတယ်။

တကယ်တော့ အဲဒီရွာကို ‘မအိကလေးမေ’တင် မသိတာ မဟုတ်ဘူး။ သင်ကိုယ်တိုင်လည်း မသိဘူး။

ဟာ. . . ဒါဆို ဘယ်လိုသွားရမှာလဲဗျ။ ဒုက္ခပါပဲ။

နေပါဦး၊ နေပါဦး မလောပါနဲ့၊ နည်းနည်း ရှင်းပြပါမယ်။

သင်နဲ့ သင့်ချစ်သူတို့က အခြားရွာ ပွဲတစ်ခုမှာ တစ်ခေါက် ဆုံဖူးတယ်။ နောက်ပိုင်းတော့ အောင်သွယ်တွေကတစ်ဆင့် ချစ်ကြိုက်သွားပြီး စာအပေးအယူသာ ရှိခဲ့ကြတယ်။

တစ်နေ့တစ်စောင်မကတဲ့ ချစ်ကြိုးသွယ်စာတွေနဲ့ သင်တို့ နှစ်ဦး ချစ်သူဖြစ်ခဲ့ကြတယ် ဆိုပါတော့။

သင့်လက်ထဲမှာလည်း သင့်ချစ်သူရဲ့ ဓာတ်ပုံတစ်ပုံ ရှိတယ်။ သင့်ချစ်သူလက်ထဲမှာလည်း သင်ပေးထားတဲ့ ဓာတ်ပုံ တစ်ပုံ ရှိတယ်။ အဲဒါလေးတွေကိုကြည့်ပြီး သင်တို့ ချစ်သူနှစ်ဦးက အလွမ်းဖြေကြရတာပေါ့။

ကြာလာတော့ တစ်ဦးနဲ့တစ်ဦး တွေ့ချင်လာတယ်။ သင့်ချစ်သူကလည်း သူတို့ရွာကို လာဖို့ ခဏခဏ ခေါ်နေတော့ သင့်လို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရွာကနေပြီး ဘယ်မှမသွားဘူးတဲ့ လူတစ်ယောက်က အခုလိုပဲ မေးစမ်းသွားမယ်ဆိုပြီး ထွက်ခဲ့တာပဲ။ အချစ်ကြောင့် ဘာဖြစ်ဖြစ် ဆိုပြီး ထွက်လာခဲ့တာလေ။ ကဲပါ. . . ဆက်သွားမှာဖြင့် ဆက်သွား စမ်းပါ။ ဟိုမှာ မအိကလေးမေက မေးနေတယ်။

"ဒါနဲ့ နင့်ချစ်သူအတွက် လက်ဆောင်လေး ဘာလေး မပါဘူးလား"

လာပြန်ပြီ ဒီစကား. . . ခုနကတွေ့ခဲ့တဲ့ သူငယ်ချင်း စကားကိုပြန်ကြားယောင်ရင်း ခေါင်းခါပြလိုက်တယ်။

ချစ်သူဆိုတာ သူတို့ချစ်သူက ဘာပဲပေးပေး ကြည်နူးတန်ဖိုး ထားတတ်တာ၊ လက်ဆောင်လေးတစ်ခုခု ယူသွားဦးဆိုပြီး သင့်ကို သတိပေးသွားတယ်။

သူတို့ပြောတာလည်း ဟုတ်တော့ ဟုတ်တယ်။ လက် ဆောင်တစ်ခုခုတော့ ယူသွားသင့်တာပေါ့။

ဒီလိုဆိုတော့ သင့်ချစ်သူအတွက် လက်ဆောင်လိုနေပြီပဲ။ အင်း. . . ရုတ်တရက်ဆိုတော့ ချစ်သူအတွက် ဘာလက်ဆောင် ယူသွားရမလဲဆိုတာကို သင်လည်း စဉ်းစားလို့ ရဦးမှာ မဟုတ် သေးဘူး။

ဒီတော့ ရွာအလယ်မှာ ပေါက်နေတဲ့ ကုက္ကိုပင်ကြီးအောက် မှာ ခဏထိုင်ပြီး စဉ်းစားနေလိုက်ဗျာ။

ထိုင်ပြီး ခဏအကြာမှာပဲ သင့်ရှေ့ကနေ မြင်းလှည်းတစ်စီး



ဖြတ်မောင်းသွားတယ်။

မြင်းလှည်းပေါ်ပါလာတဲ့ မောင်တင်မောင်က ထိုင်နေတဲ့ သင့်ကို တွေ့သွားပြီး-

"ဒါက ဘာလုပ်နေတာလဲ၊ ရည်းစားဆီ သွားနေပြီဆို၊ မောလို့ နားနေတာလား"

"မဟုတ်ဘူး၊ ရည်းစားကို ဘာလက်ဆောင်ယူသွားပေးရင် ကောင်းမလဲဆိုပြီး စဉ်းစားနေတာ"

"ဒါလေးများ သူကြိုက်တတ်တာ တစ်ခုခုယူသွားပေါ့"

"အင်"

အဲဒီလို လှမ်းအော်ရင်း မြင်းလှည်းကို မောင်းသွားလိုက် တာ ဖုန်တထောင်းထောင်း ထကျန်ခဲ့တာပဲ လှမ်းမြင်ရတယ်။

သူပြောမှပဲ စဉ်းစားမိတယ်။ လက်ဆောင်ပေးတာက ဘာ ခက်တာမှတ်လို့လဲ။ သူကြိုက်တာလေး ယူသွားပေါ့။

တယ်လွယ်ပါလားလို့ တွေးမိတယ်။

အဲ. . . ခက်နေတာက သင့်ချစ်သူနဲ့ သင်နဲ့က စာနဲ့ပဲ ဆက်သွယ်ဖူးတော့ သင့်ချစ်သူ ဘာကြိုက်လို့ကြိုက်မှန်းတောင် သင် မသိဘူး ဖြစ်နေသည်။

နေဦး။ တစ်ခုတော့ ရှိတယ်။ သင်နဲ့သင့်ချစ်သူရေးထားတဲ့ စာတွေထဲမှာ သူဘာတွေကြိုက်တတ်လဲဆိုတာ ရှာတွေ့ကောင်း တွေ့နိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အိတ်ထဲမှာလည်း စာတွေက အဆင်သင့်ပါလာတော့ တစ်စောင်ချင်းစီ ထုတ်ဖတ်ကြည့်ဗျာ။

စာတွေသာ တစ်စောင်ချင်းစီ ကုန်သွားပေမယ့် သင့်ချစ်သူ ဘာကြိုက်လဲဆိုတာကို စာတွေထဲမှာ မတွေ့ရတော့ သင် စိတ်ပျက်သွားတယ်။

အရင်ကတည်းက စာထဲမှာ မေးထားရမှာဆိုပြီး သင့်ကိုယ်သင် အပြစ်တင်နေမိတယ်။ ထားလိုက်ပါဗျာ။

အဲ. . , ဒါပေမယ့် ထူးထူးခြားခြား စာနှစ်စောင်ထဲမှာတော့ သင့်ချစ်သူ ကြိုက်တတ်တဲ့ဟာလေးလိုလို ဘာလိုလို ရေးထားတဲ့ စာကြောင်းအချို့ကိုတော့ တွေ့သား။

ဒါနဲ့ သပ်သပ်ဖယ်ထားပြီး စာနှစ်စောင်ထဲက စာပိုဒ်အချို့ကို ပြန်ဖတ်ကြည့်ရတယ်။

အဲဒီတုန်းက သင်နဲ့သင့်ချစ်သူက ကလူကျီစယ်တဲ့စာလေးတွေ ရေးနေကြတဲ့အချိန်ပေါ့။ အဲဒီထဲကမှ အောက်ပါ ကဗျာနှစ်ပုဒ် ပါလာတာပါ။

ပထမကဗျာက-

**"အပျိုလေးတွေစားတာက**
**ကြံသကာနဲ့ မြေပဲယို**
**လူပျိုလေးတွေ စားတာက**
**သံခွာဖိနပ်တို"**

www.burmeseclassic.com



အပြန်အလှန် နောက်ပြောင်ရေးရင်း ရှေးက ကဗျာတစ်ပုဒ်ကို ပြန်ထည့်ရေးထားတဲ့ ဟာပါ။

ဒုတိယစာထဲက ကဗျာကတော့-

**"ပိုးစောင်ထူထူခြုံ**
**ဒူးလေးလုံးရုံ**
**ပိုးစောင်ခြုံတဲ့ ခုံစာရေး**
**ရှိုးရှိုးပေလေး"**

ဆောင်းတွင်းအေးတဲ့တစ်ရက်က သင်က နွေးနွေးထွေးထွေး ဖက်ထားချင်ကြောင်း ထည့်ရေးလိုက်မိတော့ သင့်ချစ်သူက အထက်ပါ ကဗျာလေးကို သင့်အတွက် ထည့်ရေးလိုက်တာပါ။ ပြန်ပြီး ကြည်နူးမနေနဲ့ဦး။

ဒီတော့ သင်က ပထမကဗျာအရ ကြံသကာနဲ့မြေပဲယိုကိုပဲ လက်ဆောင် ယူသွားရမလိုလို၊ ဒုတိယကဗျာထဲက ပွမ်းစောင်ပဲ ပြေးဝယ်ရ မလိုလိုနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတာပေါ့။

ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ ဝယ်သွားရမှာပဲ။ အလေးထားတယ်ဆိုတဲ့သဘောပေါ့။

သူရေးထားတာလေးတွေကို အမြဲတမ်း သတိတရ ရှိနေတယ်ပေါ့။

ဒါနဲ့ လက်ဆောင်ဝယ်ဖို့ ရွာရဲ့ဈေးတန်းကိုသွားကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



အချိန် နောက်ကျနေတာကြောင့် ဈေးဆိုင်တွေက ပိတ်ကုန်ပြီ။

ဟင်းသီးဟင်းရွက် အသည်အချို့ပဲ ရှိတော့တယ်။

အဲဒီတော့ လမ်းမှာဖြတ်သွားရမယ့် ရွာတွေဆီကပဲ သင့်စိတ်ကြိုက် တစ်ခုခုကို လက်ဆောင် ဝယ်သွားရတော့မှာပေါ့။

ကဲ. . . အချိန်ရှိတုန်းလေး ခရီးဆက်ရအောင်ဗျာ။ လာ. . .။



(ဤနေရာတွင် တစ်ဖက်ပါစာမျက်နှာ၌ နောင် ဖြတ်သန်းမည့်ရွာများတွင် ရရှိနိုင်မည့် လက်ဆောင်များကို ဖော်ပြထားပါသည်။ ထိုအခါ သင်က သင့်ချစ်သူကို ပေးချင်သည့် လက်ဆောင်ကို ရွေးချယ်လိုက်ပါ။ နောက်လာမည့် ရွာများတွင် သင့်ချစ်သူကို သင်ကိုယ်တိုင်ပေးမည့် လက်ဆောင်ပစ္စည်းသည် ပုံသဏ္ဌာန်အမျိုးမျိုး၊ စကားလုံးအမျိုးမျိုးဖြင့် ပါဝင်လာနိုင်ပါသည်။ ထိုအခါ သင်သည် ဘယ်အခန်း၌ သင်လိုချင်သော လက်ဆောင်ပါသည်ဆိုတာကို မှတ်သားထားပြီး နောက်ဆုံး သင့်ချစ်သူကို တွေ့သည့်အခါ လက်ဆောင်ပါလာသည့်သဘောမျိုးဖြင့် ဘယ်တုန်းက ဝယ်လာတာဆိုပြီး ပြောလို့ရပါသည်။)

ဥပမာ- ပန်းသီးများဆိုသည့်လက်ဆောင်ကို ရွေးချယ်ထားသည်ဆိုပါက နောက်လာမည့်အခန်းများထဲတွင် တစ်ခန်းခန်း၌ သင်ရွေးချယ်ထားသော ပန်းသီးများဆိုသည့်စကားလုံးကို **ပန်း**က တစ်နေရာ၊ **သီး**က တစ်နေရာ၊ **များ**က တစ်နေရာ စသည်ဖြင့် တွေ့နိုင်သလို အင်္ဂလိပ်လို **အက်**က တစ်နေရာ **ပဲလ်**က တစ်နေရာ တွေ့နိုင်ပါသည်။ ဒါ့အပြင် ပုံဖြင့်လည်း တွေ့နိုင်ပါသေးသည်။

ကဲ. . . ဆက်ဖတ်ရင်း သင်ပေးချင်တဲ့ လက်ဆောင်တွေ ရှာတွေ့နိုင်ပါစေ)

www.burmeseclassic.com

www.burmeseclassic.com



## ခရီးလမ်းတွင်တွေ့ရမည့် လက်ဆောင်များ

(၁) ပန်းသီး
(၂) ပန်းပွင့်
(၃) စောင်
(၄) ကြိုးသကာ
(၅) မြေပဲ
(၆) ပိတ်စ
(၇) သစ်သီး
(၈) ချောကလက်
(၉) စာအုပ်
(၁၀) စတော်ဘယ်ရီ
(၁၁) မုန့်များ

(၁)

သွားရမယ့်ခရီးကရှည်တော့ သင် မြင်းတစ်စီးငှားဖို့ လိုတယ်။ ရွာထဲ အရင်ဆုံး လိုက်ရှာတော့ တစ်ရွာလုံးက မြင်းတွေတာ မအားဘူး ဖြစ်နေတယ်။

အခကြေးငွေပေးပြီး ငှားတာတောင် တချို့က သူတို့မြင်းလေး ခရီးဝေးသွားရလို့ ပင်ပန်းမှာစိုးပြီး မငှားကြတာတဲ့။

တချို့ကတော့ သွားစရာရှိလို့၊ တချို့ကတော့ မြင်း နေမကောင်းလို့ဆိုပြီး တစ်ရွာလုံး ရှိသမျှ မြင်းတစ်ကောင်မှ ငှားမရဘဲ ဖြစ်နေတယ်။

ဟင်. . . ဘယ်လို။ ဩော်. . . သင့်အိမ်မှာ မြင်းရှိတာပေါ့။ အဲ. . . ဘယ်ယူလို့ ရမလဲ။ အမေနဲ့ အဖေက မြင်းရထားတပ်ပြီး အလုပ် လုပ်နေတော့ ယူလို့မရဘူးလေ။

မထူးပါဘူး။ ဒီအတိုင်းပဲ ရွာကနေ ခြေလျင်လျှောက် သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့။ လမ်းမှာတွေ့တဲ့ ရွာတွေကပဲ တစ်ခုခုရရင် ငှားသွားမယ်။ အဲဒီလို ဆုံးဖြတ်လိုက်တော့။

ဒီလိုနဲ့ သင်ရဲ့ ခရီးကို စတင်ခဲ့တယ်။

အိတ်တစ်လုံး၊ မျှော်လင့်ချက်တစ်ခုနဲ့ ခြေလျင်လျှောက်လာရတဲ့သင့်ကို သင့်ချစ်သူက သနားနေမှာပါ။

■

(၂)

ရွာက ကျော်လာတော့ တောအုပ်တစ်ခုကို ဖြတ်ရတယ်။

တကယ်တော့ သင်က သင်တို့ရွာနားမှာရှိတဲ့ ‘ဒုံဝေး’ဆိုတဲ့ ရွာကလွဲပြီး ခရီးဝေးဝေး သွားဖူးတဲ့ လူတစ်ယောက် မဟုတ်ဘူး။

ဒါတောင်မှ ဒုံဝေးရွာမှာ ပွဲလမ်းသဘင်ရှိလို့ဆိုပြီး သွားဖူးတာ။ အဲဒီ ဒုံဝေးရွာမှာပဲ သင် အခုသွားတွေ့မယ့် သင့်ချစ်သူနဲ့ စတွေ့တာလေ။

အခုတော့ နာမည်သာသိတဲ့ ‘တိုဝေသီရွာ’ဆိုတဲ့ ရွာတစ်ရွာကို သွားရမယ်ဆိုတော့ နည်းနည်းတော့ အခက်အခဲရှိတာပေါ့။

သင်ကတော့ သင့်ချစ်သူကို စာထဲမှာ ဘယ်လိုလာရမလဲဆိုတာတော့ မေးဖူးတယ်။ သင့်ချစ်သူကလည်း သိပ်ပြီး လမ်းညွှန်တတ်တဲ့သူ တစ်ယောက်တော့ မဟုတ်ဘူး။

သူလည်း သူတို့ရဲ့ တိုဝေသီရွာဟာ သင်နေတဲ့ ရွာရဲ့ မြောက်ဘက်တည့်တည့်မှာရှိတယ်လို့ပဲ သိထားတာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ စာထဲမှာလည်း မြောက်ဘက်တည့်တည့်သာ လာခဲ့ပါဆိုပြီး ရေးပေးလိုက်တယ်။

အဲဒီလို စာထဲကအတိုင်း သင်တို့ရွာရဲ့ မြောက်ဘက် တည့်တည့်ကို ထွက်လာရင်း အခုအချိန်မှာ ရွာရဲ့ အနီးဆုံး တောအုပ်တစ်ခုကို သင်က ဖြတ်သန်းနေရတဲ့ အချိန်ပေါ့။

သင့်စိတ်ကူးကတော့ မြောက်ဘက်တည့်တည့်ကိုသွား။ လမ်းမှာတွေ့တဲ့သူတွေကို 'တိုဝေသီရွာ'အကြောင်းမေးရင်း ခရီးဆက်သွားမယ်လို့ တွေးထားတာပေါ့။ မှန်ပါတယ် အဲဒီလိုပဲ တွေးရမှာပါပဲ။

အဲဒီလိုနဲ့ တောထဲမှာ လမ်းလျှောက်လာလိုက်တာ အချိန်တော်တော်ကြာတဲ့အထိ နောက်တစ်ရွာကို မတွေ့သေးပါဘူး။

"ဗိုက်ဆာလိုက်တာ"

နေကိုကြည့်လိုက်တော့ နေက ခေါင်းတည့်တည့်ကို ရောက်နေပြီ. . .။ အေးလေ ထွက်လာတာကြာပြီဆိုတော့ သင်လည်း ဗိုက်ဆာပြီပေါ့။

နောက်ပြီး လမ်းလျှောက်လာရတော့ နည်းနည်း ညောင်းလာတာနဲ့ အရိပ်ရတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ သင် ဝင်ထိုင်လိုက်ရတယ်။

အဲဒီနောက် အိတ်ထဲက ရေဗူးနဲ့ ယူလာတဲ့ မုန့်ခြောက်တွေကို စားရင်း ပတ်ဝန်းကျင်ကို သေချာလိုက်ကြည့်မိတယ်။



စိတ်ထဲကလည်း သင့်ချစ်သူနေတဲ့ ရွာဟာ သင်နေတဲ့ ရွာနဲ့ တော်တော်လေးဝေးရင် ဒုက္ခပဲဆိုပြီး စိုးရိမ်စိတ်လည်း စဝင်လာတော့တာပဲ။

ဒီတောအုပ်ကိုဖြတ်ပြီး နောက်တစ်ရွာရောက်ဖို့ ဘယ်လောက်လိုသေးလဲဆိုတာလည်း သင် မသိ။

ဒါ့အပြင် သင့်မိဘတွေကို ရေးပေးခဲ့တဲ့ စာထဲကအတိုင်း ညနေ ပြန်မရောက်နိုင်တာတော့ ကျိန်းသေသလောက်ကို ရှိနေပြီ။ ပိုဆိုးတာက နောက်ရက်အနည်းငယ်လည်း ထပ်ကြာချင် ကြာနိုင်တာပါပဲ။

အဲ့ဒီလို စိတ်တွေ ညစ်နေပေမယ့် ချစ်သူဆီကို ရောက်ချင်၊ တွေ့ချင်တဲ့ စိတ်တွေကလည်း အားကြီးနေတော့ သူ့ကိုတွေ့ရမှ ရွာပြန်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချကာ ထိုင်နေသည့်သစ်ပင်အောက်မှ ထလိုက်တဲ့အချိန်မှာပဲ မြင်းခွာသံတွေကိုကြားလိုက်ရပြီး အဝေးက မြင်းစီးလာတဲ့ လူအုပ်ကြီးကို သင် တွေ့လိုက်ရပါလေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com





ရွက်ဖျင်တဲတွေ၊ ရိက္ခာထုပ်တွေနဲ့ ပါလာတဲ့ပစ္စည်းတွေကို ကြည့်ခြင်းအားဖြင့် ခရီးသွားအဖွဲ့ ဖြစ်ပုံရတယ်။

ခဏအကြာမှာ မြင်းစီးအဖွဲ့က သင့်ရှေ့နားကို ရောက်လာပြီး အဖွဲ့ခေါင်းဆောင် ဖြစ်ပုံရတဲ့သူတစ်ဦးက-

"မိတ်ဆွေ"

ဆိုပြီး ရိုရိုကျိုးကျိုး လှမ်းနှုတ်ဆက်တယ်။

သင်ကလည်း ပြန်နှုတ်ဆက်လိုက်ပြီးတဲ့အချိန်မှာပဲ အဖွဲ့ခေါင်းဆောင်က-

"တစ်ခုမေးပါရစေ"

"ဟုတ် မေးပါ"

"ဒီတောအုပ်ကျော်သွားရင် ဘာရွာရှိပါသလဲ"

"တီရွာကို ရောက်ပါလိမ့်မယ်"

တီရွာဆိုတာ သင်နေတဲ့ရွာပါ။

ခေါင်းဆောင်ဖြစ်သူက သဘောကျပြုံးလိုက်ပြီး သူ့ရဲ့ မြင်းဘေးမှာ ချိတ်ထားတဲ့ အိတ်ထဲကနေ စာရွက်တစ်ရွက် ထုတ်ပြီး တစ်ခုခု ရေးမှတ်နေတယ်။

အဲဒီမှာ သင်က တစ်စုံတစ်ခုသတိရသွားပြီး-

"မိတ်ဆွေ. . . တစ်ခုပြန်မေးပါရစေ"

"မေးပါ"

"တိုဝေသီဆိုတဲ့ရွာကို သိပါသလား"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကိုကြားတော့ ခေါင်းဆောင်လုပ်သူက နည်းနည်းတော့ မျက်မှောင်ကြုတ်သွားတယ်။

သူရဲ့စာရွက်ကို တစ်ချက်ပြန်ကြည့်လိုက်ပြီး-

"သင့်ပုံစံကြည့်ရတာ သင်နေတဲ့ရွာကနေ အခြားရွာတွေကို မသွားဖူးဘူးထင်တယ်"

"ဟုတ်ပါတယ်"

သင်က သင့်ချစ်သူနဲ့တွေ့ချင်တာကြောင့် အရဲစွန့်ပြီး ထွက်လာကြောင်း ရှင်းပြတော့ အားလုံးက ကရုဏာသက်သွားကြပြီး-

"သင်ပြောတဲ့ တိုဝေသီရွာကိုတော့ ကျွန်ုပ်တို့ မသိပါဘူး၊ လမ်းမှာ ရောက်ခဲ့တဲ့ရွာတွေကို နာမည်မမေးဘဲနဲ့ ဒီအတိုင်း ဖြတ်လာတဲ့ ရွာတွေလည်းရှိတော့ ကျွန်ုပ်တို့ဖြတ်ခဲ့တဲ့ လမ်းတစ်လျှောက်မှာ တိုဝေသီရွာဆိုတာ ရှိကောင်းရှိပါလိမ့်မယ်။ အတိအကျ မသိတာတော့ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် တစ်ခုတော့ ကူညီနိုင်ပါတယ်"

တစ်ခုခု ကူညီနိုင်တယ်ဆိုတော့ ဘာပဲပြောပြော ဝမ်းသာသွားပြီး-

"ကူညီပါဦး၊ ချစ်သူကိုတွေ့ချင်တဲ့ စိတ်တစ်ခုတည်းနဲ့သာ ထွက်လာခဲ့တာ၊ အခုတော့ စထွက်လာရုံပဲ ရှိသေးတယ်၊ ဘယ်လို ဆက်သွားရမှန်းမသိ ဖြစ်နေတယ်"



ခေါင်းဆောင်လုပ်သူက ခေါင်းညိတ်လိုက်ပြီးနောက်-

"ကျွန်ုပ်တို့ဖြတ်ခဲ့တဲ့ ရွာပေါင်း ၆၄ ရွာ ရှိပါတယ်။ အခု သင်နေတဲ့ ဟီရွာ အပါအဝင်ပေါ့၊ ဒါပေမယ့် သင်တစ်ခု ဆုံးဖြတ်ရမှာက သင့်ချစ်သူကိုတွေ့ဖို့ ရှေ့ဆက်သွားမလား၊ ဒါမှမဟုတ် သင်နေတဲ့ရွာကို ပြန်မလားဆိုတာပါပဲ"


"ဟင်. . . ဘာ. . . ဘာဖြစ်လို့လဲ"

"ရှေ့ဆက်သွားမယ်ဆိုရင် ကျွန်ုပ်တို့ဖြတ်ခဲ့တဲ့ ၆၄ ရွာထဲက တစ်ရွာရွာဟာ သင့်ချစ်သူနေတဲ့ တိုဝေသီရွာဆိုတာ ဖြစ်လိမ့်မယ်။ ဒါပေမယ့် အဲဒီရွာတွေဟာ လူပေါင်းစုံ၊ စရိုက်ပေါင်းစုံ အပြင် ထူးခြားမှုတွေလည်း အများကြီးရှိတဲ့ ရွာတွေဆိုတာ တွေ့လိမ့်မယ်။ တစ်ရွာနဲ့ တစ်ရွာကို လမ်းမတစ်ခုစီ ဆက်ထားတယ်၊ ချွင်းချက်အနေနဲ့ လမ်း/ မရှိတဲ့ ရွာတစ်ခုကလွဲရင်ပေါ့၊ ဒီလို. . . ."

ဆိုပြီး သူ့မြင်းဘေးက အိတ်ထဲက စာရွက်ကို ထုတ်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com






"လေးထောင့်ကွက်တွေက ရွာတွေ၊ အဲ့ဒီလေးထောင့်ကွက်တွေကို ဆက်ထားတဲ့မျဉ်းတွေက တစ်ရွာနဲ့တစ်ရွာကို ဆက်ထားတဲ့လမ်းတွေပေါ့။ ဒါပေမယ့် အောက်ဆုံးက ရွာနှစ်ရွာကိုတော့ ဖောက်ထားတဲ့လမ်း မရှိဘူးဆိုတာကို တွေ့ရလိမ့်မယ်။ ဒီတော့ အဲ့ဒီရွာနှစ်ရွာကိုတော့ တိုက်ရိုက်သွားလို့မရဘူး။ ပြီးတော့ အမည်းချယ်ထားတဲ့ရွာကို တွေ့လား"

"ဟုတ်ကဲ့. . . တွေ့ပါတယ်"

"အဲဒါက သင် ဒီတောအုပ်ကို ဖြတ်သွားရင် တွေ့ရမယ့်ရွာပါ"

"ဩော်. . ."

"ပြီးတော့ ကြယ်ပုံလေးရေးထားတဲ့ရွာကို တွေ့လား"

"ဟုတ်ကဲ့"

"အဲဒါ သင်တို့ တီရွာ"

သင် သေချာလိုက်မှတ်နေရတယ်။ ပြီးနောက် ခေါင်းဆောင်က-

"သင် သတိထားရမှာက. . ."

"ဟုတ်"

"အဲဒီရွာတွေကို တစ်ရွာကို တစ်ခေါက်ပဲဖြတ်သန်းလို့ရမယ်ဆိုတာကို သေချာမှတ်ထားပါ"

"ဟင်. . . ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သင်က သူစိမ်းလေ၊ ခရီးသွားအနေနဲ့တော့ တစ်ကြိမ် ဖြတ်လို့ရမယ်၊ ဒါပေမယ့် လမ်းမှားပြီးတော့ နောက်တစ်ကြိမ် ဝင်မိတာတို့၊ ဒါမှမဟုတ် သင်သွားဖို့ကျန်တဲ့ရွာက ဖြတ်သွားဖူးတဲ့ ရွာကို ဖြတ်သွားမှ ရောက်မှာမို့ ဖြတ်သွားလိုက်တာတို့ဆိုရင် သူတို့က သူလျှိုလို့သတ်မှတ်ပြီး သတ်ပစ်ကြလိမ့်မယ်"

"ဟင်"

ထိတ်လန့်သွားတယ်။ ခရီးသွားတွေ ချောက်လန့်နေတာ မဟုတ်ဘူးဆိုတာကိုလည်း သင့်စိတ်ထဲက အလိုလို သိနေတယ်။

ဘာဖြစ်လို့လဲဆိုတာ သင်တို့ရွာမှာတောင် သူစိမ်း တစ်ယောက်ဝင်လာရင် စောင့်ကြည့်ဖို့အတွက် ရွာလူကြီးက ခိုင်းဖူးတာကို ပြန်မှတ်မိတယ် မှတ်လား၊ အဲ့ဒီလိုပဲ နေမှာပါ။

"ဒါ. . . ဒါဆို ဘယ်လိုလုပ်ရမလဲ မိတ်ဆွေတို့ရာ"

"အင်း. . . ကျွန်ုပ်တို့လည်း ကိုယ့်နည်းကိုယ်ဟန်နဲ့ တွက်ချက်ပြီး လာခဲ့ရတာပဲ၊ သင် စပြီးသွားရမယ့်နေရာနဲ့ ကျွန်ုပ်တို့ လာခဲ့တဲ့နေရာနဲ့ မတူတာကြောင့် ကျွန်ုပ်တို့နည်းလမ်းကို ပေးလို့လည်း အသုံးမဝင်ပါဘူး။ ဒီတော့ ဒီစာရွက်လေးတော့ ပေးခဲ့ပါမယ်။ အနက်ရောင် အကွက်ကလေးကနေ သင်နေတဲ့ရွာ ကြယ်ပုံသင်္ကေတ ရွာလေးအထိ ၆၄ ရွာကို တစ်ကြိမ်တည်း ဖြတ်သန်းလို့ရမယ့် လမ်းကြောင်းဆွဲပြီးမှ ခရီးထွက်ပါ မိတ်ဆွေ၊ အကယ်၍ လမ်းကြောင်းဆွဲလို့ မရဘူးဆိုရင်တော့ သင့်ရွာကို ပြန်တာက အကောင်းဆုံး



ဖြစ်မှာပါ"

နားလည်ကြောင်း ခေါင်းညိတ်ပြလိုက်ရတယ်။

"အထူးသတိထားရမှာက ရွာတစ်ရွာကို တစ်ကြိမ်ပဲ ဖြတ်ရမယ်၊ နှစ်ကြိမ်ဖြတ်ခွင့် မရှိဘူး၊ ၆၄ ရွာထဲက တိုဝေသီ ရွာဆိုတော့ ဘယ်ရွာမှန်းမသိတဲ့အတွက် အနက်ကွက်ကနေ ကြယ်ပုံသင်္ကေတန် ပြန်ရောက်တဲ့အထိ လမ်းကြောင်းဆွဲရမယ်၊ လမ်း မဆက် ထားတဲ့ ရွာနှစ်ရွာကိုတော့ အခြားလမ်းကနေ သွားလို့ရမယ်။ ဒါလေး မှတ်ထားပြီး သင် သွားသင့်မသွားသင့် ဆုံးဖြတ်ပါ"

အဲ့ဒီလိုပြောပြီးနောက် မြင်းစီးခရီးသည်တွေက သင့်ကို နှုတ်ဆက်ကာ သင့်ရဲ့ ရွာဘက်ကို ခရီးဆက်သွားကြတယ်။

သင့်မှာသာ စာရွက်တစ်ရွက်ရယ် ရှေ့ဆက်သွားရမလား၊ မသွားရဘူးလားဆိုတဲ့အတွေးရယ်ပဲ ကျန်ခဲ့တော့တယ်။

ရှေ့ဆက်သွားရမလား၊ ရွာကိုပဲ ပြန်ရတော့မလား. . . ကြိုက်တာလုပ်ပါ။ ဒါပေမယ့် သင့်ချစ်သူခတ်ပုံပါတယ် မှတ်လား။ အမောပြေလေး ထုတ်ကြည့်လိုက်ပေါ့။ ဘာပဲဖြစ်ဖြစ် ကြည်နူးမှုနဲ့ အတူ ခွန်အားတွေ တိုးသွားမှာပါ။ အဲ့ဒီအချိန်မှာပဲ သင်က အနက်ရောင်ချယ်ထားတဲ့ ရွာကို အရင်ရောက်အောင်သွားပြီးမှ ကျန်တဲ့ ကိစ္စများကို ဆက်လုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ရွာထဲ ဝင်ဝင်ချင်းမှာပဲ  လူတွေ ရှုတ်ယှက်ခတ်နေတဲ့ လမ်းတစ်လမ်းကို စတွေ့ရတယ်။

ရွာရဲ့လမ်းမကြီး ဖြစ်ပုံရတယ်ဗျ။ နောက်ပြီး ရွာရဲ့ နာမည်ကို မသိရသေးတော့ ရွာနာမည်ရေးထားတဲ့ ဆိုင်းဘုတ် တွေ့လို့ တွေ့ငြား ရှာကြည့်မိတယ်။

### ‘မိုးခေါင်လို့ သောက်တဲ့အရက်ဆိုင်’

ဆိုင်းဘုတ်ကပ်ထားတဲ့ အရက်ဆိုင်နာမည်ကို အရင်တွေ့ရတယ်။ ဘာမှမဆိုင်ပေမယ့် မိုးခေါင်လို့ လာသောက်နေတဲ့လူတွေတော့ မနည်းဘူးပဲ။



### ‘ချည်၊ တန်း၊ ဆွဲ၊ ကြိုးဆိုင်’

ကြိုးချည်ချင်ချည်၊ တန်းချင်တန်း၊ ဆွဲချင်ဆွဲ လိုရာသုံးဆိုတဲ့ ကြိုးဆိုင်၊ ရက်ကန်းဆိုင်ဆိုင်းဘုတ်၊ မုန့်ဆိုင်၊ အုန်းသီးဆိုင်. . .

စတဲ့ ဆိုင်းဘုတ်တွေကို တွေ့ပြီး ရွာနာမည် ဆိုင်းဘုတ်ကိုတော့ ရှာမတွေ့ဘဲ ဖြစ်နေတယ်။

ထားလိုက်ပါတော့။ ရွာနာမည်က အရေးမှ မကြီးဘဲ။ ဗေဒ ရွာကို သွားရမယ့်ခရီးလမ်းကြောင်းကသာ အရေးကြီးတာ။

အဲဒါနဲ့ သင်က သင်သွားရမည့်လမ်းကြောင်းကို ဒီရွာက လူတွေ သိနိုင် လိမ့်မယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရွာက လူတွေကလည်း အခြားရွာတွေကို မဖြစ်မနေ ခရီးသွားရတဲ့လူတွေ ရှိမှာပေါ့။ ဟုတ်ဘူးလား။ အဲဒါဆိုရင် တစ်ရွာတစ်ခေါက်ဆိုတဲ့ စည်းမျဉ်းကိုလည်း နားလည်ကြလိမ့်မယ်။

သင်ကလည်း အနက်ရောင်အကွက်ကနေ စတင်သွားရမှာဆိုတော့ ဒီရွာက လူတွေရဲ့ ခရီးသွား လမ်းကြောင်းနဲ့လည်း တူညီနေတယ်။

အဲဒါကြောင့် ဘယ်သူ့ကိုမေးရင် ကောင်းမလဲဆိုပြီး သင်က လမ်းသွားလမ်းလာတွေကို လိုက်ကြည့်ရင်း အကဲခတ်နေရတယ်။

အားလုံးက သူ့အလုပ်နဲ့သူ ရှုပ်နေကြပုံရတော့ သင့်မေးပါကလည်း ပြန်ဖြေမယ့်လူတွေ မဟုတ်လောက်ဘူးလို့ သင်က တွေးမိတယ်။ ဒါနဲ့ ရှေ့ဆက်လျှောက်လာခဲ့ရာ လူသိပ်မရှိတဲ့  မုန့်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆိုင်ရှေ့ကို ရောက်သွားပါလေရော။

ဆိုင်ထဲကို လှမ်းကြည့်လိုက်တော့ အခြားဝိုင်းတွေမှာ လူရှင်းနေပြီး ဝိုင်းတစ်ဝိုင်းမှာတော့ လူငါးယောက်နဲ့ အတူ စားဖိုမှူးလို့ ထင်ရတဲ့ လူတစ်ဦးက မတ်တတ်ရပ်ပြီး စကားပြောနေတာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ သူတို့ထဲက တစ်ယောက်ယောက်ကို မေးကြည့်ရင် သိနိုင်တယ်လို့ သင်ကတွေးရင်း ဆိုင်ထဲကို ခပ်တည်တည်နဲ့ ဝင်ချလိုက်ရော။

အဲဒီအခါမှ သူတို့တွေ ပြဿနာတက်နေတဲ့အသံတွေကို စကြားရတော့တာပါပဲ။

"ကျုပ်တို့က ဒါကို ဘယ်လိုစားရမှာလဲဗျ"

မားကိုင်ထားတဲ့ လူကြီးက မေးလိုက်တာပါ။

သူ့ဘေးမှာ မတ်တတ်ရပ်နေတဲ့ စားဖိုမှူးက-

"ဟုတ်ကဲ့. . . ကျွန်တော့်ဆိုင်မှာ မုန့်ကလည်း ဒီ ၆ ခုပဲ ရှိတော့လို့ပါ"

"မင်းက ခြောက်ခုတည်းရှိတာ အကြောင်းမဟုတ်ဘူး ငါတို့က အခု ငါးယောက်၊ သူစိမ်းတွေ၊ မုန့်ကလည်း အသေးက လေးခု၊ အကြီးက ၂ ခုဆိုတော့ ဘယ်လိုလုပ်မလဲ"

စားပွဲပေါ်မှာ တင်ထားတဲ့ မုန့်သေး လေးချပ်နဲ့ မုန့်အကြီး နှစ်ချပ်ကို စားဖို့ ဝေစုခွဲနေကြတာပဲ။

စားဖိုမှူးကလည်း မုန့်ကုန်သွားတဲ့အတွက် မုန့်ခြောက်ခုသာ ကျန်တော့ကြောင်း မျှတဝေစားကြဖို့ တောင်းပန်စကား ဆိုနေတဲ့အသံကိုလည်း ကြားနေရတယ်။

"ဟ. . . ညီညီမျှမျှဖြစ်အောင် ငါတို့က ဘယ်လိုခွဲရမှာလဲကွ"




"ဟုတ်တယ်"

ကျန်တဲ့လူတွေကလည်း စားဖိုမှူးကို ကန့်ကွက်နေကြတော့ စားဖိုမှူးမှာ အတော်လေးကို အခက်တွေ့နေပုံရတယ်။ အားလုံးကလည်း ဆာလောင်နေကြတော့ အခြားဆိုင်တွေကိုတောင် မသွားချင်တော့ဘဲ ရှိတဲ့မုန့်ကိုသာ အလုအယက် စားချင်နေကြပုံပေါက်တယ်။

စားဖိုမှူးကလည်း လူငါးယောက်နဲ့ မုန့်ခြောက်ခုကို အညီအမျှခွဲဖို့ ကြိုးစားနေတယ်။

အဲဒီအချိန်မှာ စားသောက်မယ့် ငါးယောက်ကလည်း တစ်ဦးနှင့်တစ်ဦး သူက များနေပြီ၊ ငါကနည်းနေပြီဆိုပြီး အော်ဟစ်နေကြတာ ဆူညံနေတာပဲ။

ဒါနဲ့ သင်က သူတို့ရတဲ့မုန့်တွေကို လှမ်းကြည့်လိုက်ရာ အောက်ပါ အရွယ်အစားသဏ္ဌာန်တူ မုန့်ခြောက်ခုကို တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . အဲ့ဒီလိုလုပ်လို့ ငါရတဲ့အခြမ်းက နည်းနေရင် ဘယ်လိုလုပ်မလဲ"

စားဖိုမှူးက ခွဲခြမ်းပြီး ဝေစားဖို့ ပြင်ဆင်နေချိန်မှာ တစ်ယောက်တစ်ပေါက် စကားသံတွေက ထွက်မြဲအတိုင်း ထွက်လာနေတာပါ။

အဲဒီအချိန်မှာပဲ စားဖိုမှူးက သင့်ကို လှမ်းမြင်သွားပါလေရော. . .။

■

(၄)

"မုန့်ကုန်သွားပါပြီခင်ဗျာ"

သင်က စားဖိုမှူးကို ခေါင်းညိတ်ပြလိုက်ပြီးနောက် စားပွဲနားကို တိုးသွားလိုက်တယ်။

စားပွဲပေါ်က မုန့်တွေကို သင်က လှမ်းကြည့်လိုက်တာမြင်တော့ လူငါးယောက်ထဲက တစ်ယောက်က-

"ဒီမုန့်တွေကို ငါတို့အကုန်ယူထားတာ"

ဆိုပြီး လှမ်းပြောတယ်။

အခုအချိန်မှာ ဗိုက်ကလည်းဆာ ဝေစုကလည်း မတည့်ဖြစ်နေတဲ့ သည်လူတွေကို မေးချင်တာ မေးလို့ရမယ့်ပုံ မပေါ်ဘူးဗျ။ ဒီတော့ ဘာလုပ်မလဲ။ ပြန်ရုံပဲ ရှိတော့တာပေါ့။

အဲဒီလိုနဲ့ သင်က စိတ်ညစ်ညစ်နဲ့ ပြန်လှည့်ထွက်မလို့ပြင်လိုက်စဉ် တစ်စုံတစ်ခုကို သတိရသွားပြီး-

www.burmeseclassic.com

www.burmeseclassic.com




"ဒါနဲ့ ဒီမုန့်တွေက အလေးချိန် ဘယ်လောက်ရှိလဲ"

ဆိုပြီး သင်က စပ်စုလိုက်တယ်။

စားဖိုမှူးက ဘာလဲဟဆိုတဲ့ပုံစံနဲ့ သင့်ကို ကြည့်ပြီး-

"အသေးက ၁.၅ ဂရမ်လောက်ရှိမယ်။ အကြီးကတော့ ၁၂ ဂရမ်လောက် ရှိတယ်"

သင်က ချက်ချင်းပဲ ခေါင်းထဲမှာ အတွေးတစ်ခု ဖော်မိလိုက်တယ်။




"လူတစ်ဦးကို ၆ ဂရမ်ခွဲဝေပေးရင် အဆင်ပြေပြီပဲ"

သင့်ပါးစပ်က အဲ့ဒီလို ထွက်သွားတော့ သင့်ကိုယ်သင်တောင် မယုံနိုင်ပါဘူး။ အားလုံးကလည်း ကြောင်တောင်တောင် ဖြစ်သွားပြီး-

"ဟုတ်သားပဲ သူပြောတာ"



ဆိုပြီး စားဖိုမှူးက အလေးချိန်တဲ့စက်ကို ယူကာ တစ်ယောက် ၆ ဂရမ်စီ ချိန်ပြီး ခွဲပေးလိုက်မှသာ ပြဿနာက ပြီးသွားတော့တယ်။

အားလုံးက သင့်ကိုကျေးဇူးတင်စကားပြောပြီး မုန့်ကို အလုအယက် စားနေလိုက်ကြတာ. . .

သင့်ကို စားပါဦးလို့တောင် မခေါ်နိုင်ဘဲ ဖြစ်နေကြတယ်။

ထားပါတော့။ သင်ကလည်း ပြုံးရွှင်နေတဲ့ စားဖိုမှူးနားကပ်ပြီး သင်သိချင်တဲ့ ခရီးသွားလမ်းကြောင်းကို မေးမြန်းရသေးတယ်။

"ဟာ. . . ဒါတော့ ကျွန်တော် မသိဘူးဗျ။ ကျွန်တော်က ဒီဆိုင်နဲ့ ဒီရွာမှာပဲနေတာများတော့ လမ်းကြောင်းမသိဘူး"

ဟူး. . . သွားပါပြီ. . .။ ဒီလူနှယ်. . . ဒီရွာမှာနေပြီး မသိဘူးဆိုတော့. . .။ အဲဒီလို သင်က တွေးနေတုန်းပဲရှိသေး တယ် ခုနက မားကိုင်ထားတဲ့သူက ကြားသွားပြီး-

"ဘာဖြစ်နေကြတာလဲ"

"သူက ခရီးသွားလမ်းကြောင်း လာမေးနေလို့"

"ပြပါဦး"

စားဖိုမှူးက သင့်စာရွက်ကို ထိုသူလက်ထဲ ထည့်လိုက်တယ်။

"ဩော် ၆၄ ရွာ ခရီးသွားလမ်းကြောင်းလား"

www.burmeseclassic.com

www.burmeseclassic.com




"ဟုတ်. . . ဟုတ်ပါတယ်"

ထိုလူရဲ့ သိနေတဲ့ပုံစံကြောင့် ပျော်သွားပြီး-

"ဟာ. . ဒါဆို ကျုပ်လမ်းကြောင်းဆွဲပေးလိုက်မယ်။ စားဖို့မှူးက ဒီရွာကနေ ဘယ်မှမသွားဖူးတော့ ဘယ်သိမတုန်းဗျ။ ကျုပ်တို့ကမှ သွားတာဆိုတော့. . ."

စကားကို ရပ်လိုက်ပြီး သင်ရဲ့ စာရွက်ပေါ်မှာ မျဉ်းများကို ဆွဲလိုက်ပါတော့တယ်။




www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းသွား"

ဆိုပြီး စာရွက်ကို ပြန်ပေးတယ်။

သူဆွဲထားသောလမ်းကြောင်းကို ကြည့်လိုက်တော့ သူ့ဟာနဲ့သူတော့ ဟုတ်သားဗျ။

တစ်ရွာကိုတစ်ခေါက်ပဲ ဖြတ်တယ်။ လမ်းမရှိတဲ့ ရွာနှစ်ရွာကိုလည်း အခြားလမ်းကနေ သွားထားတယ်။ အဆင်ကို ပြေလို့။

"ဒါနဲ့ မိတ်ဆွေတို့ တိုဝေသီရွာကို သိပါသလား"

သင်ပြော တဲ့ရွာနာမည်ကြားတော့ သူတို့မှာ စဉ်းစားနေကြသေးတယ်။

နောက်မှ ခေါင်းခါပြပြီး-

"ရွာတိုင်း မရောက်ဘူးတော့ မသိဘူးဖြစ်နေတယ်"

ဒါဆို သင်သွားရမယ့် ရွာက တော်တော်လေး ဝေးပုံရတယ်ဗျ။ မဖြစ်ဘူး။ စီးဖို့ တစ်ခုခုတော့ ငှားသွားမှ ဖြစ်မယ်။ နို့မို့ဆို ခြေလျင်လျှောက်ရင် သေရချည်ရဲ့။

"ဒီရွာမှာ မြင်းငှားတဲ့နေရာတွေများ ရှိလားမသိဘူး"

"မရှိဘူးကွဲ့၊ အလုပ်တွေကိုယ်စီနဲ့ဆိုတော့ မြင်း၊ နွားလှည်း၊ စက်ဘီးတွေ လိုလို့တောင် ထပ်ဝယ်ဖို့ ငွေစုနေရတာ"

"ဪ. . ."

ဒါနဲ့ သင်လည်း သူတို့ကို လက်ဆွဲနှုတ်ဆက်ပြီး ဆိုင်ထဲက ပြန်ထွက်လာခဲ့တယ်။ သူ့တို့ ဆွဲပေးလိုက်တဲ့ လမ်းကြောင်းကို



အိတ်ထဲ ပြန်ထည့်ကာ လမ်းလျှောက်သွားရမယ့် ခရီးလမ်းကို တွေးရင်း စိုးရိမ်နေမိတယ်။

စိတ်ဓာတ်လည်း ကျလာတယ်။ ဒါနဲ့ သင်က ခုနကလို သင့်ချစ်သူရဲ့ ချောလှတဲ့ ဓာတ်ပုံလေးကို အိတ်ထဲကနေ ထုတ်ကြည့်ရင်း ရွာလမ်းမကြီးအတိုင်း ဆက်လျှောက်လာရာ သိပ်မကြာတဲ့ အချိန်မှာပဲ ရွာအစွန်ပိုင်းကို ရောက်လာခဲ့တော့တာပေါ့။

"ဝုန်း. . ."

ဟင်. . . ဘာသံလဲဟ။

ပြိုလဲကျသွားတဲ့အသံတွေကြောင့် ဓာတ်ပုံကို ကြည့်ရင်း လမ်းလျှောက်လာတဲ့ သင့်ရဲ့ မျက်လုံးတွေက အသံလာရာဆီကို ချက်ချင်းဆိုသလို ရောက်သွားတယ်။

"ဟင်. . ."

လဲပြိုမှုမြင်ကွင်းတစ်ခုကို တွေ့လိုက်ရတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com





စက်ဘီးစီးလာတဲ့ လူငယ်တစ်ဦးကို မြင်းလှည်းတစ်စီးက တိုက်မိပြီး ထွက်ပေါ်လာတဲ့ အသံတွေပါ။

မြင်းလှည်းက တိုက်တိုက်ချင်းပဲ အတင်းမောင်းပြေးသွားကာ ဖုန်တထောင်းထောင်းထပြီး ကျန်ခဲ့တာကြောင့် မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မမြင်ရဘဲ ဖြစ်နေတယ်။

တိုက်ခံရတဲ့ လူငယ်က မြေပြင်ပေါ်မှာ မှောက်လျက်သား ဖြစ်နေပြီး တိုက်သွားတဲ့ မြင်းလှည်းကို လှမ်းကြည့်နေတာ တွေ့ရတယ်။

မြင်းလှည်းမှာ ရှိတဲ့မြင်းလှည်းနံပါတ်ကို လိုက်မှတ်နေပုံရတယ်ဗျ။

"မြင်းလှည်းနံပါတ်ကို တွေ့လိုက်လား"

ခြံထဲကနေ အဖြစ်အပျက်အလုံးစုံကို လှမ်းမြင်လိုက်ရတဲ့ အဒေါ်ကြီးက လူငယ်ကို လှမ်းမေးလိုက်တဲ့အသံပါ။

"မတွေ့လိုက်ပါဘူး၊ မောင်းလိုက်တာမှ အတင်းကရောပဲ"

"အဒေါ်ကတော့ မြင်းလှည်းက ရှေ့နံပါတ်တစ်လုံးပဲ မှတ်မိလိုက်တယ်"

"ဘာနံပါတ်လဲ"

လူငယ်က မေးလိုက်တာမဟုတ်ပဲ အဖြစ်အပျက်အားလုံးကို မြင်လိုက်ရတဲ့ ဘေးကရပ်နေသည့် လူတစ်ဦးက ဝင်မေးလိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



လူပုံစံက အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နဲ့ဆိုတော့ အရူးတစ်ယောက်နဲ့တူနေတယ်။

"အရှေ့ဆုံးနံပါတ်က နံပါတ် (၁)ဆိုတာကိုတော့ အဒေါ် ကောင်းကောင်း မှတ်မိလိုက်တယ်"

အဒေါ်ကြီးက မေးတဲ့သူကို ပြန်မဖြေဘဲ လူငယ်လေး ကိုပဲ ပြန်ဖြေလိုက်တယ်။

"ဦးလေးဂဏန်းရော တွေ့လိုက်လား"

လူငယ်က ထိုလူ့ကို ပြန်မေးတယ်။

"အေး တွေ့လိုက်တယ်"

"ဟာ ဒါဆို ဘာနံပါတ်လဲ... ထိခိုက်ပျက်စီးမှုတွေ အတွက် အလျော်လိုက်တောင်းရမယ်"

"ဟဲ... ဟဲ"

တိုက်ခံရတဲ့ လူငယ်က ခြေထောက်နာသွားတဲ့အတွက် ထော့နဲ့ ထော့နဲ့နဲ့ ထလိုက်တယ်။

"ငါ သိတာကလည်း သင်္ချာလိုပဲ မှတ်လိုက်တာကွ"

"လာပြန်ပြီ ဦးဂဏန်းရယ်၊ ရိုးရိုးနံပါတ်ပဲ မှတ်ထားပါလား၊ အဲဒါကြောင့် ဦးဂဏန်းက ရူးနေတာ"

လူငယ်မှာ နာကလည်း နာ၊ စက်ဘီးကလည်း ပျက်စီးနဲ့ တော်တော်လေးကို စိတ်တိုနေပုံရတယ်။

တွေ့လား။ သင်ထင်တဲ့အတိုင်းပဲ လူကြီးက ရူးနေတာတဲ့။



လူငယ်လေးပြောပုံအရဆို သင်္ချာရူး ရူးနေတာပဲ။

လူငယ်မှာ မြင်းလှည်း ထိပ်ဆုံးနံပါတ်သာ သိထားပြီး နောက်နံပါတ်တွေ မသိရတော့ ဘယ်သူ့ကို အလျော်တောင်းလို့ တောင်းရမှန်းမသိ ဖြစ်နေတာပေါ့။

"ကဲဗျာ... ဦးဂဏန်း သိတာပဲပြောပြတော့"

"ငါ သိ တာ ဟုတ် လား"

"ဟုတ်တယ်"

"အင်း"

လေပေါ်မှာ တွက်ချက်သလိုလုပ်ပြီး လက်ကို ဝှေ့ယမ်းနေသေးတယ်။ ပြီးမှ-

"ဂဏန်းက ငါးခုရှိတယ်"

"ဟုတ်ပြီ"

"ရှေ့ဆုံးဂဏန်း ၂ လုံးနဲ့ နောက်ဆုံးဂဏန်းသုံးလုံး မြှောက်ရင် ဂဏန်းတူတာတွေကို နေရာမတူပဲ ပြန်ရတယ်"

"ဟင်... ဘာကြီးလဲ၊ ဦးဂဏန်း၊ ကျွန်တော်လည်း ရူးသွားဦးမယ်"

အခြား မျက်မြင်သက်သေ မရှိလို့သာ လူငယ်မှာ အားကိုး တကြီး မေးနေပုံရတယ်။

"ဒီလိုလေကွာ...."

"အင်း"

www.burmeseclassic.com

www.burmeseclassic.com



ဦးဂဏန်းက တုတ်တစ်ချောင်းကိုယူပြီး မြေကြီးပေါ်မှာ ရေးပြနေတယ်။

လူငယ်ကလည်း ခြေထောက် ထော့နဲ့ ထော့နဲ့နဲ့ မြေကြီးကို ကြည့်နေရတော့တာပေါ့။

သင်လည်း စိတ်ဝင်စားလာတာနဲ့ ခပ်လှမ်းလှမ်းကနေ ကြည့်နေမိတယ်။

"ဂဏန်းငါးလုံးမှာ ရှေ့ဆုံးဂဏန်းနှစ်ခုက ၅၇ ဆိုပါတော့. . ."

"ဟုတ်ပြီ"

"နောက်ဆုံး ဂဏန်းသုံးလုံးက ၈၃၄ ဆိုရင် . . . . မြှောက်ကြစို့"

၅၇ × ၈၃၄ = ၄၇၅၃၈

"၄၇၅၃၈ ရတယ်လေ"

"အဖြေထဲမှာ ရှေ့ကမြှောက်ခဲ့တဲ့ ဂဏန်းတွေ ပြန်မပါဘူးလား"

သူပြောမှာပဲ သေချာကြည့်မိတယ်။

ဟုတ်တော့ ဟုတ်သား။ အဖြေထဲမှာ ရှေ့ကဂဏန်းတွေကို အစဉ် အလိုက်မဟုတ်ပဲ ပြန်ပါနေတာကို တွေ့ရတယ်။ ၅, ၇, ၈,



၃, ၄. . .။ ၄, ၇, ၅, ၃, ၈. . .။

"အေး. . . အခု မြင်းလှည်းနံပါတ်က အရှေ့စာလုံး (၁) ဆိုတာ သေချာနေပြီ။ နောက်စာလုံးတွေက ငါပြောတဲ့အတိုင်း ရှေ့ဂဏန်း (၂)လုံးနဲ့ နောက်ဂဏန်း (၃)လုံးမြှောက်ရင် အဖြေမှာ မြှောက်ခဲ့တဲ့ဂဏန်းတွေ ပြန်ပါလာတဲ့ဟာ ဖြစ်လိမ့်မယ်ကွာ"

"ဟာဗျာ"

လူငယ်တင်မဟုတ်ဘူး၊ ကြားလိုက်ရတဲ့ သင်ပါ စိတ်နောက်သွားတယ်။

အရူး ကိုဂဏန်းကတော့ အဲဒီလိုပြောပြီး တုတ်ကို ဝှေ့ယမ်းကာ ထွက်သွားတော့တာပဲ။ ဘာတွေလဲ မသိဘူး။ ရေရွတ်သွားသေးတယ်။

လူငယ်လည်း ခေါင်းကုတ်လိုက် မြေကြီးကိုကြည့်လိုက်နဲ့ အလုပ်ရှုပ်သွားတယ်။

သင်လည်း စိတ်ဝင်စားသွားတာနဲ့-

"ခုနက လူကြီး ပြောသွားတာ ဟုတ်ရောဟုတ်ပါ့မလား"

ဆိုပြီး လူငယ်ကို လှမ်းမေးလိုက်တယ်။

လူငယ်က သင့်ကို တစ်ချက်ကြည့်ပြီး သူစိမ်းလို့ သိသွားတော့ အရူးဦးဂဏန်းအကြောင်းကို အနည်းငယ် ရှင်းပြတယ်။

"သူက ရူးနေတယ်ဆိုပေမယ့် ဂဏန်းသင်္ချာနဲ့ ပတ်သက်ရင် အမှန်ပဲပြောတယ်ဗျ။ နာမည်သာကြည့်တော့ ဦးဂဏန်းလို့

www.burmeseclassic.com

www.burmeseclassic.com



အမည်တွင်နေတာ၊ ဒါပေမယ့် သူက ဂဏန်းတွေကိုကြည့်ရင် သင်္ချာလို ခဏခဏမြင်၊ ကြည့်နေပြီး ပုံမှန်မဟုတ်ပဲ ပြောဆိုနေတော့ သူ့ကို အားလုံးက အရူးစာရင်းသွင်းလိုက်တာပေါ့"

"ဒါဆို သူပြောတာက အမှန်ပေါ့"

"အင်း. . . ဟုတ်တယ်၊ ဒါပေမယ့် အဖြေမသိတာတော့ ခက်တယ်"

"သူ့ကိုသွားမေးကြည့်ပါလား"

"အာ. . . အဲ့ဒီလိုသွားမေးရင် ဘယ်လိုမှ ဖြေမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"သူက တစ်ခွန်းပဲ ပြန်ပြောလိမ့်မယ်"

"ဘာတဲ့လဲ"

"ကိုယ့်ဘာသာကိုယ် အဖြေရှာတဲ့"

"အင်"

ဒါကတော့ သူပြောမှလားဆိုပြီး သင့်စိတ်ထဲ နည်းနည်းတော့ တင်းသွားတယ်။

ထားလိုက်ပါတော့။ ကိုယ်နဲ့ဆိုင်တာမှ မဟုတ်ဘဲ။

ဒါပေမယ့် ခက်တာက သူရှေ့က စက်ဘီးကို သင်က မျက်စိကျနေတာပါပဲ။

မြင်းငှားမရရင် စက်ဘီးတစ်စီးတော့ ရအောင်ငှားရမယ်။



ဒါမှအဆင်ပြေမှာ။

သင်တွေးနေတုန်းမှာပဲ စက်ဘီးနဲ့လူငယ်က မြေကြီးပေါ်မှာ ဟိုတွက်ဒီတွက် လုပ်နေတယ်။

ခုနက မြင်းလှည်းနံပါတ်ကို ကိုဂဏန်းပြောသည့်အတိုင်း တွက်ကြည့်နေပုံရတယ်။

ဒါနဲ့ သင်လည်း သူ့ဘေးနားမှာထိုင်ပြီး ရှေ့နှစ်လုံးနဲ့ နောက်သုံးလုံးပေါင်း ဂဏန်းများကို လိုက်တွက်ပေးနေမိတယ်။

ဒီလိုနဲ့ အချိန်တော်တော်ကြာသွားပြီးနောက်တွင် သီးသန့်နံပါတ် ၁၂ ခုလောက်ကို ရရှိခဲ့တယ်။

၁၄၉၂၆
၂၄၆၅၁
၄၂၆၇၈
၅၁၂၄၆
၅၇၈၇၄
၇၅၂၇၀
၇၈၆၂၄
၈၇၄၇၅
၇၂၉၇၆
၆၅၂၈၁
၆၅၉၈၇

www.burmeseclassic.com

www.burmeseclassic.com



၈၆၂၅၁

"ရှေ့ကန့်ပါတ်က (၁)ဆိုတော့ မြင်းလှည်းနံပါတ်က (၁၄၉၂၆)ပေါ့"

လူငယ်က အဖြေတွေကိုကြည့်ပြီး ဝမ်းသာအားရဖြစ်ကာ ထခုန်ပါလေရော။

"အား. . ."

ခြေထောက်နာနေတာကို သတိမမူမိတာကြောင့် ရုတ်တရက် ပြန်လဲကျသွားတော့. . .

သင်ကပဲ ပြန်ထူမ ပေးလိုက်ပြီး-

"လိုက်ပို့ပေးရမလား"

"ရပါတယ်၊ မိတ်ဆွေက ဘယ်ကိုသွားမလို့လဲ"

"တိုဝေသီရွာကိုပါ"

"အင်. . . ဒီအတိုင်း သွားမလို့လား"

ဘာမှမပါဘဲ ခရီးသွားနေတဲ့ သင့်ကိုကြည့်ပြီး လူငယ်က မေးလိုက်တာပါ။

"ဟုတ်တယ်. . . မြင်းကငှားမရတော့ နောက်ဆုံး လမ်းလျှောက်သွားမယ်ဆိုပြီး ထွက်လာတာ"

"ဟာ. . . ဘယ်ဟုတ်မလဲ၊ ကျွန်တော့်မှာ စက်ဘီးအသစ်တစ်စီး ရှိသေးတယ်။ ကိုယ့်ကိုကူညီထားတဲ့မိတ်ဆွေပဲ ငှားလိုက်ရမှာပေါ့။ စက်ဘီးတော့ စီးတတ်ပါတယ်နော်"



"စီးတတ်ပါတယ်"

ဘာပဲပြောပြော သင်ဝမ်းသာသွားတာကို ကြည့်ပြီး ထိုလူငယ်က ပီတိဖြစ်သွားပုံရတယ်ဗျ။

အဲဒါနဲ့ သူ့စက်ဘီးစုတ်လေးကိုတွန်းရင်းနဲ့ သူ့အိမ်မှာ စက်ဘီးလိုက်ယူဖို့ သင့်ကိုဖိတ်ခေါ်ပါတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

(၅)

"ကလင်. . . ကလင်"

စက်ဘီးဘဲလ်ကို တီးကြည့်လိုက်တယ်။

စက်ဘီးဘဲလ်သံနဲ့အတူ စက်ဘီးကို နင်းလိုက်တဲ့အခါ တိုးဝင်လာတဲ့လေပြည်များကို သင်က တဝကြီး ရှူရှိုက်နေမိတယ်။ ပျော်တာပေါ့။ သွားစရာ စက်ဘီးတစ်စီးရတော့ ခြေလျင်လျှောက်ရတာထက် ခရီးက ပိုရောက်တယ်။

အဲ. . . သင် ရွာနာမည်ကို မမေးမိလိုက်ဘူးမှတ်လား။ စက်ဘီး ဘယ်လို ပြန်ပေးမလဲ။

အင်းလေ. . . နေပါစေတော့။ အခုလို ပျော်နေတဲ့အချိန်မှာ အဲ့ဒါတွေ မတွေးပါနဲ့။ နောက်မှ ကြည့်ကျက်လုပ်ရမှာပေါ့။

"လာခဲ့မယ်
တိုဝေသီ
စောင့်ကြိုနေပြီ



နင်းလိုက်မယ်
သေပေ့စေ
မောနိုင်ဘူးလေ"

အလဲ့ သင်က အပျော်လွန်ပြီး ကဗျာတွေရွတ်လို့ပါလား။

အေးလေ။ ချစ်သူနဲ့တွေ့ရတော့မှာဆိုတော့ ဘယ်သူမပျော်ဘဲ ရှိနိုင်လို့လဲ။

အဲဒီလိုနဲ့ သင်က စက်ဘီးလေးနင်းပြီး ရွာကနေ ထွက်လာခဲ့တာ ညနေခင်းနေဝင်ရီတရော မဖြစ်တဖြစ် အချိန်လောက်ပေါ့။

မမှောင်ခင်မှာတော့ နောက်ထပ်ရွာတစ်ရွာ ရောက်မှဖြစ်မယ်။ ဒါမှ အဲ့ဒီရွာမှာ ညအိပ်ညနေ နေလို့တည်းလို့ရမှာ။

တစ်ရွာနှင့်တစ်ရွာကလည်း တောအုပ်ကိုဖြတ်သန်းရတဲ့ လမ်းတစ်လမ်းသာ ကွာဝေးတော့ သိပ်မဝေးလှပါဘူး။

ဒါပေမယ့် ကံဆိုးချင်တော့ နောက်တစ်ရွာ ရောက်ခါနီး (လှမ်းမြင်နေရသည့်အချိန်)မှာပဲ မိုးကရွာချလိုက်ပါတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၆)

စက်ဘီးကို အားကုန်နင်းရင်း ရွာထဲကို ခပ်မြန်မြန် ဝင်လိုက်တယ်။ မိုးဖွဲဖွဲလေးကျနေတဲ့ကြားကပင် ရွာနာမည်ဆိုင်းဘုတ်ကို ကြည့်မိတော့-

**တလုရွာ**

တဲ့။

ဘာအဓိပ္ပာယ်မှန်းမသိပေမယ့် ချစ်သူ့ရဲ့ရွာမဟုတ်တော့ သင် စိတ်ပျက်သွားတာပေါ့။

ဒါပေမယ့် ခရီးကလည်း ပင်ပန်းလာ၊ မိုးလည်းချုပ်ခါနီးဆိုတော့ ဒီရွာမှာ တစ်ညအိပ်ရတော့မယ်။

မိုးနဲ့အတူ လေကပါ နည်းနည်းကြမ်းလာတော့ ထီးမပါဘဲ ရွာသူရွာသားတွေက နီးစပ်ရာကို ပြေးဝင်ပြီး မိုးခို နေတာကို တွေ့ရတယ်။



သင်လည်း စက်ဘီးပေါ်ကနေ မိုးဝင်ခိုနေတဲ့ လူ တစ်ယောက်ကို-

"ဒီရွာက တည်းခိုခန်း ဘယ်မှာရှိလဲ၊ လမ်းညွှန်ပေးပါဦး"

ပြေးနေတဲ့လူလည်း ခေတ္တတန့်သွားပြီး-

"တည့်တည့်သွား၊ ပန်းခြံတစ်ခု တွေ့လိမ့်မယ်၊ ကြိုက်တဲ့အပေါက်ဝင်ပြီး ကြိုက်တဲ့အပေါက်ကနေ ပြန်ထွက်လိုက်ရင် လမ်းတွေ့လိမ့်မယ်။ ညာချိုးလိုက် တည်းခိုခန်းပဲ"

လို့အော်ရင်း သစ်ပင်အောက်ကို မိုးခိုဖို့ လှမ်းဝင်သွားတယ်။

သင့်တစ်ကိုယ်လုံးလည်း မိုးစိုနေပြီပဲ။ တည်းခိုခန်းရောက်မှပဲ အနားယူလိုက်တော့။ နို့မို့ဆိုရင် အအေးပတ်ပြီး ဖျားနေဦးမယ်။ ကဲ. . . ဒီတော့ ခုနကလူ ပြောလိုက်တဲ့ လမ်းညွှန်အတိုင်းပဲ စက်ဘီးကို တည့်တည့်နင်းလာခဲ့ဗျာ။

ခဏကြာတော့ ထိုသူပြောလိုက်တဲ့ ပန်းခြံကို တွေ့ရတယ်။ ပန်းခြံက ရွာအလယ်မှာ ဖွင့်ထားပြီး ပြုပြင်ထိန်းသိမ်းခြင်း မရှိတော့ ပန်းခြံဟောင်းတစ်ခု ဖြစ်နေတာပေါ့။ မိုးကလည်း ရွာထားတော့ ရွှံ့ဗွက် နည်းနည်း ထနေတယ်။

ဝင်ပေါက်ကလည်း အများကြီးရှိပြီး ဝင်ပေါက်တစ်ခုစီ မှာ အင်္ဂလိပ်စာလုံးတွေ ရေးထားတယ်။

ဒါနဲ့ သင်က B လို့ရေးထားတဲ့ ဝင်ပေါက်ကနေ ရွံ့များကို ရှောင်ရင်း စက်ဘီးကို နင်းလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံထဲမှာက အဆောက်အဦနှစ်ခုကိုပဲတွေ့ရပြီး ပန်းခြံနဲ့တူတာဆိုလို့ ဘာမှမရှိဘူး။ ဂိတ်ပေါက်တွေပဲ တွေ့ရတယ်။

စက်ဘီးကိုနင်းရင်းနဲ့ မကြာမီမှာ BB ဆိုတဲ့ ဂိတ်ပေါက်ကို တွေ့ရတော့ စက်ဘီးနင်းပြီး ပြန်ထွက်လိုက်ရာ လမ်းတစ်ခုကို တွေ့လိုက်ရတယ်။

အဲဒီနောက် ညာဘက်ကို ချိုးလိုက်တော့-

# တလုတည်းခိုခန်း

ဆိုပြီး တည်းခိုခန်းတစ်ခုကို တွေ့ရတော့တယ်။

ခုနက နင်းနေတဲ့နှုန်းထက် ပိုနင်းပြီး တည်းခိုခန်းရှေ့မှာ စက်ဘီးကို ခပ်မြန်မြန် ရပ်လိုက်တယ်။ မိုးကလည်း စို၊ ဗိုက်ကလည်း ဆာနေပြီကိုး။

စက်ဘီးပေါ်ကဆင်းပြီး တည်းခိုခန်းထဲဝင်ကာနီး သင့်စက်ဘီးကို တစ်ချက်ကြည့်လိုက်တော့. . . ဟာဗျာ စက်ဘီးတစ်ခုလုံး ရွှံ့တွေက နည်းတာမဟုတ်ဘူး။ ညစ်ပတ်နေတာပဲ။

မနက်ကျမှ ဆေးတော့မယ်ဆိုပြီး သင်ကတော့ တည်းခိုခန်းထဲ ဝင်သွားတော့တာပါပဲ။ အေးလေ. . . မနက်ကျရင် အချိန်ရပါသေးတယ်။

■

(၇)

"အခန်းတစ်ခန်းလောက် လိုချင်လို့ပါ"

ကောင်တာမှာ ထိုင်နေတဲ့လူကို သင်က လှမ်းပြောလိုက်တယ်။

"တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

ထိုသူက အခန်းသော့တစ်ခုကို ပေးပြီး-

"ဘယ်နှရက်တည်းမှာလဲ"

"တစ်ညတည်းပါ မနက်ဖြန်ဆိုရင် ပြန်ထွက်မှာပါ"

"ဪ. . ."

အဲဒီလိုမေးပြီး ပြန်ထိုင်နေပြန်တယ်။

"တစ်ခုခုစားဖို့ရလား"

"ကြက်သားကင်နဲ့ ထမင်းပဲရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဖြစ်ပါတယ်၊ တစ်ပွဲလောက်စီစဉ်ပေးလို့ရမလား"

"အင်း. . . စီစဉ်ထားမယ်လေ"

"ရေချိုးမယ်ဆိုရင် အခန်းထဲမှာပဲ ချိုးလို့ရလား"

"ရတယ်"

သင်လည်း ဘာမှဆက်မမေးတော့ဘဲ အထုပ်ကိုဆွဲပြီး အပေါ်တက်မလို့ ပြင်လိုက်တယ်။

ဟာ. . . နေဦးလေ။

တိုဝေသီရွာ ဘယ်မှာရှိလဲ ဘာလဲတောင် မမေးကြည့်တော့ဘူးလား။

သူ. . . သိလိုသိငြားပေါ့။ အဲ့ဒါနဲ့ သင်က ထိုလူဘက်ပြန်လှည့်ပြီး-

"ဒါနဲ့ တိုဝေသီရွာကို တော်တော်သွားရသေးလား"

"ဘယ်ရွာ"

"တိုဝေသီရွာပါ"

"တိုဝေသီ. . . တိုဝေသီ"

ပါးစပ်ကနေ ရေရွတ်နေတယ်။

ဒီလူကြီးလည်း သင်မေးတဲ့ရွာကို မသိဘူးထင်တယ်။

ဒါပေမယ့် သင်က လူလည်ဗျ။


ဪ ရွာရဲ့ပုံကို ထုတ်ပြလိုက်တယ်။



အဲ့ဒီအခါမှ ကောင်တာက လူက နားလည်သွားပြီး ခဲတံယူကာ သင့်စာရွက်ပေါ်မှာ ဟိုခြစ်ဒီခြစ် လုပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com




□ ရွာ

── ရွာလမ်းများ

■ တောအုပ်ကိုဖြတ်သွားရင် နောက်တွေ့မယ့်ရွာ

⊡ တီရွာ



ပြီးမှ သင့်စာရွက်ကို ပြန်ပေးပြီး-

"လေလေရွာပတ်လည်မှာရှိတဲ့ ရွာတွေထဲက တစ်ရွာရွာ ဟာ တိုဝေသီရွာပဲ"

"ဟင်. . . တကယ်"

"ဘာလဲ. . . ကျုပ်ကို မယုံလို့လား၊ လေလေရွာမှာက ကျုပ်မိတ်ဆွေ ရှိတယ်။ သူက သူတို့ဘေးပတ်ဝန်းကျင်က ရွာတွေ အကြောင်း ပြောပြဖူးတော့ ကြားဖူးနေတာ၊ မိတ်ဆွေမေးလိုက်တော့ ရုတ်တရက်ပြန်စဉ်းစားနေရတာ"

"ဒါဆို မြားထိုးထားတဲ့ရွာရဲ့ ဘေးရွာတွေထဲက တစ်ရွာ ပေါ့"

"ဟုတ်တယ်"

ရင်ထဲမှာ ဝမ်းသာလွန်းသောကြောင့် ခုနက နွမ်းနေသော စိတ်များပင် ဘယ်ရောက်သွားမှန်းမသိတော့။

အခုအတိုင်းဆိုပါက ရွာတွေကို တောက်လျှောက် မပတ်ရ တော့ပဲ တိုဝေသီရွာရောက်ရင် သင့်ရွာကို ပြန်ကွေ့လာလို့ရပေပြီ။

သင်လည်း ကောင်တာက လူကြီးကို နှုတ်ဆက်ပြီး တည်းခို ခန်းအပေါ်ထပ်ကို မြူးတူးပျော်ပါးစွာ ပြေးတတ်လိုက်တော့တာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com



ထပ်ကို ရှေ့ကနေ ပြေးတတ်လိုက်လေ၏။

သူ၏နောက်တွင် ကျွန်တဲ့လူများကလည်း လိုက်လာကြလေသည်။ ထိုလူများမှာ ဒီရွာ၏ ပုလိပ်များဖြစ်သည်။

■

(၈)

ကောင်းကင်တွင် မိုးမရွာတော့သော်လည်း တိမ်မည်းတွေက ပြေးလွှားနေသည်။

သန်းခေါင်ကျော်ပြီးနောက် မိုးလင်းခါနီး တလုတည်းခိုခန်းရှေ့၌ လူတစ်စုသည် တည်းခိုခန်းပိုင်ရှင်ကို စစ်မေးနေလေ၏။

"ဒါ ခင်ဗျားစက်ဘီးလား"

တည်းခိုခန်းရှေ့တွင် ရပ်ထားသောစက်ဘီးကို လက်ညှိုးထိုးပြီး မေးလိုက်လေ၏။

"မဟုတ်ပါဘူး ပုလိပ်ကြီးရာ၊ ဒါ. . . ဒီမှာလာတည်းနေတဲ့ ဧည့်သည့်တစ်ယောက်ရဲ့ စက်ဘီးပါ"

"အဲဒီလူ ဘယ်အခန်းမှာတည်းနေလဲ"

"အခန်း-----မှာ တည်းနေတယ်"

"လိုက်ပြစမ်း"

တည်းခိုခန်းပိုင်ရှင်မှာ အထိတ်တလန့်ဖြစ်နေပြီး အပေါ်

www.burmeseclassic.com

www.burmeseclassic.com

## (၉)

"ဒေါက်. . . ဒေါက်"

ထဉီး. . . ထဉီး၊ အပြင်မှာ တံခါးခေါက်နေတယ်။

တစ်နေကုန် စက်ဘီးနင်းလာရတော့ ကိုယ်တွေလက်တွေ ကိုက်ခဲပင်ပန်းပြီး အိပ်ကောင်းနေချိန်မှာ ဆူဆူညံညံ တံခါးက ခေါက်တော့ သင် စိတ်တိုသွားတာပေါ့။

ချက်ချင်း မထသေးဘဲ စောင်ထဲမှာ မှေးနေလိုက်သေးတယ်။ အခြားအခန်းကို တံခါးခေါက်တာလည်း ဖြစ်ချင်ဖြစ်နေနိုင်တာပဲ။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

အသံက ခုနကထက် ပိုပြင်းလာတယ်။ ဒါဆို သေချာနေပြီ သင့်အခန်းကို တံခါးလာခေါက်နေတာပဲ။

အဲဒီတော့ သင်က ခုတင်ပေါ်က ထမလို့ ပြင်ကာ ရှိသေးတယ်။ အခန်းတံခါးပွင့်သွားပြီး ကောင်တာက လူနဲ့ အခြားလူများ ရုတ်တရက် ဝင်လာကြတယ်။



ဟင်. . . ဘာဖြစ်ကြတာပါလိမ့်။ နည်းနည်းတော့ ထိတ်လန့်သွားတယ်။

"အောက်က စက်ဘီးက သင့်စက်ဘီးလား"

"ဟုတ်ပါတယ်"

မေးတဲ့သူသည် ကျန်တဲ့လူများကို မျက်စပစ်လိုက်ပြီး-

"သူ့ကိုဖမ်းလိုက်ပါ"

"ဟင်. . ."

သင် ကြောက်လန့်တကြားနဲ့ နောက်ဆုတ်လိုက်ပြီး-

"ဘာအပြစ်ရှိလို့. . . ဘာဖြစ်လို့ ဖမ်းတာလဲ"

"ဦးသကို သတ်တယ်လို့ သံသယရှိတဲ့အတွက် ဖမ်းတာပါ"

"ဘယ်က ဦးသလဲ သိတောင်မသိဘူး"

သင်ဘယ်လိုပဲငြင်းငြင်း သင့်ကို လူသုံးယောက်က ဖမ်းချုပ်လိုက်တယ်။

ထွက်ပြေးဖို့ ရှန်းကန်သော်လည်း အချည်းအနှီးပါပဲ။ ဦးသ. . . ဦးသ. . . ဦးသ. . .။

စိတ်ထဲက ရေရွတ်မိတယ်။ ဒါပေမယ့် သူကိုသတ်ဖို့ နေနေသာသာ နာမည်တောင် မကြားဖူးဘူး။

ဘာပဲဖြစ်ဖြစ် သင်သည် ထိုလူများ ဖမ်းခေါ်ရာနောက်ကို ပါသွားပါတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

ရွာရဲ့ အချုပ်ခန်းထဲမှာ သင်အပါအဝင် လူလေးယောက်က ဦးသကို သတ်တဲ့အမှုနဲ့ ဖမ်းခံထားရတယ်။

စုံစမ်းကြည့်တော့ ရွာထဲအဝင်မှာ ပန်းခြံ အဟောင်းတစ်ခုကို စက်ဘီးနဲ့ ဖြတ်သန်းလာခဲ့တာကို မှတ်မိဦးမှာပေါ့။

ဟုတ်တယ်။ အဲဒီပန်းခြံထဲမှာ သေနေတဲ့ ဦးသအလောင်းကို တွေ့ရတော့ ပုလိပ်တွေက စစ်ကြတာပေါ့။ အဲဒီအခါမှာ ဦးသအလောင်းနားက ဖြတ်သွားတဲ့ ခြေရာတွေထဲမှာ စက်ဘီးတစ်စီး ဖြတ်သွားတဲ့အရာတွေကို တွေ့ရတဲ့အတွက် သင့်ကို မသင်္ကာဖြစ်ပြီး လာဖမ်းကြတာတဲ့။

"ဒီရွာမှာ အခြားစက်ဘီးတွေ မရှိတော့ဘူးလား"

သင့်ကို ရှင်းပြနေတဲ့ ဆံပင်အနီနဲ့ လူကို သင်က မေးလိုက်တယ်။



"မရှိဘူး. . . တစ်ရွာလုံး မြင်းပဲစီးကြတာ"

ထားလိုက်ပါတော့။

"သတ်ခံရတာ ဘယ်အချိန်လဲ"

"သန်းခေါင်ယံမှာလို့ ပြောတယ်"

"ဟာ. . . ဒါဆို တည်းခိုခန်းကလူကြီး သက်သေလိုက်ပေးလို့ရတယ်"

သင်ဝမ်းသာအားရ ပြောလိုက်သော်လည်း ဆံပင်အနီနှင့်လူက-

"ကျုပ်လည်း သန်းခေါင်မတိုင်ခင် မိနစ် ၃၀ အလိုမှာ အိမ်ကို ရောက်နေပြီလို့ ပြောတာပဲ၊ ဘယ်လိုမှ လက်မခံပဲ အခုလို ဖမ်းခံနေရတာ"

ဒါပေမယ့် ဒွိဟဖြစ်နေတာတစ်ခုတော့ ရှိတယ်။

ဒါ့ကြောင့်-

"တစ်ခုမေးပါရစေ"

"မေးလေ"

"ဒီထဲမှာရှိတဲ့ လူလေးယောက်လုံးရဲ့ ခြေရာတွေက ပန်းခြံအဟောင်းထဲမှာ တွေ့လို့လား"

ဆံပင်အနီနှင့်လူက သက်ပြင်းတစ်ချက်ချလိုက်ပြီး-

"အင်း တွေ့တယ်"

"ဟာ. . . ဒါဆို ဦးသအလောင်းနဲ့ကပ်ရပ် ခြေရာက

www.burmeseclassic.com

www.burmeseclassic.com



တရားခံရဲ့ ခြေရာပဲပေါ့"


"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ဒီကပုလိပ်တွေ မှတ်နေတုန်းမှာ မိုးထပ်ရွာချလိုက်တော့ ခြေရာတွေက အကုန်ပျက်ကုန်တယ်"

"ဟင်. . . ဒါဆို"

"သူတို့မှတ်မိတာတစ်ခုပဲ ရှိတယ်"

"ဘာမှတ်မိတာလဲ"

ဆံပင်အနီနဲ့လူက အချုပ်ခန်းထဲမှာ ရေးခြစ်စရာ မြေကြီးခဲလေးတစ်ခုတွေ့တော့ လှမ်းယူလိုက်ပြီး ကြမ်းပြင်တွင် ပုံတစ်ခုဆွဲပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ပန်းခြံပုံ၊ ဂိတ်နာမည်တွေနဲ့"

"အင်း"

"ဦးသအလောင်းကို ကြယ်ပွင့်ပြထားတဲ့နေရာမှာ တွေ့တာ" သေချာကြည့်လိုက်တယ်။

"ဒါဆို ဦးသက ဂိတ်အမှတ် D ကနေဝင်ပြီး ကြယ်ပွင့်ပြထားတဲ့နေရာမှာ သေဆုံးတယ်ဆိုတဲ့သဘောပေါ့"

"ဟုတ်တယ်၊ ကျုပ်လမ်းကြောင်းဆွဲပြထားတဲ့ D ဆိုတဲ့ ဂိတ်အတိုင်း ဝင်လာတယ်လို့ ပုလိပ်တွေက ပြောတယ်"

"အင်း"

"နောက်ပြီး မိတ်ဆွေရဲ့ စက်ဘီးခြေရာက B ဂိတ်ကနေ ဝင်ပြီး BB ဂိတ်ကနေ ပြန်ထွက်သွားတယ်"

"အဲ့ဒါဟုတ်တယ်"

"ကျုပ်ကတော့ ပန်းခြံထဲက အိမ်မှာနေတဲ့အတွက် ပုံထဲမှာ EE ဆိုတဲ့ အိမ်တွေ့လား"

"တွေ့တယ်"

"အဲ့ဒီအိမ်ကို သန်းခေါင်မတိုင်ခင် မိနစ် ၃၀ အလိုမှာ E ဂိတ်ပေါက်ကနေ ဝင်တယ်"

"အင်း"

"နောက်လူတစ်ယောက်ဖြစ်တဲ့ ဆံပင်အတိုနဲ့ လူတွေ့လား" အချုပ်ခန်းထောင့်မှာထိုင်နေတဲ့ လူတစ်ယောက်လို ပြပြီး-



"တွေ့ပါတယ်"

"သူ့ခြေရာတွေကတော့ ဂိတ်ပေါက် A ကနေဝင်ပြီး ဂိတ်ပေါက် AA ကနေ ပြန်ထွက်သွားတယ်လို့ ဖော်ပြနေတယ်"

"စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ"

"ကျန်တဲ့လူ. . . ကုတ်အင်္ကျီနဲ့လူတွေ့လား"

လှဲအိပ်နေတဲ့လူကို မေးငေါ့ပြပြန်တယ်။

"အင်း. . . တွေ့တယ်"

"သူ့ခြေရာတွေကတော့ ဂိတ်ပေါက် C ကနေ ဝင်ပြီး ဂိတ်ပေါက် CC ကနေ ပြန်ထွက်သွားတယ်"

"သူတို့ခြေရာတွေမှန်း ပုလိပ်တွေက ဘယ်လိုသိလဲ"

"ဒါကတော့ လွယ်လွယ်လေးပါ။ ပန်းခြံထဲမှာရှိတဲ့ မြေကြီးနဲ့ ရွာထဲကမြေကြီးက မတူဘူးလေ။ ဒီတော့ တစ်အိမ်တက်ဆင်း ဖိနပ်တွေ လိုက်ကြည့်ရင်တောင် ဘယ်သူတွေ ဖြတ်သွားခဲ့လဲဆိုတာ သိတယ်"

"ဖိနပ်ဆိုဒ်တွေနဲ့ ခြေရာတွေကို ခွဲခဲ့တာပေါ့"

"ဟုတ်တယ်"

"ဒုက္ခပါပဲ. . . မိုးကလည်း ရွာ၊ ခြေရာတွေမရှိတော့ မသတ်ဘဲနဲ့ အဖမ်းခံရတော့မယ်"

သင် စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲ။ မိုးဘာတွေတ လည်း သင် ဘယ်ထွက်သွားမှန်း မသိ။ ချစ်သူရွာကလည်း ဝေးလား

www.burmeseclassic.com

www.burmeseclassic.com



နီးလား မသိနဲ့ အချုပ်ခန်းထဲမှာ ရင်တထိတ်ထိတ်နဲ့ နေနေရတာ ပေါ့။ ဒါပေမယ့် အခုကိစ္စက သင်ကလည်း မသတ်ထားဘူးဆိုတော့ လွတ်လမ်းတော့ ရှိသေးတယ်။ ပြီးတော့ ချစ်သူ. . .။

သင်လာမှာကိုမျှော်နေမယ့် သူ့ရဲ့ပုံရိပ်ကလေးကို တွေးပြီး သင်က တဖြည်းဖြည်း ဝမ်းနည်းလာတယ်။

"တစ်ခုတော့ ရှိတယ်မိတ်ဆွေရဲ့. . . ခြေရာတွေပျက် သွားတယ်ဆိုပေမယ့်လည်း သူတို့ပြောတဲ့ပုံအရဆိုရင် ခြေရာတစ်ခု နဲ့တစ်ခုတော့ မဖြတ်ဘဲနဲ့ သူလမ်းကြောင်းသူ သွားတာတဲ့"

"ဘယ်လို"

နားနည်းနည်း ရှုပ်ထွေးသွားတယ်။ ဘယ်လို မဖြတ်တာပါ လိမ့်။

"ဒီလိုလေ. . . ဆံတို့ရဲ့ခြေရာ၊ ကျုပ်ရဲ့ခြေရာ၊ ကုတ်အင်္ကျီ နဲ့ လူရဲ့ခြေရာ၊ မိတ်ဆွေရဲ့စက်ဘီးရာတွေက သတ်သတ်စီ သွားနေ ကြတာတဲ့။ ခြေရာတစ်ခုနဲ့တစ်ခု ဖြတ်သွားခြင်း ရှုပ်နေခြင်း မရှိ ဘူးတဲ့"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်၊ သူတို့ အဲ့ဒီလိုပြောနေကြတာပဲ၊ ဒါ့ကြောင့် သူတို့လည်း ခြေရာလမ်းကြောင်းကို အသည်းအသန် ပြန်စဉ်းစား နေကြတာပေါ့. . . ဟိုမှာကြည့်ပါလား"

ဆံပင်အနီနှင့်လူက အချုပ် ခန်းအပြင်ကို လက်ညှိုးထိုး




ပြတယ်။

ဟုတ်ပါရဲ့။ ပုလိပ်တွေ ခေါင်းချင်းဆိုင်ပြီး အလုပ်ရှုပ် နေတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com





“ခြေရာလမ်းကြောင်းကို ပြန်ဆွဲနိုင်ပြီဆိုရင် သတ်တဲ့လူလည်း ပေါ်ပြီပေါ့”

“ဟုတ်တယ်”

ဘာပဲပြောပြော သင့်အတွက် မျှော်လင့်ချက်တစ်ခုတော့ ပေါ်လာပြီ။

တကယ်လည်း သင်က ဦးသကို သတ်တဲ့လူမှ မဟုတ်ဘဲ။

ဒါပေမယ့် သင်နဲ့အတူတူရှိနေတဲ့ လူသုံးယောက်ထဲက တစ်ယောက်ယောက်ကတော့ လူသတ်တရားခံဖြစ်နိုင်တယ်။

ဆံပင်အနီနှင့်လူ။ သူကတော့ အိမ်ကိုသန်းခေါင်မတိုင်မီ ပြန်ရောက်တယ်ဆိုတော့ လူသတ်သမားဖြစ်ဖို့ ရာခိုင်နှုန်းနည်းတယ်။ ဒါပေမယ့် ပြောလို့ မရဘူး။

ဒါဆို . . .

ဆံပင်အတိုနဲ့လူလား၊

ကုတ်အင်္ကျီနဲ့လူလား။

ခုနက မြေကြီးခဲကိုယူလိုက်ပြီး တစ်ဖက်ပါအံတိုင်း သင် ချရေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**သင်** - B ဂိတ်အပေါက်က ဝင်၊ BB ဂိတ်အပေါက်က ထွက်။

**ဆံပင်အနီနှင့်လူ** - E ဂိတ်အပေါက်က ဝင်၊ EE အိမ်ကိုဝင်။

**ဆံပင်အတိုနှင့်လူ** - A ဂိတ်အပေါက်က ဝင်၊ AA ဂိတ်အပေါက်က ထွက်။

**ကုတ်အကျႌနှင့်လူ** -C ဂိတ်အပေါက်က ဝင်၊ CC ဂိတ်အပေါက်က ထွက်။

ခြေရာတစ်ခုနဲ့တစ်ခု မရှုပ်ထွေး မဖြတ်သန်းဘဲ သူ့ လမ်းကြောင်းနဲ့သူသွားဆိုတော့. . . ။



ဆံပင်အနီနဲ့လူ ဆွဲထားတဲ့ ပန်းခြံပုံမှာ လမ်းကြောင်းတွေကို ဟိုဆွဲဒီဆွဲလုပ်ရင်း တစ်ဦးချင်းစီရဲ့ ခြေလှမ်းတွေကို ရှာဖွေနေမိတာပါ။ ဒါ့အပြင် အပြင်က ပုလိပ်တွေ ငြင်းခုံနေတာကိုလည်း ကြားနေရတယ်။ ဒီကိစ္စဟာ သင်ရဲ့ ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေနိုင်တာကြောင့် သင်သည် မဖြစ်မနေ အဖြေတစ်ခုတော့ ရမှဖြစ်မယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"မဟုတ်သေးဘူး... မဟုတ်သေးဘူး"

အပြင်က အော်သံတွေကြောင့် သင် လန့်နိုးသွားတယ်။

လမ်းကြောင်း အဖြေရှာရင်းနဲ့ ဘယ်အချိန်ကနေ ဘယ်လို အိပ်ပျော်သွားမှန်း မသိချေ။

သင့်ဘေးမှာ ဆံပင်အနီနဲ့လူက သင်ဆွဲထားတဲ့ လမ်းကြောင်းတွေကို ဖျက်လိုက် ပြန်ဆွဲလိုက်လုပ်နေတာကို တွေ့ရတယ်။

"မိတ်ဆွေ နိုးပြီလား"

"ဟုတ်"

သင်က ပုံဆွဲထားတဲ့ ကြမ်းပြင်နားမှာပဲ အိပ်ပျော်သွားတာကြောင့် ပြန်ထထိုင်လိုက်တယ်။

ပြီးနောက် ဆံပင်အနီနဲ့လူ ဆွဲထားတဲ့ လမ်းကြောင်းတွေကို ကြည့်ပြီး-



"အဖြေရသွားပြီလား"

"တစ်ခုလိုနေတယ်"

"ဟင်... ဘာလိုနေတာလဲ"

တစ်ခုပဲ လိုတော့တယ်တဲ့။

သင့်မျက်လုံးတွေ ဝင်းလက်သွားပြီး စိတ်လည်း လှုပ်ရှားသွားတယ်

"မိတ်ဆွေ... ပန်းခြံထဲကို ဖြတ်ခဲ့တဲ့လမ်းကြောင်းကို မှတ်မိသေးလား"

"ပန်းခြံထဲဖြတ်ခဲ့တဲ့လမ်းကြောင်း... ဟုတ်လား"

"အင်း"

ဟုတ်ပါရဲ့ သင်ဖြတ်ခဲ့တဲ့လမ်းကြောင်းကို သူမှ မသိဘဲ။ တကယ်တော့ သင်လည်း ပြန်တွေးကြည့်တော့...

စက်ဘီးကို ဒီလိုပဲ နင်းလာခဲ့တာပဲ။ ကွေ့သည်၊ တည့်တည့်သွားသည် အဲဒီလိုတော့ ဘယ်လိုလုပ် မှတ်မိနိုင်ပါ့မလဲ။

ဒါပေမယ့် သင်က သူဆွဲထားတဲ့ပုံကို တစ်ချက်ကြည့်လိုက်တယ်။ အဲဒီအချိန်မှာပဲ သင့်မျက်လုံးတွေထဲမှာ မလွဲမှားနိုင်တဲ့ လမ်းကြောင်းနှစ်ခု စတွေ့လိုက်ရတော့တာပါပဲ။

ပြီးတော့ ဘယ်သူ လူသတ်တရားခံလဲဆိုတာကို လမ်းကြောင်းမှာ အထင်းသား ပေါ်နေတယ်။

နေဦး... ဘယ်သူလဲဆိုတာ မပြောလိုက်နဲ့ဦး။

www.burmeseclassic.com

www.burmeseclassic.com



ဒီအထဲမှာ ပြောပြရင် သင့်အတွက် အန္တရာယ် ရှိနိုင်တယ်။

ဒီတော့. . .။

■

## (၁၂)

"ဒီမှာ. . . ဒီမှာ"

စားပွဲပေါ်ရှိ စာရွက်တွေကိုကြည့်ပြီး အဖြေရှာနေကြတဲ့ ပုလိပ်တွေကို သင်က လှမ်းခေါ်လိုက်တာပါ။

"ဘာလုပ်မလို့လဲ၊ ဒီလောက်ခေါ်နေတာ"

"အပေါ့သွားချင်လို့"

ပုလိပ်တွေက သင့်ကို မသက်သာသလို ကြည့်တယ်။

သင်က အပေါ့သွားချင်သလို နည်းနည်းလေး ဟန်ဆောင်လိုက်တော့ သူ့ရှေ့က တပည့်တစ်ယောက်ကို သွားဖွင့်ခိုင်းတယ်။

"သွားဖွင့်ပေးပြီး နောက်ဖေးကို ခေါ်သွားလိုက်ကွာ"

"ဟုတ်ကဲ့"

အချုပ်ခန်းတံခါးကို လာဖွင့်ပေးပြီး သင့်လက်ကို လက်ထိတ်ခတ်လိုက်တယ်။ ပြီးတော့ အချုပ်ခန်းတံခါး ပြန်ပိတ်ကာ သင့်လက်မောင်းကိုကိုင်ပြီး နောက်ဖေးကို တွဲခေါ်သွားတယ်။

"အဖြေသိရပြီလား"

www.burmeseclassic.com

www.burmeseclassic.com



သင်က ပုလိပ်ကို တိုးတိုးလေး ကပ်မေးလိုက်တယ်။

"ဟင်. . . ဘာကိုလဲ"

အရေးထဲ သူက သင့်စကားကို နားမလည်ဘဲ ဖြစ်နေသေးတယ်ဗျာ။

"ခြေရာလမ်းကြောင်းကို အဖြေရှာလို့ ရပြီလားလို့ မေးတာ"

"မရသေးဘူး"

သူ့ပုံစံကြည့်ရတာ သင့်ကို သေသေချာချာ ပြန်ပြောချင်ပုံမရဘူး။ ဒီတော့ အလျှော့မပေးနဲ့၊ ထပ်ပြောကြည့်ဦး။

"လမ်းကြောင်းတွေက ဖြစ်နိုင်ခြေနှစ်ခုပဲရှိတယ်"

ပုလိပ်က စိတ်ဝင်စားပုံမပြ။

"အဲဒီလို လမ်းကြောင်းနှစ်ခုခွဲကြည့်တော့ C ဂိတ်ကဝင်ပြီး CC ဂိတ်က ပြန်ထွက်သွားတဲ့ ကုတ်အကျီနဲ့လူက လူသတ်တရားခံပဲ"

"ပါးစပ်ပိတ်ထားစမ်း၊ ဒါ ပုလိပ်တွေရဲ့ အလုပ်၊ တရားခံတွေရဲ့ အလုပ်မဟုတ်ဘူး"

သင် လွတ်ရာလွတ်ကြောင်း လျှောက်ပြောနေတယ်လို့ ပုလိပ်က ထင်နေပုံရတယ်။

ဒါနဲ့ သင်လည်း ဒီပုလိပ်ကို ဘာမှပြောလို့ ရမှာမဟုတ်ဘူးဆိုတာ ရိပ်မိလိုက်တယ်။

ဒီတော့ အိမ်သာမှာ အပေါ့သွားပြီး အပြန်မှာ ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားရမယ်။



အချုပ်ခန်းထဲရောက်ရင် သင် ဘာမှပြောလို့ရမှာ မဟုတ်တော့ဘူး။ လုပ်ဦးဗျ။ ပုလိပ်တွေ အလုပ်လုပ်နေတဲ့ စားပွဲခုံနားတောင် ပြန်ရောက်လာပြီ။ တော်ကြာ အချုပ်ခန်းထဲ ဝင်ရတော့မယ်။ စဉ်းစားပါဦး ဘာလုပ်ရမလဲ။

အချုပ်ခန်းကိုလည်း လှမ်းမြင်နေရပြီ. . .

ဘာလုပ်ရမလဲ၊ တစ်ခုခုလုပ်ဦး။ နို့မို့ဆို သူတို့အဖြေတွေ့တဲ့ အချိန်ထိ သင်က အချုပ်ခန်းထဲမှာ နေနေရဦးမယ်။

တစ်ခုခုလုပ်ဖို့တော့ ဆုံးဖြတ်မှ ရမယ်။

"ဒုန်း"

"အား"

ဟင်. . . ဘာဖြစ်တာလဲ၊ သြော်. . .

အတွေးနဲ့ လျှောက်လာတော့ လမ်းမှာရှိနေတဲ့ ခုံပုလေးကို မမြင်ဘဲ တိုက်မိပြီး သင် လဲကျသွားတာပဲ။

"ဘာဖြစ်တာလဲ"

"လဲကျသွားပြီ"

အလုပ်ရှုပ်နေတဲ့ ပုလိပ်တွေက သင်ရှိရာကို ပြေးလာကြတယ်။

အဲဒီအချိန်မှာပဲ သင် မြေကြီးခဲတစ်ခုကို တွေ့လိုက်ရတာကြောင့်-

လက်ကို ကြမ်းပြင်ပေါ်မှာ ခပ်မြန်မြန် လှမ်းသွားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက သေချာ မခေါ်လာဘူးလား"

"ခေါ်လာပါတယ် ဆရာ၊ သူကိုက စကားတွေများပြီး မမြင်တာပါ"


သင့်ကို တွဲခေါ်လာတဲ့ ပုလိပ်ကလေးကို ဝိုင်းဆူနေကြတဲ့ အချိန်မှာပဲ သင့်ကိစ္စပြီးသွားတာကြောင့် မတ်တတ် ပြန်ရပ်လိုက်တယ်။

ခြေထောက်က အနည်းငယ် နာနေတယ်။ ရရဲ့လား။ သင့်ပုံစံက နာနေပေမယ့်လည်း လုပ်ချင်တာ လုပ်လိုက်ရလို့ ဝမ်းသာနေတဲ့ပုံစံ ဖြစ်နေတယ်။


အဲဒီအချိန်မှာပဲ ပုလိပ်ကလေးက သင့်ကို ပြန်ဆွဲခေါ်သွားတော့ ခေါင်းဆောင်ဖြစ်ပုံရတဲ့ ပုလိပ်ကိုပဲ ကြမ်းပြင်ပေါ်မှာ သင်ဆွဲထားတဲ့ ပုံနှစ်ပုံကို ခပ်မြန်မြန် လက်ညှိုးထိုးပြလိုက်ရတယ်။

ပထမတော့ ထိုပုလိပ်ခေါင်းဆောင်က အူကြောင်ကြောင်ဖြစ်နေသေးတယ်။ နောက်မှ သင်ဆွဲထားတဲ့ ပုံနှစ်ပုံကို မြင်လိုက်ပြီး သင့်ကို တစ်ချက်ပြန်ကြည့်ချိန်မှာပဲ သင်က အချုပ်ခန်းထဲကို ပြန်ရောက်နေပြီ။

အချုပ်ခန်းထဲကနေ အပြင်ကို လှမ်းကြည့်တော့ သင်ဆွဲထားတဲ့ ပုံနှစ်ပုံနားမှာ ပုလိပ်တွေ ဝိုင်းအုံ ကြည့်နေကြတာပဲ။



ဒုတိယလမ်းကြောင်း



ပထမလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဟုတ်တယ်ဟ၊ သူဆွဲထားတဲ့ ခြေရာလမ်းကြောင်းပုံ (၂)ခုပဲ ရှိတယ်ကွ။ ဘာဖြစ်လို့လဲဆိုတော့ ခြေရာတစ်ခုနဲ့တစ်ခု မဖြတ်သွားဘူး။ သူ့လမ်းကြောင်းနဲ့သူ သွားနေတယ်ဆိုတော့ ဒီပုံ (၂)ပုံရဲ့ လမ်းကြောင်းကလွဲပြီး အခြားခြေရာလမ်းကြောင်းလုံးဝ မရှိဘူး"

"ဦးသ သေတဲ့နေရာနားကို သွားခဲ့တဲ့ ခြေရာတွေက ဒီအတိုင်းဆိုရင် E ကနေ EE ကိုသွားတဲ့ သူရယ်၊ C ကနေ CC ကိုသွားတဲ့သူရယ် နှစ်ဦးပဲ ရှိတာပေါ့။ ကျန်တဲ့လူတွေက ဦးသ အလောင်းနားကို မရောက်ကြဘူး"

"အင်း. . . E ကနေ EE ကိုသွားတဲ့သူကလည်း သန်းခေါင်မတိုင်ခင် အိမ်ပြန်ရောက်နေတာဆိုတဲ့ သက်သေတွေက အများကြီး ရှိနေတယ်၊ ဦးသ အလောင်းကို သန်းခေါင်ကျော်ပြီးနောက်ပိုင်းမှ တွေ့တာဆိုတော့ သတ်တဲ့သူဟာ C ကနေ CC ကိုဖြတ်သွားတဲ့သူဆိုတာ ရှင်းနေတာပဲ"

အားလုံးက ထိုသူရဲ့စကားကို သဘောတူလိုက်ကြတယ်။

ဘယ်လိုပဲလုပ်လုပ် C ကနေ CC ကိုဖြတ်ခဲ့တဲ့သူဟာ ဦးသကို သတ်ခဲ့သူဆိုတာ သေချာနေတာကြောင့် ပုလိပ်ခေါင်းဆောင်က ကျန်တဲ့လူတွေကို အချက်ပြလိုက်တယ်။

ပုလိပ်တွေက လူသတ်တရားခံဖြစ်တဲ့ C ဂိတ်ကနေ ဝင်ပြီး CC ဂိတ်ကနေ ပြန်ထွက်သွားတဲ့ ကုတ်အင်္ကျီနဲ့လူကို ဖမ်းဖို့ အချုပ်ခန်း



တံခါးကို ဖွင့်လိုက်ကြတယ်။

■

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်တဲ့
အခက်အခဲတွေ တွေ့လို့. . .
ပြုံးပြီး မရယ်နိုင်တဲ့ တစ်နေ့
မင်း. . . ငါ့ကို
မုန်းပြီး ဖယ်ခွာတဲ့နေ့
မဖြစ်ပါစေနဲ့. . . ။

(၁၃)

ဟူး. . . အခုမှပဲ သင် အပြင်လေကို ရှူရတော့တယ်။ အချုပ်ခန်းထဲမှာမို့ စိုးရိမ်စိတ်နဲ့ နေခဲ့ရတော့ အခုအချိန်မှာ ပေါ့ပါး လန်းဆန်းနေတာပေါ့။

ဒါပေမယ့် တိုဝေသီရွာကို ခရီးဆက်ရဦးမှာဆိုတော့ မောပေမယ့်လည်း မမောနိုင်ဘူး ဖြစ်နေတာပေါ့။

အဲဒီလိုနဲ့ အချုပ်ခန်းထဲကနေ အပြင်ရောက်တော့ ဆံပင်အနီနဲ့လူက သင့်နောက်ကနေ လိုက်လာပြီး ကျေးဇူးတင်စကားပြောပြီး သူ့အိမ်မှာ မနက်စာစားပြီးမှ ခရီးဆက်ဖို့ သင့်ကို ဖိတ်ခေါ်ပါတော့တယ်။

အေးလေ၊ သင်လည်း ဗိုက်ဆာနေလောက်ပြီဆိုတော့ လိုက်ချင်လည်း လိုက်သွားပေါ့။ အချိန်က ရှိပါသေးတယ်။ သူ့အိမ်ရောက်တော့ မနက်စာစားရင်း စကားစမြည် ပြောဖြစ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို ခရီးဆက်ရမှာလဲ"

"တိုဝေသီရွာကိုပါ"

"ဟင်. . ."

သူ့မျက်နှာက အထိတ်တလန့်ဖြစ်သွားတော့ ဘာများဖြစ်တာလဲဆိုပြီး သင် စိုးရိမ်စိတ် ဝင်သွားတယ်။

"အလည်သက်သက်ပဲလား"

"မဟုတ်ပါဘူး"

အရင် ပြောနေကြအကြောင်းကိုပဲ ပြန်ရှင်းပြလိုက်ရတာပေါ့။

သင့်စကားကို ထိုသူက သေချာနားထောင်ပြီး သက်ပြင်းချကာ-

"အလည်သက်သက်ပဲဆိုရင်တော့ မသွားဖို့ တားမလို့ပါပဲ။ ဒါပေမယ့် အခုလိုကြားရတော့ ကျုပ်လည်း မပြောတတ်တော့ပါဘူး"

"ဘာတွေများ ဖြစ်နေလို့လဲ၊ ပြောပြပါဦး"

နည်းနည်းတော့ ထိတ်လန့်ဖို့ ကောင်းနေပြီ။ ဒီခရီး ထွက်လာကတည်းက အားတင်းထားတာလေးတွေ လျော့ရဲစ ပြုလာပြီထင်တယ်။

"မိတ်ဆွေ သွားရမယ့် တိုဝေသီရွာမရောက်ခင်မှာ ဖြတ်ရမယ့် ရွာနှစ်ရွာက တစ်ရွာနဲ့တစ်ရွာ ပြဿနာဖြစ်ခါနီး အခြေအနေ



ဖြစ်နေကြတယ်"

"ဟင်. . . ပြဿနာဖြစ်ခါနီး ဖြစ်နေကြတယ် ဟုတ်လား"

"ဟုတ်တယ်ဗျ၊ ရွာရဲ့ နာမည်တွေက. . . တိန်ရွာနဲ့ တီးရွာလို့ ခေါ်ကြတယ်"

"ဒုက္ခပါပဲ၊ အခြားလမ်းက ဖြတ်သွားလို့ မရဘူးလား"

"ရတော့ ရပါတယ်၊ ဒါပေမယ့် ကွေ့ပတ်သွားရတော့ ခရီးပိုဝေးမှာပေါ့"

"ဟူး. . ."

သူပြောတာလည်း ဟုတ်တော့ ဟုတ်တယ်။ တည့်တည့်သွားတာတောင် ဒီလောက် ကြာနေတာ၊ ကွေ့ပတ်သွားရင် ဘယ်လောက်များ ကြာမလဲ မသိဘူး။

"ဒါဆို တိန်ရွာနဲ့ တီးရွာကိုဖြတ်ပြီးမှ တိုဝေသီရွာကို ရောက်မှာပေါ့"

"ဟုတ်တယ်၊ အဲဒီရွာနှစ်ရွာကို ဖြတ်ပြီးမှ မိတ်ဆွေ သွားချင်တဲ့ရွာကို ရောက်မှာ။ အခု ပြဿနာဖြစ်ခါနီး အခြေအနေ ရောက်နေတယ်ဆိုတော့ သွားရလာရမှာ နည်းနည်းခက်နေတယ်"

"ဘယ်လိုလုပ်ရမလဲ မိတ်ဆွေ၊ ကူညီပါဦး"

ဆံပင်အနီနှင့်လူက-

"အဲဒီ ရွာနှစ်ရွာကိုဖြတ်လို့ မရဘူးလို့ မဆိုလိုပါဘူး၊ ဖြတ်လို့ ရပါတယ်၊ ဒါပေမယ့် သတိထားရမယ်လို့တော့ ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ နှစ်ရွာကလူတွေကလည်း အခုတစ်လော သူတို့ရွာတွေထဲ ဝင်တဲ့ သူစိမ်းတွေကို အရင်ကထက် သတိထား စစ်နေကြတယ်၊ မသင်္ကာရင် သူလျှိုလို့ အစွပ်စွဲခံရပြီး ထောင်ထဲထည့်ထားနိုင်တဲ့ အခြေအနေတွေမှာ ရှိနေတယ်။ ပြီးတော့ အခန့်မသင့်ရင် ထောင်ထဲမှာပဲ တစ်သက်လုံး နေသွားရနိုင်တယ်"

"ဟင်. . ."

ထောင်ထဲမှာ တစ်သက်လုံး နေသွားနိုင်တယ်ဆိုတာကို ကြားတော့ သင် ဆောက်တည်ရာမရ ဖြစ်သွားတယ်။

ဟုတ်တယ်လေ၊ ခုနကလေးတင် ထောင်ထဲရောက်ခဲ့တာဆိုတော့ အခု ထောင်အကြောင်းကြားတော့ တုန်လှုပ်မိတာပေါ့။

အဲဒီတော့ သင် စဉ်းစားပေတော့။

ရှေ့ဆက်ပြီး တိန်ရွာနဲ့ တီးရွာကိုဖြတ်ပြီး သင့်ချစ်သူရှိတဲ့ 'တိုဝေသီ'ရွာကို သွားမလား။

ဒါမှမဟုတ်

သင်နေတဲ့ရွာကိုပဲ လှည့်ပြန်မလား။

■

(၁၄)

နောက်ဆုံးတော့ အချစ်က အင်အားကြီးတယ် ထင်ပါ။ ရှေ့ခရီးဆက်ဖို့ သင်က ဆုံးဖြတ်လိုက်တယ်။

အဲ. . . ဒါပေမယ့် ရှေ့မှာက ဘယ်လိုအခက်အခဲတွေ တွေ့မယ်မှန်း သင် မသိတော့ သင့်အိမ်ကို စာလေးတစ်စောင်၊ သင့်ချစ်သူကို စာလေးတစ်စောင်တော့ ရေးမှဖြစ်မယ်ဗျ၊ ဒါကြောင့် သင်က ဆံပင်အနီနဲ့လူကို-

"ဒီရွာမှာ စာပို့မြင်းစီးသမားတွေ မရှိဘူးလား"

ဆိုပြီး မေးလိုက်တယ်။

"ရှိတာပေါ့၊ စာပို့မလို့လား၊ ဒီရွာမှာ မြင်းစီးစာပို့သမား သုံးယောက်ရှိတယ်၊ သူတို့ကို စာပို့ခိုင်းလို့ရတယ်"

အတော်ပဲ။

သင်လည်း စာရွက်အလွတ်တစ်ရွက်နဲ့ မဲတံတောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



သင့်အိမ်ကို တစ်စောင်၊ သင့်ချစ်သူဆီပို့ဖို့ တစ်စောင်ဆိုပြီး စာ နှစ်စောင်တော့ ရေးလိုက်ပါဗျာ။

ဒါမှ မိဘတွေလည်း စိတ်ပူရ သက်သာတာပေါ့။



သို့

..............................

......................................

......................................

......................................

......................................

......................................

......................................

......................................

ရှိသေစွာဖြင့်

(ရွာမှာ ကျန်ခဲ့တဲ့ သင့်မိဘတွေဆီကို သင်ခံစားချက် ရှိသလို ချရေးနိုင်ပါသည်။ လက်မှတ်နေရာတွင် သင့်လက်မှတ်ကို ထိုးပါ။)

www.burmeseclassic.com

www.burmeseclassic.com



သို့

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ချစ်စွာဖြင့်

(လမ်းမှာ အခက်အခဲတွေ တွေ့နေရသောကြောင့် ချစ်သူဆီလာရာလမ်းတွင် နှောင့်နှေးနေသည့်ကိစ္စ (ဒါမှမဟုတ်) သင်ကြိုက်သလို စာရေးနိုင်ပါသည်။ ထိုစာသည် သင့်ချစ်သူလက်ထဲသို့ အနှေးနဲ့အမြန် ရောက်ရှိသွားနိုင်ပါသည်။ အောက်တွင် သင့်လက်မှတ်ထိုးပါ။)



စာနှစ်စောင်ရေးပြီးတော့ ဆံပင်အနီနဲ့လူ့လက်ထဲ အပ်လိုက်ပေါ့။ ကိုယ်စား ပို့ပေးဖို့လည်း အထပ်ထပ်မှာလိုက်ဦး။

"ပို့ပေးပါမယ် စိတ်ချပါ"

ဆံပင်အနီနဲ့လူကည်း ကတိအထပ်ထပ်ပေးတော့ သင်ကျေနပ်သွားတယ်။

အချိန်မှာ နေခေါင်းပေါ်က ကျော်ချိန်လောက်ရှိနေပြီ။

လမ်းမှာ အဆာပြေစားဖို့ဆိုပြီး ဆံပင်အနီနဲ့လူက သင့်ကို မုန့်တွေ ထည့်ပေးလိုက်တယ်။

'တိန်ရွာ'မှာ အကူအညီလိုပါက သူ့သူငယ်ချင်း 'ထော်လော်'ဆိုတဲ့သူရှိကြောင်း၊ အကူအညီတောင်းနိုင်ကြောင်းလည်း ပြောလိုက်သေးတယ်။

ဒါဆို သင် တိမ်ရွာမှာ အသိမိတ်ဆွေတစ်ယောက် ရတာပေါ့။

အဲဒီလိုနဲ့ သင်လည်း စက်ဘီးကို ခပ်မှန်မှန်လေးနင်းရင်း ပါးစပ်ကလည်း တေးကလေးဆိုရင်းနဲ့ ခရီးဆက်ခဲ့တာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

# တိန်ရွာနဲ့ တီးရွာ

www.burmeseclassic.com

www.burmeseclassic.com

(က)

တိန်ရွာဆိုတာ အရင်တုန်းက အိမ်ခြေနည်းနည်းပဲ ရှိတဲ့ရွာပါ။ ယခုလို ရွာကြီးတစ်ရွာလို ဖွံ့ဖြိုးတဲ့နေရာတော့ မဟုတ်ဘူး။

ရွာအုပ်ချုပ်တဲ့ လူကြီးတွေကိုတော့ ကျုပ်လည်း မသိဘူး။

သင်သိထားလို့ရအောင် ကျုပ်က စပ်စပ်စုစု လိုက်မေးထားရတာ။ အဲ. . . ကပ်လျက်ရွာကတော့ 'တီးရွာ'ပေါ့။

သူတို့ရွာနှစ်ရွာကတော့ စီးပွားရေး အဆင်ပြေပြေရှိကြတဲ့ ရွာနှစ်ရွာလို့ ဆိုကြသဗျ။

ကျုပ်လည်း သင်က ဒီရွာနှစ်ရွာကိုဖြတ်ပြီးမှ 'တိုဝေသီ'ရွာကို ရောက်မှာဆိုတော့ နောက်ကြောင်းရာဇဝင်လေး မေးမြန်းထားရတယ်။

တိန်ရွာနဲ့ တီးရွာက ဘယ်လိုဖြစ်ပြီး ပြဿနာဖြစ်ခါနီး အခြေအနေ (စစ်ဖြစ်ခါနီး)ရောက်နေတာလဲ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



နေဦး၊ အရင်ဆုံး သိထားတာလေးတွေ ပြောပြမယ်။

ဒီလိုဗျ၊ ထူးခြားတာက သူတို့ရွာနှစ်ရွာက လူတွေဟာ အရက်သိပ်ကြိုက်တယ်တဲ့။ တိန်ရွာကလူတွေက တီးရွာမှာ သွားသောက်လိုက်၊ တီးရွာကလူတွေက တိန်ရွာမှာ လာသောက်လိုက်နဲ့ ရှုပ်ယှက်ခပ်နေကြရောတဲ့။

ပေါလိုက်တဲ့ အရက်ဆိုင်တွေ။ လက်ညှိုးကို ကြိုက်တဲ့နေရာ ထိုးလိုက် အဲဒီလက်ညှိုးထိုးတဲ့တည့်တည့်မှာ အရက်ဆိုင် ရှိတယ် ဆိုရလောက်အောင် ပေါတယ်တဲ့။ ဒီတော့လည်း အချင်းချင်း လှည့်သောက်နေတော့ စီးပွားဖြစ်ကြတယ်တူပါရဲ့။

အရက်သမားရွာ အချင်းချင်းဆိုတော့ တစ်ရွာနဲ့တစ်ရွာ တည့်ကြတာပေါ့။

အဲဒီလိုနဲ့ သောက်လာကြရင်း စစ်ဖြစ်ခါနီး အခြေအနေ ရောက်တဲ့တစ်နေ့ကို ရောက်လာရောတဲ့။ ပြဿနာဖြစ်ရတဲ့ အကြောင်းကို သင်သိရရင် ယုံမှာတောင် မဟုတ်ဘူး။ ရယ်(ရီ)ရင် ရယ်မိလိမ့်မယ်။ ဘယ့်နှယ့် သူတို့ ပြဿနာက ဘာမှလည်း မဟုတ်ဘူး။

အင်းလေ. . . ကျုပ်တို့ကသာ ဘာမှ မဟုတ်တာ သူတို့အတွက်တော့ အရေးကြီးရင် ကြီးမှာပေါ့။

အင်း. . . အင်း. . . ဒီလိုဗျ၊ တစ်နေ့မှာပေါ့. . .

တိန်ရွာက ဆိုင်တစ်ဆိုင်မှာ တီးရွာကလူအချို့နဲ့ တိန်ရွာက



လူအချို့ တစ်ဝိုင်းတည်း ထိုင်အရက်သောက်ကြတယ်တဲ့။

အစကတော့ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ပြောကြသောက်ကြနဲ့ အဆင်ပြေနေလိုက်ကြတာ ညနေစောင်းရောက်တော့ ပြဿနာ စဖြစ်တော့တာပါပဲ။

ပြဿနာက ထွေထွေထူးထူး မဟုတ်ပါဘူး။ သူတို့ဝိုင်းအတွက် ကျန်တဲ့အရက်က မလောက်တော့တာပါ။


ထိုင်နေကြတဲ့သူတွေထဲမှာ တိန်ရွာကလူက (၄)ယောက်၊ တီးရွာကလူတွေက (၃)ယောက်။

အဲ. . . ဆိုးတာက အရက်ပုလင်းက သူတို့ဝိုင်းအတွက် (၁၆)လုံးပဲ ကျန်တော့တယ်တဲ့။

အဲဒီမှာ ပြဿနာ စတက်တော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com





တိန်ရွှာ။ ကျုပ်တို့က ရွာခံတွေဆိုတော့ ရှိတဲ့အရက်ကို ပိုသောက်မယ်၊ ခင်ဗျားတို့က သုံးယောက်ဆိုတော့ တစ်ယောက် (၂)လုံးစီ၊ ၆ လုံးယူသောက်။

တီးရွှာ။ ဟ. . . ဘယ်ဖြစ်မလဲဗျ၊ ကျုပ်တို့က ဧည့်သည်ဆိုတော့ ကျုပ်တို့ကို ဦးစားပေးရမှာပေါ့။ ခင်ဗျားတို့ လေးယောက် တစ်ယောက် (၂)လုံးစီသောက်၊ ကျန်တဲ့ အရက်ပုလင်းတွေ ကျုပ်တို့ကိုပေး။

မူးလည်းမူးနေ၊ အရက်ကလည်း မဝသေးဆိုတော့ တစ်ယောက် (၂)လုံးစီသောက်ပြီးတဲ့အပြင် ပိုနေတဲ့ (၂)လုံးကို ဝိုင်းလုနေကြတာပါ။

တိန်ရွှာ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ခင်ဗျားတို့ အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲဗျ၊ ဒါ ကျုပ်တို့ရွာကထွက်တဲ့ အရက်၊ ကျုပ်တို့ပဲ ပိုသောက်ရမယ်။

တီးရွှာ။ အောင်မာ အဲ့ဒီလို လူးပါးဝလို့ ဘယ်ဖြစ်မလဲဗျ။

အဲဒီလိုနဲ့ တဖြည်းဖြည်း တင်းမာလာကြတယ်။ အခုအချိန်ထိလည်း စားပွဲပေါ်က အရက် (၁၆)လုံးကို ဘယ်သူမှ မထိရသေးဘူး ဖြစ်နေတယ်။

တိန်ရွှာ။ တကယ်တော့ အစဉ်အဆက်ကိုကြည့်ရင် ကျုပ်တို့ရွာက အရက်သောက်တာ ပိုပြီးရှေးကျတယ်ဗျ၊ ဒီတော့ ကျုပ်တို့ ပိုသောက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**တီးရွာ။** အောင်မာ အဲ့ဒီလိုပြောကြေးဆိုရင် ကျုပ်တို့ရွာက ညဏ်ကြီးရှင်တွေ၊ ပညာတတ်တွေ ပိုထွက်တာဗျ၊ ခင်ဗျားတို့က ပူဇော်တဲ့အနေနဲ့တောင် ပိုတိုက်ရဦးမယ်။

လွန်တော့ လွန်လာကြပြီ။ စကားတွေကလည်း ကျွံလာကြပြီ။ တော်တော်လေးလည်း မူးနေပြီဆိုတော့ တစ်ယောက်နဲ့ တစ်ယောက်နဲ့လည်း အနိုင်မခံ မရှုံးမပေးပေါ့။ ကျန်တဲ့ဝိုင်းမှာရှိတဲ့ တိန်ရွာကလူတွေရော၊ တီးရွာကလူတွေပါ သူတို့ရဲ့ ငြင်းခုံမှုကို စိတ်ဝင်စားလာကြတယ်။

ကိုယ့်ရွာနဲ့ တခြားရွာ ရန်ဖြစ်နေကြတော့ စောင့်ကြည့်နေကြတဲ့သဘောပေါ့။


**တိန်ရွာ။** ရာရာစစ မင်းတို့ပြောပုံဆိုရင် ငါတို့ရွာက လူတုံး၊ လူညံ့တွေ ထွက်နေသလိုဖြစ်နေပြီ။

**တီးရွာ။** ဒါကတော့ ကိုယ့်ရွာအကြောင်း ကိုယ်ပဲသိမှာပေါ့။

**တိန်ရွာ။** ဒီမယ်. . .

**တီးရွာ။** ဘာလဲ. . .

အလယ်မှာ ထိုင်နေတဲ့ တိန်ရွာ ရွာသားက အားလုံးကို ပြောလိုက်တာပါ။ ပြီးနောက် ဘာမှ မပြောသေးဘဲ ဆိုင်ရဲ့ ခပ်လှမ်းလှမ်းမှာရှိတဲ့ ဆေးဘူးထဲက ဆေးအချို့ကိုယူပြီး စားပွဲပေါ်မှာ တင်ထားတဲ့ အရက်ပုလင်း (၁၆)လုံးမှာ ဂဏန်းတွေ ရေးလိုက်တယ်။



www.burmeseclassic.com



၁ ကနေ ၁၆ ထိ ရေးလိုက်တာပါ။ ဒါပေမယ့် ၁၅ ပြီးတော့ ၁၆ နေရာမှာ ၀ (သုည)ဆိုပြီး ရေးလိုက်ပါတယ်။

**တိန်ရွှာ။** ဒီပုလင်း (၁၆)လုံးမှာ ဂဏန်းတစ်ခုချင်းဆီ ရေးထားတယ်။ ၁၆ နေရာမှာ ၀ (သုည)ရေးထားတာက လွဲလို့ အားလုံး နံပါတ်စဉ်အတိုင်းပဲ။ ဒီတော့ မင်းတို့ဘက်က ဉာဏ်ရှိတယ်ဆိုရင် မင်းတို့သောက်ရမယ့် ပုလင်း (၆)လုံးကလွဲလို့ ကျန် (၁၀)လုံးကို ရွှေ့ပြောင်းပြီး ဒေါင်လိုက် ပေါင်းပေါင်း၊ အလျားလိုက်ပေါင်းပေါင်း တစောင်းပဲပေါင်းပေါင်း ဘယ်လိုပေါင်းပေါင်း အဖြေရမှတ် (၃၀)ရအောင် ပုလင်းတွေစီပေး။

**တီးရွှာ။** ဘယ်လို. . .

**တိန်ရွှာ။** မင်းတို့ကလည်း ဒုံးဝေးလိုက်တာ။ အခု စားပွဲပေါ်တင်ထားတဲ့ အနေအထားအတိုင်း ပုလင်း (၆)လုံးကလွဲလို့ ကျန် (၁၀)လုံးကို ထိတွေ့ပြီး နေရာပြောင်းလို့ရတယ်။ အဲဒီနေရာပြောင်းပြီး ပုလင်းတွေပေါ်မှာ ရေးထားတဲ့ ဂဏန်းတွေကို ပေါင်းကြည့်ရင် ဘယ်လိုပေါင်းပေါင်း အဖြေက (၃၀) ထွက်ရမယ်ကွ။ အဲဒီလို ပြောင်း နိုင်ရင် ဒီစားပွဲပေါ်မှာရှိတဲ့ အရက်တွေ မင်းတို့အကုန် သောက်သွား၊ မပြောင်းနိုင်ရင် ငါတို့ မင်းတို့ မရွှေ့ နိုင်တဲ့ (၁၀)လုံးသောက်မယ် ဘယ်လိုလဲ။



ထိုစကားကြားတော့ တီးရွှာကလူတွေ တွေဝေသွားပါတယ်။ စကားကလည်း လွှန်ထားတော့ မလုပ်နိုင်ဘူးပြောပါက သူတို့ရွှာ သိက္ခာကျဦးမယ်။

လုပ်မယ်လို့ပြောပြီး မလုပ်နိုင်ပါကလည်း တီးရွှာကလူတွေက ဉာဏ်မရှိဘူးလေး ဘာလေးနဲ့ ပြောခံရတော့မယ်။

ဘယ်လိုပဲဖြစ်ဖြစ် စိန်ခေါ်မှုကို လက်ခံကာ စဉ်းစားရပေတော့မည်။


**တီးရွှာ။** ရတယ်လေ၊ အခု စတော့မလား။

**တိန်ရွှာ။** ကြိုက်တဲ့အချိန် စလို့ရတယ်။

အဲဒီအချိန်မှာပဲ အခြားဝိုင်းက လူများကလည်း ထလာပြီး ကိုယ့်ရွှာဘက်က လူတွေအခြမ်းမှာ အသီးသီး ရပ်လိုက်ကြတယ်။ တီးရွှာကလူတွေက စားပွဲပေါ်မှာရှိတဲ့ ပုလင်းတွေကို တစ်ချက် ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com






ပုလင်းပေါ်ရှိ နံပါတ်များအား ဒေါင်လိုက် ပေါင်းပေါင်း၊ အလျားလိုက်ပေါင်းပေါင်း၊ ဘယ်လိုပေါင်းပေါင်း အဖြေရမှတ် (၃၀)ရတဲ့အထိ ပုလင်းများကို ရွှေ့ကာ စီတန်းပေး ရမည်။ ချွင်းချက်အနေနဲ့ ထိတွေ့ရွှေ့လို့ရတဲ့ပုလင်း အရေအတွက်ဟာ ဆယ်ပုလင်းထက် မကျော်ရပါဘူး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

(ခ)

တော်တော်ကြာတဲ့အထိ သူတို့လိုချင်တဲ့အဖြေကို မရကြပါဘူး။ တီးရွာကလူတွေ ချွေးပြန်လာကြတယ်။

သူတို့မျက်နှာပျက်လေ တိန်ရွာကလူတွေက ရယ်လေပါပဲ။ သူတို့ရယ်လေ တီးရွာကလူတွေကလည်း ဒေါသထွက်လာလေဖြစ်ပြီး ရန်ပွဲအသွင် စတင်ပျိုးလာခဲ့တယ်။

နောက်ဆုံး-

**တီးရွာ။** နေပါဦး၊ ကျုပ်တို့ကို အဖြေမရှိတဲ့ မေးခွန်းကြီး လာမေးရင် ဘယ်လိုလုပ်မလဲ။

တီးရွာကလူတွေကလည်း ထိုလူပြောမှပဲ စဉ်းစားမိပြီး 'ဟုတ်တယ်'ဆိုကာ သူတို့ရွာဘက်ကနေ အော်ဟစ်ကြတော့တယ်။

**တိန်ရွာ။** ဟ. . . ကျုပ်တို့က အဖြေရှိလို့ မေးတာပဲဗျ။ ခင်ဗျားတို့ကသာ ခင်ဗျားတို့ရွာမှာ ဒါကို ဖြေနိုင်တဲ့လူ မရှိဘူးလို့ပြော ကျုပ်တို့ အဖြေပြောပြမယ်။



တစ်ရွာလုံးနဲ့ချီပြီး အတိအလင်း စိန်ခေါ်လိုက်တော့ တီးရွာကလူတွေ မခံမရပ်နိုင်အောင် ဖြစ်သွားကြတယ်။

အရက်ဆိုင်ကစတဲ့ ဇာတ်လမ်း တစ်ရွာလုံးကို ကူးလေပြီ။ အဲ့ဒီအချိန်မှာပဲ ထိုသတင်းက ဘယ်လို ပျံ့နှံ့သွားလဲ မသိဘူး။ နှစ်ရွာလုံးမှာရှိတဲ့ လူတွေက ထိုသတင်းကို သိရှိသွားကြတယ်။

အဲဒါနဲ့ အရက်ဆိုင်မှာရှိတဲ့ တီးရွာကလူတွေက အရှုံး မပေးကြသေးဘဲ ဒီကိစ္စကိုဖြေဖို့ အချိန်ပေးရန် တောင်းဆိုကြတယ်။

တိန်ရွာကလူတွေကလည်း အဖြေဖြေဖို့ (၁)ပတ် ခွင့်ပြုလိုက်ကြတယ်။

ဒီအရက်ဝိုင်းပေါ်က ပုလင်းတွေကိုလည်း ဘယ်သူမှ မထိဖို့၊ မသိမ်းဖို့ သဘောတူလိုက်ကြပြီး ကိုယ့်ရွာကို အသီးသီး ပြန်ခဲ့ကြတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (ဂ)

နောက်တစ်နေ့ကစပြီး တိန်ရွာကလူတွေက တီးရွာကလူတွေကို သူတို့ရွာထဲ ဝင်ခွင့်မပေးတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မေးခဲ့တဲ့ အဖြေကို တိန်ရွာထဲမှာ သူလျှိုလုပ်ပြီး လိုက်စုံစမ်းမှာစိုးလို့ပါတဲ့။

အဲဒီလိုလည်းဖြစ်ရော တီးရွာကလူတွေကလည်း တိန်ရွာကလူတွေ သူတို့ရွာထဲ မဝင်အောင် ပိတ်လိုက်ကြတယ်။ သူတို့ ရွာထဲဝင်ပြီး သတင်းအမှားတွေပေးမှာစိုးလို့ဆိုပြီးတော့ပေါ့။

ဒီလိုနဲ့ တစ်ရွာနဲ့တစ်ရွာ စောင်းမြောင်းနေကြရင်း တီးရွာကလူတွေက တိန်ရွာကမေးတဲ့အဖြေကို ကြိုးစားပြီး အဖြေရှာနေကြတယ်။

ခက်တာက သူတို့လည်း မဖြေနိုင်သေးတာပါပဲ။ ကြားရတဲ့သတင်းအရဆိုရင် အဲဒီနေ့ကမေးသွားတဲ့ မေးခွန်းကို တိန်ရွာက



မေးတဲ့လူတွေ ကိုယ်တိုင်ကလည်း အဖြေမသိဘူးတဲ့။

သူတို့ရွာမှာကြားဖူးတဲ့မေးခွန်းတစ်ခုကို အခွင့်ကြုံနေလို့ မေးလိုက်ကြတာတဲ့။

ဒီသတင်း မှန် / မမှန်တော့ သူတို့လည်း အတည်မပြုရဲပါဘူး။ ဒါပေမယ့် မေးခွန်းမေးတဲ့ အဖြေကို တိန်ရွာမှာ ဖြေနိုင်တဲ့သူတစ်ယောက်ပဲ ရှိတယ်ဆိုတာပါပဲ။

အဲဒီလူကလည်း ဘယ်သူမှန်း မသိပါဘူး။ အဲဒီကိစ္စကို တီးရွာကလူတွေတင် မဟုတ်ဘူး တိန်ရွာကလူတွေပါ အခက်တွေ့နေကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ အဲဒီအဖြေကိုသိတဲ့လူဟာ သူတို့ရွာမှာ တစ်ယောက်ပဲရှိတယ်ဆိုတာ သိထားသော်လည်း အခုထိဘယ်သူမှန်း မသိသေးဘူး။ ရွာထဲ မောင်းတီးပြီး ကြေညာတာတောင် ဖြေနိုင်တဲ့လူ မထွက်လာဘူး ဖြစ်နေတယ်။

အဖြေမရှိဘဲနဲ့ ဒီမေးခွန်းဟာ သူတို့ရွာမှာ မပျံ့နိုင်ဘူးဆိုတာလည်း တိန်ရွာကလူတွေက သိထားကြတယ်။

တစ်ပတ်ပြည့်လို့မှ အဖြေမသိတဲ့မေးခွန်းကြီး မေးတယ်ဆိုပြီး အပြောခံရမှာကိုလည်း သူတို့လည်း တွေးပူနေကြတယ်။

ဒီတော့ တီးရွာနဲ့အပြိုင် သူတို့လည်း အဖြေရှာနေရတာပေါ့။ ဒါပေမယ့် အဖြေကို ဘယ်လိုမှ မရသေးပါဘူး။

■

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

(ဃ)

အဖြေမရတဲ့နောက်ဆုံး တီးရွာကလူတွေဟာ တိန်ရွာထဲကို တိတ်တဆိတ် သူလျှိုလွှတ်ဖို့ ကြိုးစားကြတယ်။

ဒါပေမယ့် ခက်တာက တိန်ရွာကလူတွေက တီးရွာက လူတွေအားလုံးကို သိနေတော့ အခက်တွေ့နေတာပေါ့။

အဲဒီတော့ သူတို့သိထားတဲ့ သတင်း ဟုတ်မဟုတ်ကို အတည်ပြုလို့ မရသေးဘူး ဖြစ်နေတယ်။

အဲဒီလိုနဲ့ ငါးရက်မြောက်တဲ့နေ့အထိ အဖြေရှာလို့ မရသေးပါဘူး။ တိန်ရွာထဲကို ခိုးဝင်လာတဲ့ တီးရွာကလူမှန်သမျှ ထောင်ထဲပို့။

တီးရွာကလည်း တိန်ရွာက သူတို့ရွာထဲဝင်လာရင် ထောင်ထဲပို့နဲ့ အခြေအနေက တင်းမာလာကြတယ်။

တစ်ပတ်ပြည့်လို့မှ တီးရွာက သူတို့မသိဘူးလို့ ဝန်ခံရင်



တိန်ရွာကလည်း အဖြေပြောပြရတော့မယ်။

အဲဒီအခါမှာ သူတို့လည်း မသိပါဘူးလို့ပြောရင် ရွာနှစ်ရွာရဲ့ ရန်ပွဲက စစ်ပွဲဖြစ်သွားနိုင်ပါတယ်။

တစ်ဖက်နဲ့တစ်ဖက် ချကြမယ့်ပုံစံ ဖြစ်နေကြတာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ပြဿနာတွေဖြစ်နေတဲ့အချိန်မှာပဲ အဲဒီရွာနှစ်ရွာကို သင်က ဖြတ်သွားရမှာပါ။

အရင်ဆုံး 'တီးရွာ'ကို ဖြတ်သွားရမှာပေါ့။

ကဲဗျာ. . . လာ. . . စက်ဘီးပေါ်တက်ပြီး တီးရွာကို ခရီးဆက်ကြတာပေါ့။

ဘယ်လိုပဲ ဖြစ်နေဖြစ်နေ မကြာခင်မှာ သင်က သင့်ချစ်သူကို တွေ့ရတော့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

တီးရွာကို ဝင်ဝင်ချင်းမှာပဲ ရွာအဝင်မှာ စောင့်နေတဲ့ အစောင့်တွေက သင့်ကို ချက်ချင်းရပ်ခိုင်းလိုက်တယ်။

"ဟေ့. . . ဘယ်သူလဲ၊ အခုရပ်စမ်း"

သင်ကလည်း သူတို့ရှေ့ကို စက်ဘီးလေး ဖြည်းဖြည်းစီး သွားရင်း-

"တိုဝေသီရွာကို သွားမယ့် ဧည့်သည်ပါ၊ ဒီရွာကနေ ဖြတ် သွားရမယ့်သူမို့လို့ ဒီရွာကို ဖြတ်သွားပါရစေ"

အစောင့်တွေက သင့်ကို ခြေအဆုံးခေါင်းအဆုံး ကြည့် တယ်။ ပြီးမှ တစ်ဦးကိုတစ်ဦးကြည့်ပြီး-

"စစ်ဆေးရေးတဲကို ခေါ်သွားကွာ"

ဆိုပြီး တစ်ဦးကဆိုလိုက်တော့ အနားကို လူသုံးယောက် လာရပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . စက်ဘီးကိုတွန်းပြီး ရွာထဲဝင်"

အမိန့်ပေးသံကြောင့် စက်ဘီးကိုတွန်းပြီး ရွာထဲကို ဝင်လာခဲ့တယ်။

အနောက်က ပါလာတဲ့လူတွေရဲ့ အရိပ်အခြည်ကိုလည်း ကြည့်ဦး။ တော်ကြာ ဖိုးဖိုးဆတ်ဆတ် ဖမ်းချုပ်နေမှဖြင့် အခက်တွေ့နေဦးမယ်။

ခဏအကြာမှာ တဲတစ်လုံးရှေ့ကို သင်ရောက်သွားတယ်။ တဲရှေ့မှာ စားပွဲတစ်လုံးရှိပြီး စားပွဲပေါ်တွင်လည်း လူငါးယောက်ထိုင်နေကြတာကိုတွေ့တော့ ဘာလဲဟဆိုပြီး သင်က စိတ်ဝင်တစားနဲ့ စပ်စုလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ သုံးယောက်အလှည့်ပြီးရင် မင်းအလှည့်ပဲ"

လိုက်ပို့တဲ့ အစောင့်တစ်ယောက်က ပြောတယ်။

သင်လည်း သူတို့နဲ့ ခပ်လှမ်းလှမ်းမှာရပ်ရင်း ဘာတွေများ ပြောကြလဲဆိုပြီး နားထောင်တယ်။

"ဘယ်က လာတာလဲ"

"မလိရွာကပါ"

"ဘယ်ကို သွားမှာလဲ"

"မယ်ဘုရွာကို သွားမလို့ပါ"

"နောက်ဖြတ်သွားမယ့် တိန်ရွာမှာ အသိ ဆွေမျိုးရှိလား"

"မရှိပါဘူး ခင်ဗျား"

"ဖန်လုံးကိုကြည့်ပြီး သေချာပြောနော်၊ လိမ်ပြောလို့က တော့ ဒီမှာပေါ်ပြီးသားပဲ"

ခရီးသွားသုံးယောက် ဖြစ်ပုံရတဲ့ လူသုံးယောက်က ဖန်လုံး တွေကို ကြောက်ကြောက်လန့်လန့်နဲ့ကြည့်ပြီး-

"လိမ်မပြောပါဘူး၊ တကယ် မရှိလို့ပါ"

ဆိုပြီး ဖြေကြတယ်။

ဒါနဲ့ သင်လည်း စားပွဲပေါ်မှာတင်ထားတဲ့ ဖန်လုံး (၂)လုံး ကို ကြည့်မိလိုက်တော့. . .

တွေ့နေကျ ဖန်လုံးမျိုး ထူးမခြားနားပါပဲ။



"ကောင်းပြီ၊ လိမ်လို့ကတော့ လမ်းခရီးမှာ ဒုက္ခတွေ့လိမ့် မယ်"

အဲဒီလိုပြောပြီး မေးမြန်းသူ (၂)ဦးက ဖန်လုံးပေါ်ကို အဝတ်ပါးနှစ်ခု အုပ်လိုက်တယ်။

"ကဲ. . . သွားတော့"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

အမေးခံရသူ (၃)ယောက်ကလည်း သွားတော့ဆိုတဲ့အသံ ကြားလိုက်ရချိန်မှာ ဝမ်းသာအားရဖြစ်ပြီး သူတို့အထုပ်များကို ဆွဲကာ တစ်ချိုးတည်း လစ်ပြေးတော့တယ်။

အဲဒီအချိန်မှာပဲ မေးမြန်းသူ (၂)ဦးက သင့်ကို တွေ့သွားပြီး-

"ကဲ. . . ဟိုတစ်ယောက်၊ ဘာရပ်လုပ်နေတာလဲ၊ ဒီကို လာလေ"

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

ခုနကမေးတဲ့လူတွအတိုင်းပဲ သင့်ကို မေးပါတယ်။

“ဘယ်ကို သွားမလို့လဲ”

“တိုဝေသီရွာကိုပါ”

“ဘယ်ရွာက လာတာလဲ”

“တီရွာကပါ”

“ဒီရွာကဖြတ်ပြီး နောက်တွေ့ရမယ့် တိန်ရွာမှာ အသိမိတ်ဆွေ၊ ဆွေမျိုးတွေ ရှိလား”

‘မရှိပါဘူး’လို့ သင်က ပြောမလို့ လုပ်နေစဉ်မှာ ဆံပင်အနီနဲ့လူ ပြောလိုက်တဲ့ လူတစ်ယောက်ကို သတိရလိုက်ပြီး-

“ဟို. . . သိပ်မရင်းနှီးပေမယ့် ထော်လော်ဆိုတဲ့ မိတ်ဆွေ အိမ်တော့ ရှိတယ်”

အဲဒီအဖြေစကားကိုကြားတော့ မေးမြန်းသူ (၂)ဦးရဲ့ မျက်



နှာမှာ ပြုံးယောင်သန်းသွားတာကို သင် သတိပြုမိလိုက်တယ်။

အဖြေမှားသွားပြီလားလို့ စိုးရိမ်နေစဉ်မှာပဲ သူတို့ (၂)ဦးက တီးတိုး တီးတိုး ပြောနေကြပြန်တယ်။

ဘာတွေပြောနေမှန်းတော့ သင် မကြားရပေ။ ခဏအကြာမှာ သင့်ဘက်ကို မျက်နှာပြန်လှည့်လိုက်ပြီး-

“အဲဒီ ထော်လော်ဆိုတာ တိန်ရွာရဲ့ ဘယ်မှာနေတာလဲ”

ချက်ချင်းပဲ ဆံပင်အနီနှင့်လူ ပေးလိုက်သော လိပ်စာကို ထုတ်ပြလိုက်ရတယ်။

မေးမြန်းသူ (၂)ဦးက သင့်စာရွက်ကို ဆွဲယူကြည့်ပြီး ဘေးမှာ ရပ်နေတဲ့ အစောင့်တစ်ယောက်ကို ကမ်းပေးလိုက်တယ်။

“အုပ်ချုပ်ရေးအဖွဲ့ဆီ ပို့လိုက်ပါ”

“ဟင်. . .”

သင် ထိတ်လန့်သွားတယ်။

သူတို့နဲ့ မြို့ငဘက်ရွာမှာ အသိရှိတယ်ဆိုလို့ အရေးယူဖို့ ပြင်ဆင်ကြတာလား။

ချက်ချင်းပဲ ထူပူသွားပြီး သင်က ပြေးပေါက်တွေ ဘာတွေ တောင် လိုက်ရှာနေသေးတယ်။ ရှာမနေပါနဲ့။ သင့်အတွက် ပြေးဖို့ နေရာလည်း မရှိဘူး၊ ဘေးပတ်ပတ်လည်မှာလည်း အစောင့်တွေ ဝန်းရံထားတယ်။

ဒီတော့ ထွက်ပြေးလို့လည်း မလွတ်မယ့်အတူတူ စိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒုန်းဒုန်းချပြီး ရှေ့ဆက် ဘာဖြစ်မလဲဆိုတာသာ စောင့်ကြည့်ပေတော့။

"ဘာကိစ္စကြောင့် တိုဝေသီကို သွားမှာလဲ"

"ကိစ္စကတော့. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ချစ်သူနဲ့တွေ့ဖို့ဆိုတာကို အစအဆုံး ပြန်ရှင်းပြရတယ်။

ယုံအောင်ကိုလည်း သင့်ချစ်သူနဲ့ အပြန်အလှန် ရေးထားတဲ့ စာတွေကို ထုတ်ပြရသေးတယ်။

ဟူး. . . မလွယ်ပါလား။ သင့်ဘဝက။

မေးမြန်းသူ (၂)ဦးက စာတွေကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေတယ်။

သင်လည်း သူတို့နားလည်သဘောပေါက်လောက်ပြီလို့ ထင်သွားပြီး စိတ်အေးနေစဉ်မှာပဲ ခုနက ရဲမက် ပြန်ရောက်လာကာ-

"အုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်က သူ့ကို ခေါ်ခိုင်းလိုက်တယ်"

"ဟင်. . ."

သွားပြီ။

■

(၁၇)

တီးရွာအုပ်ချုပ်ရေးအဖွဲ့ ခေါင်းဆောင်က သင်နဲ့ သင့်ချစ်သူတို့ အပြန်အလှန် ပို့ထားတဲ့ စာတွေကို တစ်ခုချင်းစီ ဖတ်ကြည့်ပြီး-

"ဒီမယ်"

"ဟုတ်. . . ဟု. . . ဟုတ်"

သင်က အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတယ်။

စိတ်လှုပ်ရှားပြီး ရှေ့မှာ ဘာတွေ ဒုက္ခရောက်ဦးမလဲဟုသာတွေး ပူနေတာကြောင့် ဘာလုပ်လုပ် အမှားမှား အယွင်းယွင်း ဖြစ်နေတာပေါ့။

"တိုဝေသီရွာကို တကယ်ပဲ သွားချင်သလား"

"သွားချင်ပါတယ်"

"ဒါဆို တိန်ရွာမှာ ကျုပ်တို့အတွက် တစ်ခုကူညီပေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

သင်ထင်တဲ့အတိုင်းပဲ ဇာတ်လမ်းကစပြီ. . .

"ဘာ. . . ဘာ. . . ကူညီရမှာလဲ"

"အဲဒီ တိန်ရွာမှာရှိတဲ့ သင့်မိတ်ဆွေကနေ သတင်းတစ်ခု စုံစမ်းပြီး ကျုပ်တို့ တီးရွာကို မြင်းစီးစာပို့သမားနဲ့ စာပို့ပေး၊ အဲဒီလိုမှ မကူပေးဘူးဆိုရင် သင့်ကို ဒီရွာကနေ ဖြတ်ခွင့်မပေးဘူး"

"ဟို. . ."

တီးရွာက သင့်ကို အကျပ်ကိုင်လေပြီ။

ဒါကြောင့် ခရီးသွားတွေထဲက တိန်ရွာမှာ အသိရှိတဲ့လူကို ရှာနေတာပဲဆိုတာကို အခုမှ ရိပ်မိတော့တယ်။

အဲဒီလူကမှတစ်ဆင့် သတင်းတွေကို မြင်းစီးစာပို့သမားနဲ့ ရယူဖို့ ကြံစည်နေကြတာလည်း ဖြစ်တယ်။

မြင်းစီးစာပို့သမားတွေကျတော့ ဘယ်ရွာကို ဘယ်လိုဝင်ဝင် အတားအဆီးမရှိ၊ အစစ်အဆေးမရှိဘဲ သွားလာနိုင်သောသူများ ဖြစ်တော့ သူတို့က အဲ့ဒီလို စီစဉ်တာဖြစ်မှာပေါ့။

"ဘယ်လိုလဲ"

ထိုလူက ထပ်ပြီး မေးလိုက်တယ်။

ကဲ. . . အဲ့ဒီကိစ္စကတော့ သင်ဆုံးဖြတ်ရမှာပေါ့။ အန္တရာယ်တော့ နည်းနည်းကြီးတယ်ဗျ။ စဉ်းစားဦး။

"ထော်လော်ဟာ ရင်းနှီးတဲ့မိတ်ဆွေ မဟုတ်ပါဘူး၊ ဒါ



ကြောင့် တီးရွာ စုံစမ်းခိုင်းတဲ့သတင်းကို မပြောရင် ဘယ်လိုလုပ်မလဲ"

"မပြောဘဲနဲ့တော့ မနေပါဘူး၊ သင်ဟာ တီးရွာကလူ မဟုတ်တဲ့အတွက် ဒီသတင်းကို စုံစမ်းလို့ ရနိုင်တယ်၊ ဒီတော့ သင် လုပ် မလုပ်သာပြောပါ"

သင် ချွေးပြန်လာတယ်။ သူ့ပုံစံက မလုပ်ရင် မရတော့တဲ့ ပုံစံကြောင့် သင် စဉ်းစားရခက်နေတာပေါ့။

ဘာပဲပြောပြော သင့်ချစ်သူဆီကို ဆက်သွားချင်ရင်တော့ သင် လုပ်ပေးမှဖြစ်မယ်ဗျ၊ နောင်အခါလာ နောင်အခါရှေးပေါ့။

ဒါနဲ့ သင်က မလုပ်ရင် မဖြစ်တဲ့ အခြေအနေကြောင့် 'လုပ်မည်'ဆိုပြီး ခေါင်းညိတ်ပြလိုက်ရတယ်။

"ဘာသတင်းများ စုံစမ်းပေးရမှာလဲ"

သင်က သိသော်လည်း သေချာအောင် ထပ်မေးလိုက်တယ်။

ထိုလူက စုံစမ်းရန် အချက်သုံးချက်ကို ရွတ်ပြတယ်။

(၁) လတ်တလော ဖြစ်ပျက်နေသောပြဿနာအဖြေ

(၂) လတ်တစ်လော ဖြစ်ပျက်နေသော ပြဿနာအဖြေကို တိန်ရွာက သိ/မသိ

(၃) လတ်တလော ဖြစ်ပျက်နေသော ပြဿနာအဖြေကို သိတဲ့လူ ဘယ်သူလဲ

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ အချက်သုံးချက်ထဲက တစ်ချက်ချက်ကို စုံစမ်းဖို့ ဆိုပဲ။ တကယ်လို့ မစုံစမ်းဘဲနေရင် တိုဝေသီရွာမှာ ရှိတဲ့ တီးရွာက လူတွေက သင့်ကို အန္တရာယ်ပြုမယ်ဆိုပြီးလည်း ခြိမ်းခြောက်လိုက်သေးတယ်။

ရုပ်တွေကတော့ တကယ်လုပ်မယ့် ရုပ်တွေပဲဗျ။

အေးလေ အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးခြင်း မရှိဆိုတာကို သင်လည်း ကြားဖူးသားပဲ။ မဟုတ်ဘူးလား။

ဒီတော့ ဒါတွေဟာ အချစ်စစ်ကြောင့် ဖြစ်လာတဲ့ အခက်အခဲတွေပဲဆိုပြီး မှတ်ယူပေါ့ဗျာ. . .။ ကဲ သူတို့ခွင့်ပြုတုန်းလေး ရှေ့ဆက်ကြရအောင်။

ရှေ့မှာတော့ သင့်ကို စောင့်ကြိုနေတဲ့ တိန်ရွာ ရှိတာပေါ့။

■

# တိန်ရွာ

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

စက်ဘီးကို လေးတိလေးကန်နင်းရင်း ရှေ့ခပ်လှမ်းလှမ်းတွင် လှမ်းမြင်နေရသော တိန်ရွာကို မရောက်ခင်မှာပဲ သင်တစက်ဘီးကို ရပ်လိုက်တယ်။

အဲဒီနောက် စက်ဘီးကို ရွာအဝင်မှာ ရှိနေတဲ့ အစောင့်တွေရှေ့ကို ဖြည်းဖြည်းလေး တွန်းသွားလိုက်တယ်။

"ဟေ့. . . ရပ်"

သူတို့မအော်လည်း ရပ်ပြီးသားပါပဲ။

"ဘယ်သွားမလို့လဲ"

"တိုဝေသီရွာကို"

ဖြေနေရတာကို စိတ်မပါတော့ဘဲ တုံးတိတိ ဖြေချလိုက်တယ်။ ဟုတ်တယ်လေ၊ တစ်လမ်းလုံး ဖြေပဲ ဖြေနေရတာကိုး။



သင်လည်း တစ်နေကုန်နီးပါး စက်ဘီးနင်းလာရပြီး တိန်ရွာကို ညနေ နေဝင်ရီတရောအချိန်လေးမှ ရောက်တော့ ဗိုက်ကလည်းဆာ၊ ပင်ကလည်း ပင်ပန်းနဲ့ဆိုတော့ တစ်ခုခုစားပြီး အနားယူချင်နေပြီပေါ့။

"ဒီရွာမှာ အသိရှိလား"

"ရှိတယ်"

"ဘယ်သူလဲ"

"ထော်လော်ပါ"

နာမည်ကို သိပုံရတယ်။ ဘာမှ ဆက်မမေးတော့ဘဲ အခြားဟာတွေကို ဆက်မေးတယ်။

"တီးရွာမှာ ဘယ်သူတွေနဲ့ တွေ့ခဲ့လဲ"

"အခုလို မေးတဲ့ အစောင့်တွေနဲ့ တွေ့ခဲ့တယ်"

"ဘာမေးလဲ"

"ဘယ်က လာတာလဲ၊ ဘယ်သွားမလို့လဲ၊ ဘာသွားလုပ်မှာလဲ၊ အဲဒါတွေပဲ မေးတာပေါ့"

ကျန်တဲ့ဟာတွေတော့ ထိန်ချန်ထားရတယ်။ တော်ကြာဆွဲစိနေမှဖြင့်။

"တိုဝေသီရွာကို ဘာသွားလုပ်မှာလဲ"

ထပ်ဖြေရပြန်ပြီ။

အချစ်. . . စသည်ဖြင့် စာတွေထုတ်ပြီး တပ်ကြီး ရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။ စောင့်နေတဲ့ အစောင့်တွေကလည်း လူငယ်လေးတွေ ဆိုတော့ သင့်အချစ်ကိစ္စကို နားလည်သွားကြပြီး ရွာထဲကို ဝင်ခွင့်ပြု လိုက်ကြတယ်။

အဲဒီလိုနဲ့ သင်လည်း စက်ဘီးပေါ်တက်ပြီး တိန်ရွာထဲဝင် ကာ 'ထော်လော်'ရဲ့အိမ်ကို ရှာရပြန်တယ်။

ဒါပေမယ့် သင့်ချစ်သူရဲ့ စာတွေ၊ အဝတ်အစားအိတ်တွေ အားလုံးကိုတော့ သူတို့ဆီမှာ အပ်ထားရတယ်။ မနက်မိုးလင်းလို့ တိုဝေသီရွာကိုသွားရင် သူတို့ဆီက တောင်းလို့ဆိုတယ်။ ဒါနဲ့ သင် လည်း သင့်အိတ်ကို ထားခဲ့ရတာပေါ့။

■

(၁၉)

ညနေခင်း မှောင်စပျိုးချိန်ဖြစ်တာကြောင့် ရွာထဲမှာ လူရိပ် လူခြေ သိပ်မတွေ့ရဘူး။

သင်က အစောင့်တွေရဲ့ လမ်းညွှန်မှုအတိုင်း ကိုထော်လော် ရဲ့ အိမ်ကို လိုက်ရှာတော့ ခဏအကြာမှာ အုတ်နဲ့ ဆောက်ထားတဲ့ အဆောက်အဦတစ်ခုကို တွေ့ရလိုက်ရတယ်။

ဘေးပတ်ပတ်လည်မှာလည်း သူလို အဆောက်အဦ မရှိ တာကြောင့် 'ကိုထော်လော်'အိမ်ဆိုတာ သေချာသလောက် ပါပဲ။

ဒါပေမယ့် အိမ်ရဲ့ အနေအထားက အိမ်ထဲကို ဝင်တဲ့ အပေါက် ရှာမတွေ့ဘူးဗျာ။ အိမ်တစ်ခုလုံး ပိတ်ထားသလိုပဲ။ပြတင်း ပေါက်တစ်ခုတော့ တွေ့ရတယ်။ ဘယ်လိုအိမ်ကြီးပါလိမ့်။

ဒါနဲ့ သင်လည်း အထဲကို လှမ်းခေါ်ရတာပေါ့။

"ကိုထော်လော် ကိုထော်လော်"

www.burmeseclassic.com

www.burmeseclassic.com



အထဲက ဘာသံမှ မကြားရချေ။

ဒါနဲ့ သင်က ထပ်ခေါ်ကြည့်တယ်။

"ကိုထော်လော်. . . ကိုထော်လော်"

ဘေးနားအိမ်တချို့ကလူတွေက ထွက်ကြည့်ကြတယ်။

"ကိုထော်လော်ဆီ လာတာလား"

"ဟုတ်ကဲ့"

"ခဏစောင့်နေလိုက်၊ သူ ဆင်းလာလိမ့်မယ်"

"ဟင်. . . ဘယ်က ဆင်းလာမှာလဲ"

မေးနေတုန်းပဲရှိသေးတယ် ခုနကတွေ့ရသော ပြတင်းပေါက်ကနေ ကြိုးတစ်ချောင်းကျလာပြီး လူတစ်ယောက် ဆင်းလာတာကို တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သင်က အဲဒီလို တစ်ခါမှ မတွေ့ဘူးတာကြောင့် တအံ့တဩ ကြည့်နေစဉ်မှာပဲ-

"ငါ့ကိုခေါ်တာ ဘယ်သူလဲ"

ဆိုပြီး ကြိုးနဲ့ ဆင်းလာသူက လှမ်းမေးလိုက်တယ်။

"ဒီ. . . ဒီက ခေါ်တာပါ"

သင်က အသံလှမ်းပြုလိုက်ပြီး ဆံပင်အနီနဲ့လူရဲ့ စာကို လှမ်းပေးလိုက်ရတယ်။

ပုံစံက မှုန်ကုပ်ကုပ်နဲ့မို့ နည်းနည်းတော့ လန့်စရာ ကောင်းတယ်။ ဒါပေမယ့် သူ့အိမ်ကလွဲပြီး အသိမရှိတော့ အခြေအနေ ကြည့်နေပေါ့။

"ဩော်. . . ထထရဲ့ မိတ်ဆွေပဲ"

ထထဆိုတာ ဆံပင်အနီနဲ့လူရဲ့နာမည်ပါ။

"ဟုတ်. . . ဟုတ်ပါတယ်၊ တိုဝေသီရွာကိုသွားဖို့ ဒီမှာ တစ်ညလောက် တည်းပါရစေ"

သင့်ကို ခြေအဆုံး ခေါင်းအဆုံး ကြည့်တယ်။ ပြီးနောက်-

"လာ"

ဆိုပြီး တစ်ခွန်းတည်းပြောကာ ခုနက ကြိုးဖြင့် ပြတင်းပေါက်ထဲကို တွယ်ပြီး ပြန်တက်သွားတယ်။

"ဟင်"

ဘယ်လိုကြီးလဲ။



အိမ်ထဲကို ဒီလိုကြီး ဝင်ရမှာလား၊ သင်တွေးနေတုန်း ရှိတယ်။ ဘေးအိမ်နားက လူတစ်ယောက်က-

"သူ့လိုပဲ လိုက်ဝင်သွားမှ ရောက်မှာ၊ အခြားတံခါးမကြီး မရှိဘူး။ မအံ့ဩနဲ့၊ သူက ဒီရွာမှာ ထော်လော်ကန့်လန့်လုပ်တတ်လို့ 'ထော်လော်'လို့ခေါ်တာပဲ ကြည့်တော့"

ဆိုပြီး လှမ်းပြောတယ်။

ကဲ. . . ဒါဆိုလည်း မတတ်နိုင်ဘူးလေ။ သူ ဝင်သလိုပဲ သင် လိုက်ဝင်ရမှာပေါ့။ အဲ့ဒီလိုနဲ့ သင်က ကြိုးစကို လှမ်းဆွဲပြီး အိမ်ထဲကို ခက်ခက်ခဲခဲ ဝင်လိုက်ရတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

အိမ်ထဲရောက်တော့ အခြားအိမ်တွေလိုပါပဲ ပရိဘောဂ အစုံအလင်နဲ့ သပ်သပ်ရပ်ရပ် အိမ်ကလေးပါ။

ဒါနဲ့ သင်က မနေနိုင်တော့ဘဲ-

"ဒီပစ္စည်းတွေကို ဒီအိမ်ထဲ ဘယ်လိုသွင်းလဲ"

ဆိုပြီး စပ်စုကြည့်တယ်။

သူက မဖြေပါဘူး။ မဖြေတဲ့အပြင် သူ့အလုပ် သူ ဆက်လုပ်နေတယ်။

ဘာတွေလုပ်နေမှန်းမသိ. . . ဒါနဲ့ သင်လည်း နီးစပ်ရာ ထိုင်ခုံမှာ ထိုင်ချရင်း ဟိုဒီကြည့်နေတုန်း တီးရှာကိစ္စက ခေါင်းထဲ ဝင်လာတယ်။

ဟုတ်ပါရဲ့၊ အဲ့ဒီကိစ္စကို စုံစမ်းပေးရဦးမှာပဲ။ ဒါပေမယ့် သူ့ဆီကတော့ စုံစမ်းလို့ရမယ် မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့. . .



ဟော. . . ကြည့် သင့်ကိုလှမ်းပြောနေပြီ။

"စားစရာတွေ နောက်ဖေးမှာရှိတယ်၊ ကိုယ်ဘာသာကိုယ် ထည့်စား"

ကဲ. . . ကြည့်. . . သူ ပြောပုံက။ အဲ့ဒီလို လူမျိုးဆီက ဘယ်လိုသတင်းမျိုး မေးမတုံး။

ကဲဗျာ. . . နောက်မှ စဉ်းစား။ အခုတော့ သူ စိတ်ကောင်းလေး ဝင်နေတုန်း တစ်ခုခု စားမှဖြစ်မယ်။

အဲ့ဒါနဲ့ သင်လည်း နောက်ဖေးဝင်ပြီး ဗိုက်ဆာဆာနဲ့ စားလိုက်တာ နောက်ဖေးက အစားအစာတွေ တော်တော်လေး ပြောင်သွားတယ်။

ညေ့ခန်းထဲပြန်ထွက်လာတော့ သင့်အတွက် အိပ်ရာတစ်ခု ပြင်ထားတာ တွေ့ရပြီး ဒီမှာအိပ်ဆိုတဲ့ပုံစံနဲ့ လက်ညှိုးထိုးပြတယ်။

သင်လည်း ခေါင်းတစ်ချက်ညိတ်ပြပြီး အိပ်ရာပေါ်မှာ နားနားနေနေ လှဲလိုက်ရတာပေါ့။

အခုအချိန်မှာ ချစ်သူအရေးထက် ရွာနှစ်ရွာ အရေးက အရေးကြီးနေတယ်။

သင် မစုံစမ်းပေးပါက တီးရှာက လူတွေကလည်း တကယ် လုပ်မယ့်ပုံစံတွေပဲဆိုတော့. . .

တွေးရင်း ကြက်သီး ထသွားတာကြောင့် မဖြစ်သေးပါဘူး တစ်ခုခု မေးဦးမှဆိုပြီး သင်က အိပ်ရာပေါ်မှ ထထိုင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုထော်လော်"

ခပ်လှမ်းလှမ်းမှာ သင့်ကို ကျောပေးပြီး ထိုင်နေတဲ့ ကိုထော်လော်ကို လှမ်းခေါ်လိုက်တယ်။

ပြန်မထူးဘူးဗျ။ တစ်ခုခုကို အသည်းအသန် စိတ်ဝင်စားနေပုံရတယ်။ ဒါနဲ့ သင်လည်း အိပ်ရာပေါ်ကနေ ဖြည်းဖြည်းထပြီး ကိုထော်လော့်နားကို တိတ်တဆိတ် ချည်းကပ်ပြီး သူ ဘာလုပ်နေတာလဲဆိုတာကို ချောင်းကြည့်လိုက်တယ်။

"ဟင်. . ."

နံပါတ်တွေရေးထားတဲ့ ကျောက်ခဲ (၁၆)ခုကို နေရာရွှေ့ကြည့်နေတာပါ။

သင်လည်း တအံ့တသြ ဖြစ်သွားတာပေါ့။

ဒါ. . . ဒါဆို ဒီရွာကလည်း အဖြေမသိသေးဘူးပေါ့။

ကိုထော်လော်နားကနေ တိတ်တိတ်ကလေး ပြန်လာပြီး အိပ်ရာပေါ် ပြန်လှဲနေလိုက်တယ်။

ဘယ်လိုလုပ်မလဲ၊ တိန်ရွာကလူတွေကလည်း အခုအချိန်ထိ အဖြေမသိသေးဘူးဆိုတာကို တီးရွာကို ပြောပြလိုက်လို့ ဖြစ်ပါ့မလား။

ဒါဆို တိန်ရွာကလူတွေ အကြီးအကျယ် အရှက်ရနိုင်တယ်။ မပြောဘဲ ထိန်ချိန်ထားရင်လည်း သင်ပဲ ဒုက္ခရောက်မယ်။

တွေးစမ်း. . . . တွေးစမ်း။



စဉ်းစားပါဦး. . . ဘာလုပ်ရမလဲ။

ဘာပဲဖြစ်ဖြစ် သင်က တီးရွာကို ကတိပေးထားတော့ လုပ်ပေးမှဖြစ်မယ် ထင်တယ်။

အဲဒါနဲ့ သင်လည်း ပထမဆုံး ကတိပေးခဲ့တဲ့ တီးရွာရဲ့ အကျိုးကို ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် ချက်ချင်းပဲ စာရွက်အလွတ်တစ်ခုယူပြီး စာကြောင်းတစ်ကြောင်း ချရေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့

တီးရှာ

တိန်ရှာကလူတွေလည်း အဖြေမသိကြသေးဘူး . . .။

ပုံ

ချစ်သူကိုသွားတွေ့သူ



မနက်မိုးလင်းလို့ တိန်ရှာက မထွက်ခွာခင်မှာ တီးရှာတို စာအမြန်ပို့မှဖြစ်မယ်။

ဘာဖြစ်လို့လဲဆိုတော့ သဘက်ခါဆိုရင် တိန်ရှာနဲ့ တီးရှာ ချိန်းထားတဲ့ တစ်ပတ်ပြည့်တဲ့နေ့ ဖြစ်တာကြောင့်ပါ။

အဲဒါကြောင့် သင်ရဲ့ စာကို မနက်ဖြန်အရောက် ပို့ပေးမှ ဖြစ်မှာပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

အိပ်ရာကနိုးတော့ ကိုထော်လော်ကို မနေ့ကထိုင်တဲ့ ခုံမှာပဲ ထိုင်နေတာကို တွေ့ရတယ်။

ညက အိပ်မှ အိပ်ရဲ့လား မသိဘူး။ ဒါနဲ့ အနားကပ်ကြည့်တော့ ပန်းချီအဖြေကို တွက်နေတုန်းပဲဆိုတာကို သင်တွေ့ရတယ်။

သင်လည်း ခရီးဆက်စရာရှိနေတာကြောင့် 'ကိုထော်လော်' ကို နှုတ်ဆက်ပြီး မနေ့က တက်ခဲ့တဲ့ ပြတင်းပေါက်ကနေပဲ ပြန်ဆင်းဖို့ ပြင်ရတာပေါ့။

ကိုထော်လော်ကတော့ သင့်ကို ဝတ်ကျေတန်းကျေသာ နှုတ်ဆက်ပြီး စားပွဲပေါ်က ဂဏန်းတွေကို ပြန်ငေးနေတယ်။

အဲ့ဒါနဲ့ သင်က ပြတင်းပေါက်ကနေ ဆင်းမယ်လုပ်တုန်း မနေ့ညက ရေးထားတဲ့စာကို သတိရသွားပြီး ထိုင်နေတဲ့ ကိုထော်လော်ကို လှမ်းမေးလိုက်တယ်။



"ကိုထော်လော် စာပို့ချင်လို့ မြင်းစီးစာပို့သမားတွေရှိတဲ့ နေရာ ဘယ်နေရာလဲ"

ကိုထော်လော်က လှည့်ကြည့်တယ်။

"ဈေးနားမှာ"

တစ်ခွန်းသာပြောပြီး ပြည်လှည့်သွားတယ်။

သင်လည်း ဘာမှ မပြောနေတော့ဘဲ ပြတင်းပေါက်ကနေ ကြိုးနဲ့ ဆင်းကာ ခြံထဲမှာ ထောင်ထားတဲ့ စက်ဘီးကိုယူပြီး ဈေးဆိုတာကို လိုက်ရှာရတာပေါ့။

ပြီးရင် ရွာအစောင့်တွေဆီသွားပြီး ညက သူတို့ ယူထားတဲ့ အထုပ်နဲ့ စာတွေ သွားပြန်ယူရဦးမယ်။

ပြီးပါက ချစ်သူရှိတဲ့ရွာကို တပျော်ကြီး သွားရတော့မှာပေါ့။

တွေးရင်း လမ်းလျှောက်လာရာ ဈေးမရောက်နိုင်သေးတာကြောင့် လမ်းမှာတွေ့တဲ့လူတစ်ယောက်ကို လှမ်းမေးရသေးတယ်။

"ဈေးက အတော်သွားရသေးလား"

"ရှေ့မှာပဲလေ ရောက်ပြီ"

မေးမှပဲ ရောက်တော့မယ်မှန်း သိရတော့တယ်။

ခဏကြာတော့ ဟော. . . ဈေးကို တွေ့ပါပြီ။

မနက်ပိုင်း ဈေးဝယ်ချိန်ဖြစ်ပေမယ့် ဈေးမှာ လူ သိပ်မတွေ့ရဘူးဗျ။ ဈေးဆိုင်တွေကို လိုက်ကြည့်တော့လည်း ဈေးဝယ်သူတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ဘဲ စားပွဲပေါ်က စာရွက်တွေနဲ့သာ အလုပ်ရှုပ်နေတဲ့ ဈေးသည်တွေကိုသာ တွေ့ရတယ်။

ဒါနဲ့ ခပ်လှမ်းလှမ်းကနေ စပ်စုကြည့်တော့ ဟာ. . . သူတို့လည်း မနက်ဖြန်ဖြေရမယ့် အဖြေကို တွက်နေကြတာပါလား။ သဲကြီးမဲကြီး တွက်နေတာကြောင့် ဈေးဝယ်တဲ့သူတွေကို အလေးမထားနိုင်လောက်အောင် ဖြစ်နေကြတာပေါ့။

ဒါဆို ကျန်တဲ့လူတွေလည်း အဲဒီပုစ္ဆာကို တွက်နေတော့ ဒီနေ့ဈေးမှာ လူနည်းတာ ဖြစ်ပါလိမ့်မယ်။

ဘာပဲပြောပြော သူတို့ကလည်း သူတို့ အဖြေကိုရအောင် တွက်၊ သင်ကလည်း သင့်စာကို ရအောင်ပို့ရမှာပေါ့။

ဒါမှသာ သင့်ရဲ့ ရှေးခရီး ဖြောင့်ဖြူးမှာ. . .။ အဲဒီနောက် မြင်းစီး စာပို့သမားတွေရှိတဲ့နေရာကို သိပ်ကြာကြာ မရှာလိုက်ရပါဘူး။ ဈေးလမ်းအဆုံး သစ်ပင်တစ်ပင်ကြီးရဲ့အောက်မှာ ရပ်ထားတဲ့ မြင်းစီး စာပို့သမားတွေရဲ့ မြင်းတွေကို တွေ့လိုက်ရတယ်။

ဒါနဲ့ စက်ဘီးကို ခပ်မြန်မြန်နင်းပြီး သစ်ပင်အောက်မှာ ရပ်လိုက်ကာ. . .

"စာပို့ချင်လို့"

"ရပါတယ်၊ ဘယ်ရွာကို ပို့မှာလဲ"

တီးရွာကလူတွေ သင်ပေးထားတဲ့အတိုင်း-

" ရွှေအုပ်ရွာကို ပို့ချင်လို့ပါ"



ဆိုပြီး ပြောလိုက်တယ်။

ရွှေအုပ်ရွာဆိုတာ တီးရွာရဲ့ဘေးက ရွာပါ။ တီးရွာကလူတွေရဲ့ အဆက်အသွယ်ရှိတဲ့ရွာပေါ့။

အဲဒီကတစ်ဆင့် သင် ပို့လိုက်တဲ့စာက တီးရွာကို ရောက်မှာပါ။ ဒီလိုမှ မဟုတ်ဘဲ တီးရွာကို တိုက်ရိုက်ပို့ရင် သင့်အတွက် အန္တရာယ်ရှိတာပေါ့။

"ရပါတယ်၊ ဘယ်နှစောင်ပို့မှာလဲ"

"တစ်စောင်တည်းပါ"

ပြောပြောဆိုဆို သင်က အိတ်ကပ်ထဲကစာကို နှိုက်ယူလိုက်တယ်။

"ဟင်. . ."

ရုတ်တရက် ထိတ်လန့်သွားပြီး အယောင်ယောင် အမှားမှား ဖြစ်သွားတယ်။ ဘာဖြစ်တာတုန်း. . . အလန့်တကြားဗျာ၊ ဟင်. . . ဘယ်လို. . . အိတ်ကပ်ထဲထည့်ထားတဲ့စာ မရှိတော့ဘူး ဟုတ်လား၊ ရှာကြည့်ပါဦးဗျာ၊ ဟိုချောင် ဒီချောင် ကပ်နေဦးမယ်။

ဒုက္ခပါပဲ၊ ဘယ်မှာ ကျကျန်ခဲ့ပြီလဲ။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ တစ်ယောက်ယောက် တွေ့လို့ မဖြစ်ဘူး။ သင်က စက်ဘီးကို မြေကြီးပေါ် လှဲချလိုက်ပြီး တစ်ကိုယ်လုံးကို လျှောက် စမ်းကြည့်နေမိတယ်။

အိတ်ကပ်ထဲမှာ ညက ရေးထားတဲ့စာ မရှိတော့ဘူး ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သေချာသွားတယ်။

ကိုထော်လော်ရဲ့အိမ်ကနေ ကြိုးနဲ့အဆင်းမှာ ပြုတ်ကျခဲ့တာလား၊ ဒါမှမဟုတ် အိမ်ထဲမှာပဲ ကျန်ခဲ့တာလား။

မဟုတ်သေးပါဘူး၊ သင် သေချာ ပါလာခဲ့တာပဲ။

လမ်းမှာ စက်ဘီးနင်းရင်းနဲ့များ ကျကျန်ခဲ့တာလား။ မြင်းစီး စာပို့သမားတွေက သင်ရဲ့ အဖြစ်အပျက်ကို ရယ်ကြည့်နေကြတယ်။

"စာရွက်နဲ့ ဘောပင် မပါလို့လား ကျွန်တော်တို့မှာ ရှိတယ်လေ"

သူတို့ပြောတဲ့အတိုင်း အသစ်ပြန်ရေးလို့ရပေမယ့် အဲ. . . စာက သင့်အတွက် အန္တရာယ် ရှိနေပြီ။

အဲဒီအချိန်မှာပဲ အော်ဟစ်သံတွေနဲ့အတူ ဈေးဘက်ကို ဒုန်းဒိုင်းစီးလာသော မြင်းစီးသမားများကို တွေ့လိုက်ရတယ်။

သင်ထင်တဲ့အတိုင်းပဲ ပြဿနာက စပြီ. . .

■



ဖြစ်ပုံက ဒီလိုဗျ၊ သင်က 'ကိုထော်လော်'အိမ်ရဲ့ ကြိုးကနေ မဆင်းတတ် ဆင်းတတ်နဲ့ဆင်းပြီး မြေကြီးပေါ်ပြုတ်ကျတာ မှတ်မိသေးလား။

အင်း. . . အဲဒီကတည်းက စာက ပြုတ်ကျကျန်ခဲ့တာ။ ဖြစ်ချင်တော့ စာက လေနဲ့အတူ တစ်ဖက်ခြံကို ရောက်သွားတယ်။ တစ်ဖက်ခြံကလူတွေကလည်း စာကိုတွေ့သွားပြီး တီးရှာကို ရေးထားတဲ့စာမှန်းသိသွားတော့ သူတို့ရဲ့ အုပ်ချုပ်ရေးအဖွဲ့ကို ချက်ချင်း အပ်ကြတာပေါ့။

အဲဒီမှာပဲ ဘယ်သူရေးတာလဲ၊ ဘာလဲ၊ သူလျှိုဘယ်သူလဲ ဆိုတာ စုံစမ်းတော့ သင့် စာအောက်မှာရေးထားတဲ့ ချစ်သူကို သွားတွေ့သူဆိုတာကို တွေ့သွားပြီး သင်ထားခဲ့တဲ့ စာတွေထဲက သင့်လက်ရေးတချို့နဲ့ အခုတွေ့တဲ့စာကို တိုက်ဆိုင်စစ်ဆေးတော့ သင် ရေးထားတဲ့စာမှန်း သိသွားကြတယ်။

ဒါနဲ့ သင့်ကိုဖမ်းဖို့ဆိုပြီး မြင်းတွေနဲ့ ဒုန်းဒိုင်းပြေးလာကြ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ပိုဆိုးတာက သင့်ကို တစ်ရွာလုံးက လူတွေက စိတ်ဆိုးဒေါသထွက်နေကြတာပဲ။

သတ်မယ်၊ ဖြတ်မယ်လုပ်နေကြတော့ ရွာသူရွာသားတွေ မရောက်ခင်မှာ ရွာလုံခြုံရေးတွေက သင့်ဆီကို ဦးဆုံးရောက်အောင် လာနေရတာပဲ။

■



ကဲ. . . မိတ်ဆွေရေ ပြေးလို့လည်း မရတော့ပါဘူး။

ဒီအတိုင်းပဲ သူတို့လာဖမ်းတာကို ရပ်ကြည့်နေလိုက်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ထောင်ထဲမှာ သင့်ကို ထည့်ထားလိုက်ပြီ။ သင့် ထောင်အခန်းနံပါတ်က (၈)တဲ့။

■

(၂၂)

အဲ့ဒီလိုနဲ့ တိန်ရွာကလူတွေက သင့်ကို တီးရွာရဲ့ သူလျှိုဆိုပြီး သူတို့ရဲ့ထောင်ထဲမှာ ထည့်လိုက်ကြတယ်။

ထောင်ထဲကို သူတို့ ဆွဲခေါ်သွားတဲ့အချိန်တွေဟာ သင့်အတွက် စိတ်အပျက်ဆုံးအချိန်တွေပါပဲ။

ရှေ့ ရွာမှာတုန်းက ကိုယ်တိုင် မကျူးလွန်ထားတော့ မကြောက်လန့်မိပေမယ့်လည်း အခုဟာက ကိုယ်တိုင်ကျူးလွန်ထားတော့ လွတ်လမ်း မမြင်တော့ဘူးလေ။

ဒီတော့ သေဒဏ်လား၊ တစ်သက် တစ်ကျွန်းလား တစ်ခုခု တော့ တစ်ခုခုပါပဲ။

ဒါပေမယ့် ဒီနေ့မှာတော့ ရွာအုပ်ချုပ်ရေးနဲ့ ရွာသူရွာသား တွေဟာ အလုပ်ရှုပ်နေကြတော့ မနက်ဖြန် တီးရွာနဲ့ကိစ္စပြီးမှ သင့်ကို စီရင်ချက် ချမယ့်ပုံပေါ်တယ်ဗျ။

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

သင့်အဖေ တစ်ခါတုန်းက ပြောဖူးတယ် မှတ်လား။ ဘဝဆိုတာ ကိုယ့်မိသားစုလေးထဲမှာ ထိုင်နေရုံနဲ့ ဘာမှ သိမှာမဟုတ်ဘူးဆိုတာလေ။

အင်း. . . အခုတော့ ငယ်ငယ်လေးကတည်းက အိမ်နဲ့ရွာပတ်ဝန်းကျင်ကိုပဲ ထွက်လည်ဖူးတဲ့ သင်က အခု ဒုက္ခဆိုတဲ့ အရသာကို စတင်တွေ့နေရပြီ. . .။ စိတ်တော့ မကောင်းပါဘူးဗျာ။

ဟင်. . . ဘာလဲ. . .။ ဗိုက်ဆာလို့လား။

အင်း. . . ဟုတ်တယ်၊ ဘယ်အချိန် လာကျွေးမယ်မှန်းမသိတော့ ခက်တယ်ဗျာ၊ ပြောရတာ။

ရေအိုးများ ရှိလိုရှိညား ရှာကြည့်ပါဦး။

အခန်းတစ်ခုလုံး ဘာမှမရှိဘဲ ရှင်းလင်းနေတယ်။ အိပ်စရာ ခုတင်မရှိ၊ အိမ်သာမရှိ၊ ရေမရှိတာကို တွေ့တော့. . .



"အား. . ."

စိတ်ညစ်ညစ်နဲ့ သင်က အော်ချပစ်လိုက်တယ်။ အင်းလေ. . . ကျုပ်ဆိုလည်း သင့်နေရာမှာဆို အဲ့ဒီလိုပဲ လုပ်ပစ်လိုက်မှာပဲ။

အဲဒီအချိန်မှာ ဘယ်က ထွက်လာမှန်းမသိတဲ့ အသံတစ်သံကို စကြားလိုက်ရတော့တာပါပဲ။

"အခန်း ၈ မှာ လူရောက်နေတာလား"

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

“ဟုတ်. . . ဟုတ်ပါတယ်”

ဖြေသာဖြေလိုက်ရပေမယ့် ဘယ်ကလာတဲ့ အသံမှန်း မသိတာကြောင့် ညာကြည့်၊ ဘယ်ကြည့်၊ အပေါ်ကြည့်၊ အောက်ကြည့်နဲ့ လိုက်ရှာနေမိတယ်။

အသံမှာ ဘေးကပ်ရပ်အခန်းက ထွက်ပေါ်လာသည့်အသံ မဟုတ်ဘဲ လှိုဏ်ခေါင်းထဲက ထွက်လာသည့်အသံမျိုး ပေါက်နေတော့ သင် ခေါင်းရှုတ်သွားတယ်။

“ဘာကိစ္စနဲ့ ဖမ်းခံရတာလဲ”

တစ်ဖက်က မေးပြန်တယ်။

သင်လည်း ဘာပြန်ပြောရမှန်းမသိတာကြောင့် ချက်ချင်း ပြန်မဖြေဖြစ်ဘဲ ငြိမ်နေလိုက်တယ်။

ဒါကို တစ်ဖက်က တစ်မျိုးထင်သွားပြီး-



“လူသတ်မှုလားဗျ”

ဆိုပြီး ထပ်မေးပြန်တယ်။

“မဟုတ်ဘူး”

“ဓားပြမှု ထင်တယ်”

“ဟာ. . .”

သူထင်တာတွေ သင့်ကို လျှောက်ပြောနေတော့တာပဲ။ တော်တော်လည်း စကားများတဲ့သူဖြစ်မယ်။

သင်ကလည်း စိတ်ညစ်နေရတဲ့အထဲ ဘယ်သူနဲ့မှ စကား မပြောချင်ဘူးဗျ။

“ဒါမှမဟုတ် ပြောမထွက်တဲ့ ဟို. . . အမှုများလား”

ရော် ပြောကာမှ အမှုတွေက ပိုဆိုးလာတော့တယ်။

ဒါနဲ့ သင်ကလည်း အဲ့ဒီ ကိုစပ်စုကို-

“တစ်ခုမှ မဟုတ်ဘူး စာရေးမိလို့ ဒီမှာ အချုပ်ခံနေရတာ”

“ဟင်. . . စာရေးရုံနဲ့ ထောင်ထဲပို့ခံရတယ် ဟုတ်လား၊ အပြင်မှာ ခေတ်တွေ ဒီလောက်ပြောင်းနေပြီလား”

အထဲရောက်တာ တော်တော်ကြာနေပုံရတယ်။

“အဲဒီလိုတော့ မဟုတ်ပါဘူး၊ မရေးသင့်တဲ့စာ ရေးမိလို့ ထောင်ကျတာ”

အဲဒီအခါ သင့်စကားကို တစ်ဖက်လူက အတော်လေး စိတ် ဝင်စားသွားပုံရပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



'မရေးသင့်တဲ့စာရေးမိလို့ မရေးသင့်တဲ့စာ ရေးမိလို့'ဆိုပြီး ရွှေ့ရွှတ်နေပြန်တယ်။

"ဘာများ ရေးမိတာတုံးဗျ"

ထင်တဲ့အတိုင်းပဲ ထပ်မေးပြန်တယ်။

သူနဲ့စကားပြောနေရလို့လားမသိ သင် စိတ်ညစ်တာတွေ တောင် နည်းနည်းပျောက်သွားသလိုပဲ။

ဒါနဲ့ သင်ကလည်း သူ့ကို ပြန်မေးလိုက်တယ်။

"ဒါနဲ့ မိတ်ဆွေကရော ဘာအမှုနဲ့ ထောင်ထဲရောက်နေ တာလဲ"

"ကျုပ်ကတော့ စိတ်ကူးယဉ်မှုနဲ့ကျတာ"

"ဟင်. . ."

ဘာအမှုကြီးလဲ၊ ထောင်ထဲနေရလို့ ဒီလူ ရူးများ ရူးသွား ပြီလား။

"ကျုပ်က အတွေးသမားဗျ၊ တစ်နေကုန် ထိုင်တွေးနေရ တာကို ကြိုက်တဲ့လူ၊ တွေးတာကလည်း ကြီးကြီးကျယ်ကျယ်ရယ်တော့ မဟုတ်ပါဘူး၊ အပင်က ဘာဖြစ်လို့ မိုးပေါ် ထောင်ပြီး ပေါက်တာလဲ၊ မြေဆွဲအားရှိတယ်ဆိုတော့ အောက်ကို ပေါက်ရမှာပေါ့. . . အဲဒီလို လေးတွေ တွေးတာပါဗျ"

သူနှယ် အလုပ်မရှိ အလုပ်ရှာ သစ်ပင်က အောက်စိုက် ပေါက်တော့ရော ဘာလုပ်ရမှာလဲ။



"အဲဒီလိုနဲ့ အိမ်က မိန်းမပေးစားတော့ ယူပေါ့၊ အလုပ်က လည်း မလုပ်ဆိုတော့ အဖေက မိန်းမရရင် သူ့သား အလုပ် လုပ် မယ်ထင်တာပေါ့။ ကျုပ်ကလည်း ကျုပ်ပဲဗျ၊ တွေးနေရတာကို ဘယ် လို သဘောကျမှန်းမသိဘူး"

"အင်း. . . အဲ့ဒါနဲ့ ဒီထောင်ထဲ ဘယ်လိုရောက်လာရတာ လဲ"

"မိန်းမက လင့်ဝတ္တရား မကျေပွန်မှုနဲ့ တရားစွဲတော့ အမှု ရှုံးပြီး ထောင်ကျလာတာပါ"

ဩော်. . . သူ့အမှုကလည်း တစ်မျိုးပါလား။

"မိတ်ဆွေက ဒီရွာကပဲလား"

ထောင်ကျနေတဲ့လူက သင့်ကို မေးလိုက်တာပါ။

"မဟုတ်ဘူး တီရွာကပါ"

"တီးရွာ ဟုတ်လား"

"မဟုတ်ပါဘူး၊ တီရွာကပါ 'တိုဝေသီ'ရွာမှာရှိတဲ့ ချစ်သူဆီ ကို သွားတွေ့ဖို့ ထွက်လာရင်း ဒီလို အဖမ်းခံရတာပါပဲ"

"စိတ်မကောင်းလိုက်တာဗျာ၊ မနေ့ကပဲ ကျုပ် အချစ်ဆိုတဲ့ အိစ္စကြီးကို တွေးနေတာဗျ၊ သူ ဘယ်ကလာသလဲဆိုတာကို၊ နေပါဦး ခုနက စာရေးလို့ ထောင်ကျတာဆို ရှင်းပါဦးဗျ"

သူတို့ရွာအတွက် သူသျှိုလုပ်ပေးတယ်လို့သိရင် ထိုလူ စိတ်ဆိုးသွားမလားမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အသံက သဘောကောင်းမယ့်ပုံရတယ်။ ဒါကြောင့် သင်လည်း အကြောင်းစုံ ရှင်းပြလိုက်တယ်။

■

(၂၅)

“နေဦး. . . နေဦး ခုနက ပြောလိုက်တဲ့ ဘာ. . .”

“ဘာကို ပြောတာလဲ”

“တီးရွာနဲ့ ကျုပ်တို့ရွာကြားမှာ ဖြစ်နေတဲ့ ပြဿနာဆိုတာလေ”

“ဪ. . . အဲ့ဒါလား အရက်ဆိုင်မှာ စဖြစ်တာ. . . . .”

သင်က ပုလင်း (၁၆)လုံးအကြောင်း၊ အနည်းဆုံး (၁၀)လုံးတိုပဲထိပြီး ရွှေ့ရမည့်အကြောင်း၊ မနက်ဖြန် အဖြေမရပါက ပြဿနာဖြစ်ကြမယ့်အကြောင်း စတာတွေကို ပြောပြလိုက်တယ်။

“ပုလင်းက (၁၆)လုံး၊ (၁၀)လုံးထက် ပိုမရွှေ့ရဘူး”

စဉ်းစားနေတဲ့ပုံစံကြောင့်-

“ဘာလဲ. . . အဖြေသိလို့လား”

“မသိပါဘူး ကြားဖူးလို့”

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ကြားဖူးတာလဲ"

"အဲဒီပုစ္ဆာကို"

"ဟုတ်လား၊ ဘယ်မှာ ကြားဖူးတာလဲ"

"နေပါဦး ကြားဖူးပါတယ်"

တစ်ဖက်လူက စကားတတွတ်တွတ်ရွတ်ရင်း စဉ်းစား ကာ လမ်းလျှောက်နေပုံရတယ်။

"အခန်းနံပါတ် (၁)၊ အခန်းနံပါတ် (၁)... ကျောင်း... ဟာ... ဒီကောင် အိပ်နေလား မသိဘူး"

သူ့ရဲ့ တစ်ဖက်အခန်းကို လှမ်းအော်နေသံ ကြားလိုက်ရ ပြန်တယ်။

"ဘာလဲ ကြားတယ်"

အခန်းနံပါတ် (၁)ကလည်း ပြန်ထူးတယ်။

"ဒီမှာ... ကျောင်း ငါတစ်ခုလောက် မေးချင်လို့"

"ဘာလဲ၊ ဘာတွေမဟုတ်တာ စဉ်းစားနေပြန်ပြီလဲ"

"အာ... အဲ့ဒါတွေ ပြောပြမလို့ မဟုတ်ပါဘူး၊ ဒီလို ကွာ... စားပွဲပေါ်မှာ ပုလင်း (၁၆)လုံးရှိတဲ့ ပုစ္ဆာလေ၊ အဲ့ဒါ ငါ ဘယ်မှာ ကြားဖူးလဲ မသိလို့ မင်းမေးကြည့်တာ"

"ပုလင်း (၁၆)လုံး (၁၀)လုံးထက်မများဘဲ ရွှေ့ရမယ် ဘယ်လိုပေါင်းပေါင်း (၁၀)ရရမယ်ဆိုတဲ့ဟာလား"

"အေး... ဟာ ဟုတ်တယ်"



"အဲ့ဒါ အခန်းနံပါတ် (၆)ကလူ ပြောပြတဲ့ ပုစ္ဆာလေ"

ဟင်... အခန်းနံပါတ် (၆)ဆိုတော့ သင့် တစ်ခန်းကျော် က အခန်းပေါ့။ ကြာကြာမတွေးလိုက်ရပါဘူး။ ကိုစပ်စုက သင့်ကို လှမ်းခေါ်ပြန်တယ်။

"ဒီမှာ အခန်းနံပါတ် (၈)က မိတ်ဆွေ"

သင်ကလည်း ကြားကြောင်း ပြန်ထူးရင်း သူ့ဆက်ပြော မယ့်စကားကို နားထောင်နေလိုက်တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

"ဟင်. . . ဒါဆို အဲ့ဒီအဖြေကို အစ်ကိုတို့ သိတာပေါ့၊ ပြော. . . ပြောပြစမ်းပါ၊ အဖြေက ဘာလဲ"

"အာ. . . အဲဒီတုန်းက သူက ပြောသာပြောတာ ငါတို့က စိတ်ဝင်စားတာ မဟုတ်တော့ မမှတ်ထားပါဘူး။ ပြီးတော့ အဲ့ဒီလူနဲ့ ငါတို့နဲ့က စကား မပြောဖူးဘူး။ တစ်ယောက်စကား တစ်ယောက် လက်ဆင့်ကမ်းရင်းနဲ့ ကြားရတာ"

"ဘယ်လို တစ်ယောက်စကားတစ်ယောက်ဆိုတာ. . ."

"ဒီလိုလေ မိတ်ဆွေဘေးက အခန်းနဲ့ မိတ်ဆွေ စကား ပြောနေတာကို ကျုပ်က ကြားမယ်။ အဲ. . . မိတ်ဆွေရဲ့အခန်း ကပ်လျက်ကလူနဲ့ အခြားအခန်းကလူနဲ့ ပြောသံကိုတော့ ကျုပ်တို့က မကြားရဘူး။ အဲဒီလောက်ထိပဲ ကျုပ်တို့အချင်းချင်း ပြောဆိုလို့ရ တာ"



"ဪ. . . ဒါဆို ခုနက အဖြေသိတဲ့လူက အခန်း (၆) ကဆိုတော့ တစ်ခန်းကျော်က အခန်းကလူပေါ့"

သင့်အခန်းနံပါတ်က (၈)ဆိုတော့ သင်က သင့်ရဲ့ တစ်ခန်း ကျော်ကလူလို့ ထင်လိုက်တာပါ။

"အင်း. . . မဟုတ်ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ၊ ဒီအခန်းနံပါတ်က (၈)ဆိုတော့ ဘေးခန်းက (၇)ပေါ့"

"မဟုတ်ဘူး။ ဒီမှာက အဲ့ဒီလို မဟုတ်ဘူး"

"ဘယ်လိုကြီးလဲ"

"အင်း. . . ဘယ်လိုကြီးလဲဆိုတော့ ဒီအဆောင်မှာက အခန်း (၉)ခန်းရှိတယ်၊ တစ်ခန်းက လွတ်နေတယ်၊ အရင်ကတော့ အဲ့ဒီအခန်းမှာ ထောင်ဖောက်ပြေးဖူးတဲ့ လူတစ်ယောက်နေတယ်"

"အင်း. . ."

"ကျုပ်အခန်းနံပါတ်က (၂)၊ ကျုပ်အခန်းကနေ အခန်း (၁)၊ အခန်း (၈)၊ အခန်း (၅)၊ အခန်း (၃)တွေကို စကားပြောလို့ ရတယ်"

"ဟင်"

နည်းနည်းတော့ ရှုပ်ထွေးသွားတယ်။ ဒါပေမယ့် ဆက် နားထောင်ဦးဗျ။ တော်ကြာ သူပြောတာတွေ လွတ်သွားဦးမယ်။

"ဟုတ်တယ်၊ အဲ့ဒါနဲ့ အကုန်လုံးကို စပ်စုကြည့်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)ကလူဆိုရင် အခန်း (၅)ကလူနဲ့ စကားပြောလို့ရတယ်၊ အခန်း (၈)ကလူနဲ့ စကားပြောလို့ရတယ်"

"အခန်းတွေက နံပါတ်စဉ်အလိုက် မဟုတ်ဘူးလား"

"ဘယ်ကသာ ဟိုး အစကနေ (၉)ခန်းရှိပေမယ့် အခန်း နံပါတ်တွေကတော့ အခန်းစဉ်လိုက် အတိုင်းမဟုတ်ဘူး"

"ဘယ်လိုဖြစ်နေလို့လဲ"

"အင်း. . . ခဏလေး"

ထိုသူက ပြန်စဉ်းစားနေပုံရတယ်။ ပြီးမှ-

"၇၊ ၅၊ ၆၊ ၈၊ ၂၊ ၁၊ ၄၊ ၃ နဲ့ အခန်းလွတ်ဗျ"

"ဟင်. . . အခန်းနံပါတ်တွေကလည်း. . ."

"ဟုတ်တယ်၊ ဒါပေမယ့်လည်းဗျာ၊ ကျုပ်တို့ကလည်း ကျုပ်တို့ပြောလို့ရတဲ့ အခန်းတွေနဲ့ ပြော၊ အဲ့ဒီ ကျုပ်တို့ပြောလို့ရတဲ့ အခန်းတွေကလည်း သူတို့ပြောလို့ရတဲ့ အခန်းတွေက စကားတွေကို ကျုပ်တို့ကို ပြန်ပြောနဲ့ ဒီလိုပဲ နေခဲ့ကြတာ"

ဒီထောင်တန်းလျားက ဘယ်လိုကြီးလဲလို့ သင်က တွေးမိလိုက်တယ်။

"တစ်ခုတော့ ရှိတယ်ဗျ"

သင်တွေးနေတာကို ရိပ်မိလို့လား မသိဘူး ထိုလူက စကားဆက်ပြောပြန်တယ်။

"ကျုပ်တို့အားလုံး အထင်ပြောရရင် ကျုပ်တို့ စကားပြော



လို့ရတဲ့ အခန်းတွေ တစ်ခုနဲ့တစ်ခုကို ပိုက်လုံးတွေနဲ့ ဆက်ထားတယ်လို့ တင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်စကားကို မိတ်ဆွေကြားတဲ့အခါ လှိုက်သံလိုလိုပါတယ်မှတ်လား။ ပြီးတော့ ကျုပ်တို့ထဲက တစ်ယောက်က အခန်းထဲမှာ လိုက်စပ်စုရင်းနဲ့ ပိုက်လုံးတွေ့လို့ ဝင်ကြည့်ဖူးတယ်။ လူတစ်ကိုယ်ဆန့်တယ် ပြောတာပဲ"

"ဒါဆို အဲဒီအခန်း (၆)ကလူနဲ့ စကားပြောလို့ မရဘူးပေါ့"

"ဟုတ်တယ်၊ ပြောလို့ မရဘူး၊ မိတ်ဆွေအခန်းကနေ ပြောချင်ရင်တော့ ကျုပ်အခန်း (၂)ရယ်၊ (၄)ရယ်၊ (၇)ရယ်နဲ့ပဲ ပြောလို့ရမယ်၊ ကျန်တဲ့အခန်းတွေပြောချင်ရင် တစ်ဆင့်ခံ ပြောပေါ့"

သင် စိတ်ပျက်သွားတယ်။

ဟုတ်တယ်လေ၊ အခန်းက ကျဉ်းရတဲ့ကြားထဲ ပြောချင်တဲ့သူနဲ့ ပြောမရ တော့ ပိုဆိုးနေတာပေါ့။

အဲဒါနဲ့ သင်လည်း စကားပြောချင်စိတ်မရှိတော့တာနဲ့ မြေကြီးပေါ်မှာ အိပ်ချလိုက်တယ်။

ပင်ပန်းလာလို့လားမသိဘူး ခဏအကြာမှာ အိပ်ပျော်သွားတော့တယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

မြေကြီးရဲ့ ချမ်းစိမ့်စိမ့်အအေးကြောင့် သင် လန့်နိုးသွားတယ်။ ရုတ်တရက် ဘယ်ရောက်နေတာလဲဆိုပြီး ကြောင်တောင်တောင် ဖြစ်နေသေးတယ်။

နောက်မှ ထောင်ထဲ ရောက်နေပါလားဆိုပြီး ပြန်တွေးမိမှ စိတ်အားငယ်သွားပြန်တယ်။ အဲဒီအချိန်မှာ သင်နဲ့ စကားပြောလို့ ရတဲ့ အခန်းနံပါတ် (၂)က အဖော်ကလည်း သင့်လိုပဲ အိပ်မောကျနေလားမသိဘူး။ စကားပြောသံ မကြားရချေ။

သင်လည်း ဗိုက်ဆာနေမှာပေါ့။ အေးဗျာ... ဘယ်အချိန် စားစရာ လာပို့မလဲ မသိဘူး။ ပိုဆိုးတာက အပြင်မှာ မှောင်နေသလား၊ လင်းသလားဆိုတာတောင် ခွဲခြားမရဘဲ ဖြစ်နေတယ်။

အခန်းက ဒီထက်ကျယ်ပါက သင် အဆင်ပြေနိုင်ပေမယ့် အခုက တစ်ယောက်တည်းတောင် ကျပ်ကျပ်သိပ်သိပ် နေရတော့ သင် စိတ်ကျဉ်းကျပ်နေတာပေါ့။



ဗိုက်ကလည်း ဆာနေပြီ၊ စိတ်ကလည်း ညစ်ဆိုတော့ သင် တွေးမိတွေးရာ လျှောက်တွေးနေတာပေါ့။ တစ်သက်လုံး ဒီလိုပဲ နေရတော့မှာလား။

တွေ့ချင်ဦးဟဲ့ ချစ်သူ။ ထားချင်ဦးဟဲ့ ရည်းစား၊ အခုတော့ ဒုက္ခရောက်ပြီ။

သေမလား ရှင်မလား မသိတဲ့ ဘဝကြီးထဲ... စသဖြင့်...။

ဟိုတွေးဒီတွေးနေနဲ့ပေါ့...။

အေးလေ... အခုတော့ သင်က သင့်ကိုယ်သင် အပြစ်တင်နေပြီပေါ့။ ဒီလိုပါပဲ ဘဝဆိုတာ ဖြစ်တတ်ပါတယ်။

ဒုက္ခ (ဒုက်ခ)ဆိုတာ ငယ်ငယ်တုန်းက တစ်ခုခု အပြစ်လုပ်မိလို့ အမေက တုတ်ကောက်ခဲ့လို့ပြောတဲ့စကားနဲ့ ခပ်ဆင်ဆင်ဘူပါတယ်။ နာဖို့သာ ပြင်ထားဆိုတဲ့ အဓိပ္ပာယ်ပါ။

ခဏကြာတော့ သင်က ဟိုလျှောက်တွေး၊ ဒီလျှောက်တွေးနဲ့ စိတ်က တည်ငြိမ်သလို ပြန်ဖြစ်လာတယ်။

အမှားအမှန်ကိုလည်း မြင်လာမိတယ်။ တွေးတောလာနိုင်တယ်။ သင် ရွာက ထွက်လာပြီးနောက်ပိုင်း အဖြစ်အပျက်များကိုလည်း ပြန်တွေးကာ...

ဒီထောင်ထဲက ဘယ်လိုထွက်ရမလဲဆိုတဲ့ နည်းလမ်းကိုတောင် စဉ်းစားစ ပြုလာခဲ့ပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အမေကို အကျိုးအကြောင်း စာရေးပြီး လာကူညီခိုင်းမလား၊ ဒါမှမဟုတ် ချစ်သူရဲ့ရွာနဲ့က ပိုနီးတယ်ဆိုတော့ စာရေးပြီး အကူအညီ လှမ်းတောင်းရင်ရော။

သင့်အတွေးတွေက ရှုပ်ယှက်ခတ်နေတယ်။ တကယ်တမ်းတွေးကြည့်တော့ ထောင်ထဲကနေ သင့်စာကို သူတို့ဆီရောက်အောင် ဘယ်သူက ပို့ပေးမှာလဲ။ ထောင်စောင့်တွေလား၊ ဝေးပါသေးတယ်။ အခုတောင် ထမင်းစားဖို့ လာမပို့သေးတာ။

ဒါဆို ထောင်ဖောက်ပြီး ထွက်ပြေးမယ် ဆိုရင်ရော. . .

အဲ. . . အဲ့ဒါတော့ မသိဘူး။ သင့်ဘာသာသင် ကြည့်ကျက်လုပ်ကြည့်ပေါ့။

သင်က ချက်ချင်းပဲ အခန်း (၂) အသံလာရာဘက်မှန်းပြီး

"အခန်း (၂)ကလူ အခန်း (၂)ကလူ"

ဆိုပြီး အော်ခေါ်လိုက်တယ်။

"ဟင်. . . ဘာတုံး၊ ဘာဖြစ်လို့လဲ"

ကိုစပ်စုက အလန့်တကြား ပြန်မေးတယ်။

"ဟို တစ်ခု သိချင်လို့"

"အင်း. . ."

"ဒီထောင်တန်းလျားထဲကနေ ထောင်ဖောက်ပြေးဖူးတဲ့သူရှိတယ်ဆို"

"အေးလေ"



"အဲ့ဒီလူက ဘယ်အခန်းကနေ ထောင်ဖောက်ပြေးတာလဲ"

"ဩော်. . . ခုနက ပြောလိုက်တယ်လေ၊ အခန်း (၉)ခန်းထဲမှာ လူမနေတဲ့ အခန်းလွတ် တစ်ခုရှိတယ်။ အဲဒီအခန်းထဲက ဖောက်ပြေးတာ"

"အခု အဲ့ဒီလူ လွတ်သွားလား"

"ဘယ်လွတ်မလဲ၊ ပြန်မိတာပေါ့၊ အခု ဟိုဘက်တန်းလျားထဲမှာ ချုပ်ထားတယ်"

"ဟင်"

သင် စိတ်ဓာတ်ကျသွားတယ်။ တစ်ခုခု မျှော်လင့်ချက်နဲ့ အားတက်သရော မေးလိုက်ပေမယ့် ထင်သလို မဖြစ်လာတော့ ပိုပြီး စိတ်ညစ်သွားတယ်။

"ဘာလဲ မိတ်ဆွေက သူ့လိုပဲ ထောင်ဖောက်ပြေးမလို့လား"

ကိုစပ်စုကလည်း သင့်အကြံကို ရိပ်မိတယ်ဗျ။ သူက ဆက်ပြောတယ်။

"မလွယ်တော့ မလွယ်ဘူး မိတ်ဆွေရေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်တို့ ထောင်က ဝက်ဘာလို ပတ်နေရတဲ့အထဲမှာ ဆောက်ထားတာ။ အကယ်လို့ ထောင်အပြင်ရောက်လို့ ဝက်ဘာထဲမှာ လမ်းမှားရင် လည်နေရော၊ နေ့ဘက်ဆိုရင် အစောင့် ရှိတယ်။ ညဘက်ဆိုရင် ကင်းစောင့်တဲပေါ်ကနေ တစ်မှေးစာလောက်တစ်ခါ မီးမောင်းထိုးပြီး အချိန်တိုင်း စောင့်နေလေ့ရှိတယ်။ အဲဒါတွေ

www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီးရင် ထောင်ဂိတ်တံခါး၀ ရှိသေးတယ်”

“အဲဒီ ဂိတ်တံခါးမှာရော အစောင့်ရှိလား”

“နေ့ဘက်ဆိုရင်တော့ အစောင့်တွေ ရှိတာပေါ့။ ညဘက်ဆိုရင်တော့ အစောင့်တွေမရှိဘူး။ ဒါပေမယ့် တံခါးပိတ်ထားတယ်။ အဲတံခါးဆိုလို့ သော့ဂလောက်တွေနဲ့ ပိတ်ထားတာ မဟုတ်ဘူး။ ဘာလဲ. . . အဝိုင်းမှာ လက်တံတွေဘာတွေနဲ့ လုပ်ထားတာ။ မှန်မှ ပွင့်တာဆိုပဲ၊ အဲ. . . မှန်အောင် ဖွင့်နိုင်လို့ ပွင့်သွားရင်တောင် ထောင်ပတ်ပတ်လည်မှာ လုပ်ထားတဲ့ ကျုံးကို ကျော်နိုင်မှ လွတ်မှာ”

“ဒါဆို မလွယ်ဘူးပေါ့”

“ဟုတ်တယ်”

“ဟူး. . .”

သင်က သက်ပြင်းချပြီး မြေကြီးပေါ်မှာပဲ ပြန်လှဲချလိုက်တယ်။ ဒီအတွေးကလည်း အဆင်မပြေတော့ဘူးဆိုတော့ ဘာ ဆက်လုပ်ရမှန်းမသိဘူး ဖြစ်သွားတာပေါ့။

“ကျုပ် ကိုယ်ချင်းစာပါတယ်ဗျာ၊ မိတ်ဆွေလည်း ကျုပ်တို့ရွာနှစ်ရွာကြားမှာ ကြားညပ်နေတယ်ဆိုတာ အခုဆို မိတ်ဆွေ ချစ်သူက မျှော်နေရောပေါ့”

သူ့စကားကြားမှ သင် ပိုပြီး ဝမ်းနည်းလာတယ်။

(၂၈)

“ဒါနဲ့ မေးပါရစေ”

“အင်း. . . မေးလေ”

“မိတ်ဆွေတို့ရွာနဲ့ တီးရွာဖြစ်နေတဲ့ ပြဿနာရဲ့အဖြေက ဒီမှာ ရှိနေရဲ့သားနဲ့ ဘာဖြစ်လို့ မကူညီတာလဲ”

သင်က တကယ်သိချင်လို့ မေးလိုက်တာပါ။

အဲဒီအခါ ကိုစပ်စုက သက်ပြင်းချပြီး-

“တကယ်တော့ အဲဒီကိစ္စက တွေးကြည့်ရင် ဘာမှ အဓိပ္ပာယ်မရှိတဲ့ အလုပ်ပါဗျာ၊ နေပါစေ ပြောနေလို့လည်း ထူးမှာမှ မဟုတ်တာ။ ကျုပ်အထင်ပြောရရင် အခန်း (၆)ကလူက အဲ့ဒီ ပုစ္ဆာကို စားစရာလာပေးတဲ့ခွက်မှာ ဇွန်းနဲ့ခြစ်ပြီး ရေးခြစ်ပုံဆွဲလိုက်ပုံရပါတယ်။ သူကလည်း ပျင်းတော့ သူစဉ်းစားတဲ့ ပုစ္ဆာကို ရေးပိုက်ပုံရတာပေါ့။ မေးခွန်းတွေ ပုံတွေနဲ့ အဲဒါကို စားပြီးတော့ အစောင့်တွေ

www.burmeseclassic.com

www.burmeseclassic.com



က လာသိမ်း၊ အပြင်ကိုရောက်၊ တစ်ယောက်ကတွေ့ပြီး စဉ်းစားနဲ့ ပျံ့သွားတာနေမှာပါ"

သူ တွေးပြတာတော့ ဖြစ်နိုင်တယ်။

"ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နေတာပဲ ကောင်းပါတယ်"

သူက ဆက်ပြောသောကြောင့် သင်က အတွေးရသွားပြီး-

"အဲဒီအဖြေက တိန်ရွှာအတွက် အရေးကြီးလိုနေတာ ဒီတော့ အဖြေပေးပြီး လွတ်လမ်းရအောင် ရှာလို့မရဘူးလား"

"ထောင်ထဲက လူတစ်ယောက်ရဲ့စကားကို အပြင် ရောက်အောင် ဘယ်လိုပြောမလဲ၊ အစောင့်ကလည်း မနက်တစ်ကြိမ်ပဲလာတယ်၊ ဒါတောင် အချိန်မှန်တာ မဟုတ်ဘူး။ စားစရာ ပေးမယ် ရေပေးမယ်၊ အိမ်သာသွားဖို့ ခွက်ပေးမယ်၊ အထဲကို ကြည့်တောင် ကြည့်တာမဟုတ်ဘူး။ ပြီးရင် ပြန်သိမ်းမယ်၊ ဒါပဲ။ အဲ. . . ဒီညတွင်းချင်း ထောင်ထဲက လွတ်ရင်တော့ တစ်မျိုးပေါ့"

"ဟင်. . . အပြင်မှာ ညတောင် ရောက်နေပြီ ဟုတ်လား"

"အေးလေ"

"အပြင်ကို မြင်ရတာ မဟုတ်ဘဲနဲ့ ညရောက်နေမှန်း ဘယ်လိုသိလဲ"

"ကျုပ်နေတဲ့အခန်းထဲကို အပြင်မှာ မှောင်သွားရင် ထွန်းတဲ့ ညစောင့်မီးရောင်ကြီးက အပေါက်ကလေး သေးသေးလေးကနေ



ဝင်ဝင်လာတယ်လေ၊ ဒီတော့ ညရောက်ပြီဆိုကာ သိတာပေါ့"

"ဩော်. . . ဘာပဲဖြစ်ဖြစ်ဗျာ၊ အဲ့ဒီ အဖြေကိုတော့ သိချင်တယ်၊ ပြောပြပါလား"

"ကျုပ်လည်း မသိဘူး"

"ဒါဆို မေးပေးပါလား၊ သူ့အခန်းကို ဆက်သွယ်လို့ရတဲ့ လူတစ်ယောက် အခန်းကနေ မေးပေးပါလား"

"ဟာ. . . မိတ်ဆွေ မသိသေးပါဘူး။ ကျုပ်တို့က လူသာနည်းတာ တစ်ယောက်နဲ့တစ်ယောက်နဲ့ တည့်တာ မဟုတ်ဘူး၊ ကျုပ်တောင် ဘေးခန်းက နံပါတ် (၁)နဲ့ပဲ စကားပြောတာ"

ရော်. . . သူတို့ကလည်း လူနည်းနည်းလေးရှိတာတောင် မတည့်ကြဘူးဆိုတော့. . . အင်းလေ ဖြစ်တတ်ပါတယ်။

သူက သင့်ကို ဆက်ပြောပြန်တယ်။

"အဲဒါကြောင့် ထောင်အစောင့်တွေလာရင် တည့်တဲ့လူချင်း စကားပြောလို့ရအောင် အခန်းတွေ ရွှေ့ပေးဖို့ ပြောရတာလည်း အာပေါက်တော့မယ်၊ ဂရုတောင် မစိုက်ပါဘူး"

"ဘယ်သူက ဘယ်သူနဲ့ စကားပြောချင်လဲဆိုတာကို သိလို့လား"

"သိတာပေါ့"

ကိုစပ်စုက ဘယ်အခန်းနံပါတ်က ဘယ်အခန်းနံပါတ်နဲ့ နေချင်တယ်၊ စကားပြောချင်တယ် စသဖြင့် သင့်ကို ရေရွတ်ပြနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

သင်ကလည်း သူပြောတာကို နားထောင်နေရင်းနဲ့မှ-

"ဟင်. . . ဒါဆို မိတ်ဆွေတို့က နံပါတ်စဉ်လိုက် နေချင်နေတာပေါ့"

"အင်း ဟုတ်တယ်"

အခန်းနံပါတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ အခန်းလွတ်စသည်ဖြင့် အခန်းလိုက် နေချင်ပုံရတယ်။

အခုဖြစ်နေတာက ၇၊ ၅၊ ၆၊ ၈၊ ၂၊ ၁၊ ၄၊ ၃ ဆိုပြီး နေနေရတာပါ။

"အခန်းနံပါတ်တွေကိုတော့ ပြောင်းလို့မရဘူး၊ လူကိုတော့ ပြောင်းလို့ရမယ်၊ အခန်းနံပါတ် (၁)ကလူ စသည်ဖြင့်ပေါ့. . . ဟုတ်လား"

"အင်း. . . ကျုပ်တို့ကလည်း လူပဲ ပြောင်းချင်တာပါ။ ဒါပေမယ့် ပြောင်းသာပြောင်းချင်တာပါ၊ အာဏာပိုင်တွေက မပြောင်းပေးသေးဘူး"

သင် တစ်ခု အတွေးရလိုက်လေတယ်။

"ဒီမှာ မိတ်ဆွေ"

"အင်း"

"ခုနကပြောတဲ့ စကားထဲမှာ တစ်ခန်းနဲ့တစ်ခန်း စကားပြောလို့ရတယ်ဆိုတာ ပိုက်လုံးတွေနဲ့ သွယ်တန်းထားလို့ ဖြစ်လိမ့်



မယ်ဆိုပြီး မိတ်ဆွေပြောခဲ့တယ် မှတ်လား"

"ဖြစ်လိမ့်မယ် မဟုတ်ဘူး၊ ဟုတ်ကို ဟုတ်တာလေ၊ လူတစ်ယောက်တောင် ဝင်ကြည့်ပြီးသွားပြီ၊ မယုံရင် မိတ်ဆွေအခန်းထဲမှာလည်း ရှာကြည့်ပါလား"

သင်က မတ်တတ်ရပ်လိုက်ပြီး နံရံတစ်လျှောက် လိုက်စမ်းကြည့်ရာ အဖုံးဖုံးထားတဲ့ အပေါက်သုံးပေါက်ကို တွေ့ရတယ်။

"သုံးပေါက် တွေ့တယ်"

"ဒါဆို မိတ်ဆွေအခန်းက ကျန်တဲ့အခန်း ကျုပ်အပါအဝင် အခြား သုံးခန်းကလူတွေနဲ့ စကားပြောလို့ရတယ်"

"တစ်ခု ကူညီပါဦး"

"ပြောလေ ရပါတယ်"

"ဘယ်အခန်းနံပါတ်က ဘယ်အခန်းနံပါတ်ကို စကားပြောလို့ရတယ်ဆိုတာ အကုန်သိလား"

"သိတာပေါ့"

"ပြောပြပါလား"

ကိုစပ်စုက တစ်ခုချင်းစီ ရွတ်ပြတယ်။

အခန်း (၁)က အခန်း (၂)၊ အခန်း (၆)နဲ့ ဘယ်သူမှ မရှိတဲ့အခန်းနဲ့ ပြောလို့ရ. . .


အခန်း (၂)က အခန်း (၁)၊ အခန်း (၃)၊ အခန်း (၅)၊ အခန်း (၈)နဲ့ ပြောလို့ရ။

www.burmeseclassic.com

www.burmeseclassic.com



ကိုစပ်စုက အဲဒီလို ရေရွတ်နေစဉ်မှာပဲ သင့်က မြေကြီးပေါ်မှာ တစ်ဖက်ပါအတိုင်း ပုံတစ်ပုံကို လိုက်ဆွဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း အဲဒါပဲ"

ကိုစပ်စုက သူ့စကားကို အသုံးသတ်ပြီးနောက် တစ်ခုခု သတိရသွားတာကြောင့်-

"နေစမ်းပါဦး ကျုပ်ကို ဒါတွေမေးရအောင် မိတ်ဆွေက ဘာလုပ်မလို့လဲ"

သင်က ကိုစပ်စုစကားကို ပြန်မဖြေနိုင်အားဘဲ မြေကြီးပေါ်မှာ လက်ညှိုးဖြင့် ဖျက်လိုက် ပြန်ရေးလိုက်နဲ့ အလုပ်ရှုပ်နေတယ်။

"ဟော့ ပြန်ဖြေဦးလေ"

"ခဏလေး၊ ဒီမှာ တွက်ကြည့်နေလို့"

"ဘာတွက်နေတာလဲ"

"အခန်းပြောင်းစီနေတာ"

"ဘယ်လို. . ."

■

## (၂၉)

အချိန်အတော်ကြီးကြာသွားတယ်။ လက်က ညောင်းကိုက်လာမှသာ သင်လိုချင်တဲ့အဖြေကို ရလိုက်တယ်ဆိုတော့ သင့်စိတ်တွေ လှုပ်ရှားနေတယ်။

ဒါဆိုဒီနေရာမှာ သင် လူစွမ်းလူစ မည့်ကြောင်းကို ပြရတော့မယ်ဗျ။

ဒီတော့ သင်က ကိုစပ်စုကို လှမ်းခေါ်လိုက်တယ်။

"အခန်း (၂)၊ အခန်း (၂)"

"ဟေ. . . အခုမှ အလန့်တကြား ဘာလဲ"

"တစ်ခု ပြောမလို့"

"အင်းပြော"

"ဒီတန်းလျား အခန်းက လူတွေနေချင်တဲ့ အခန်း အစီအစဉ်အတိုင်း ရွှေ့ပေးမယ်။ ဒါပေမယ့် ဒီထောင်ထဲက ထွက်လို့ရအောင်တော့ အားလုံး တူညီပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကို ကူညီပေးရမှာလား"

"ဟုတ်တယ်"

သင့်စကားကြောင့် ကိုစပ်စု တွေဝေသွားပုံရတယ်။ ယုံလည်း ယုံကြည်ပုံ မရချေ။ အဲဒါကြောင့်-

"ဘယ်လို ရွှေ့ပေးမှာလဲ"

ဆိုပြီး ပြန်မေးတယ်။

"ဒါက အားလုံးသဘောတူတယ်ဆိုရင် ရွှေ့ပေးမှာပါ။ အကုန်အဆင်ပြေသွားပါလိမ့်မယ်"

သင့်စကားအဆုံးမှာ ကိုစပ်စုက သူနဲ့တည့်တဲ့ အခန်း (၁)ကလူနဲ့ စကား အနည်းငယ်ပြောနေတာကို ကြားရတယ်။

"ဒီမှာ. . . မိတ်ဆွေ"

ခဏကြာတော့ သင့်ကို လှမ်းခေါ်ပြန်တယ်။

"ဟုတ်ကဲ့"

"ကျုပ်တို့ သဘောတူတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် မိတ်ဆွေကို ထောင်ထဲက ထွက်လို့ရအောင် ကျုပ်တို့မှ မကူညီနိုင်ဘဲ"

"ဒါကတော့ ရပါတယ်၊ ကံကြမ္မာပါပဲ"

"ဘာ ကံကြမ္မာလဲ"

"မိတ်ဆွေပြောတယ်မှတ်လား။ ဒီတန်းလျားက ထွက်နိုင်ရင် ဝက်ဘာတွေ့မယ်၊ တံခါးတွေ့မယ်၊ ပြီးရင် ကျုံးတွေ့မယ်၊ အဲဒီ



လောက်ပဲ သိတာ မှတ်လား"

"ဟုတ်တယ်လေ"

"ကျန်တဲ့လူတွေလည်း အဲ့ဒါတွေနဲ့ ပတ်သက်တာ တစ်ခုခု သိထားတာရှိရင် ရှိနိုင်တာပဲ"

"ဒါဆို ကျုပ်တို့က ဒီထောင်နဲ့ ပတ်သက်တာတွေကို တစ်ခု မကျန် ပြောရမယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ အဲ့ဒီအပေါ်ကိုကြည့်ပြီးမှ ဘယ်လို လုပ်လို့ရမလဲဆိုတာ စဉ်းစားလို့ရမှာ"

"အဲ့ဒါဆိုရင်တော့ ကျန်တဲ့လူတွေ သဘောတူနိုင်ဖို့ များပါတယ်၊ ခဏစောင့်ဦး"

အဲ့ဒီလိုနဲ့ ကိုစပ်စုက သူနဲ့ဆက်နွယ်နေတဲ့ အခြား အခန်းတွေကို ရှင်းပြလိုက်တယ်။

ကျန်တဲ့သူတွေကလည်း သူတို့နှင့် ဆက်သွယ်ရာ အခန်းတွေကို ထပ်ပြီး အကြောင်းကြားပေ့ါ။

အဲ့ဒီလိုနဲ့ တန်းလျားတစ်ခုလုံး အလုပ်ရှုပ်ကုန်ကြတော့တယ်။

နောက်ဆုံးမှာတော့-


"သဘောတူတယ်"

ဆိုတဲ့ အဖြေထွက်ပေါ်လာတော့တယ်။


■

www.burmeseclassic.com

www.burmeseclassic.com




အထက်ပါအခန်းအတွင်းရှိသူများကို အောက်ပါပုံစံအတိုင်း ရွှေ့ပြောင်းပေးရမည် ဖြစ်ပါသည်။




ကဲ ... သင်ဘယ်လိုရွှေ့မလဲ ?

## (၃၀)

"ကဲ. . . အဆင်သင့်ဖြစ်ပြီလား"

သင့်ရဲ့ ပြောဆိုချက်ကို အားလုံးက တစ်ခန်းချင်း တစ်ခန်းချင်း ပြန်ပြောပြကြရာ အဆင်သင့်ဖြစ်ပြီဆိုမှသာလျှင် သင်က အောက်ပါအတိုင်း ရှင်းပြလိုက်တယ်။

"အခန်း တစ်ခန်းနဲ့တစ်ခန်း စရွှေ့တဲ့နေရာမှာ ပိုက်လုံးတွေကနေတစ်ဆင့် သွားရမယ်"

"ဟင်. . . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"ပြီးတော့ အခန်းတစ်ခန်းထဲမှာပဲ (၂)ယောက်ရှိနေလို့ မဖြစ်ဘူး၊ ပြီးတော့ အခန်းလွတ်ထဲမှာလည်း လူရှိလို့ မဖြစ်ဘူး၊ တော်ကြာ ဗျန်းစားကြီး လူလာစစ်မှ ဒုက္ခရောက်နေမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလိုလည်း မဖြစ်စေရပါဘူး၊ အခန်းလွတ်မှာ လူ ခဏ တော့ ရှိလို့ရတယ် မဟုတ်လား"

"အင်း အဲ့ဒါတော့ရတယ်၊ အမြဲနေလို့မှ မရတာ"

"ဒါဆို ကိစ္စ မရှိပါဘူး"

"ကဲ အဲဒါဆို ဘယ်လို စရွှေ့မလဲ"


"ဟိုးဘက်အစွန်ဆုံးမှာ အခန်းလွတ်တစ်ခု ရှိတယ် မှတ်လား"

"ရှိတယ်"

"အဲ့ဒီအခန်းလွတ်ကို အခန်းနံပါတ် (၁)က စကားပြောလို့ ရတယ်ဆိုတော့ အဲဒီပိုက်လုံးဟာ အခန်းလွတ်ထဲကို ဆက်သွယ်ထား တာဖြစ်လိမ့်မယ်။ ဒီတော့ အခန်းနံပါတ် (၁)ကလူက အခန်းလွတ် ထဲကို ပိုက်လုံးကတစ်ဆင့် သွားပါ"

"နံပါတ် (၁)က အခန်းလွတ်ထဲရောက်သွားလို့ နံပါတ် (၁)နေခဲ့တဲ့အခန်းက လွတ်သွားပြီဆိုတော့ အဲဒီနံပါတ် (၁)နေခဲ့တဲ့ အခန်းထဲကို နံပါတ် (၂)အခန်းက စကားပြောလို့ရတယ်ဆိုတော့ ပိုက်လုံးရှိလိမ့်မယ်၊ အဲဒီပိုက်လုံးအတိုင်း နံပါတ် (၂)က နံပါတ် (၁)အခန်းထဲကို သွားပါ"

မြေကြီးပေါ်မှာ ဆွဲထားတဲ့ တစ်ဖက်ပါပုံကိုကြည့်ပြီး အခန်းလွတ်တစ်ခုကို ကြားခံကာ ပြောင်းရွှေ့ပေးလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ၁ မှ လူသည် အခန်းလွတ်သို့

အခန်း ၂ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၁)အခန်း)

အခန်း ၃ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၂)အခန်း)

အခန်း ၁ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၃)အခန်း)

အခန်း ၂ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၁)အခန်း)

အခန်း ၆ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၂)အခန်း)

အခန်း ၅ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၆)အခန်း)

အခန်း ၃ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၅)အခန်း)

အခန်း ၁ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၃)အခန်း)

အခန်း ၂ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၁)အခန်း)

အခန်း ၆ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၂)အခန်း)

အခန်း ၅ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၆)အခန်း)

အခန်း ၃ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၅)အခန်း)

အခန်း ၁ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၃)အခန်း)

အခန်း ၂ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၁)အခန်း)

အခန်း ၄ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၂)အခန်း)

အခန်း ၈ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၄)အခန်း)

အခန်း ၇ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၈)အခန်း)

အခန်း ၁ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၇)အခန်း)

အခန်း ၂ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၁)အခန်း)



အခန်း ၄ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၂)အခန်း)

အခန်း ၈ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၄)အခန်း)

အခန်း ၇ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၈)အခန်း)

အခန်း ၄ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၇)အခန်း)

အခန်း ၅ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၄)အခန်း)


အခန်း ၆ မှ လွတ်သွားတဲ့အခန်း (အရင်အခန်း (၅)အခန်း)

(မှတ်ချက်။ စာဖတ်သူသည် စာရွက်အလွတ်တစ်ခုယူကာ နမူနာဆွဲပြီး အခန်းလိုက် ပြောင်းပါ။ တစ်ဖက်ပါ အခန်းအစီအစဉ် အတိုင်း ပြောင်းလဲသွားတာကို တွေ့ရမည်။)

■

www.burmeseclassic.com

www.burmeseclassic.com





အဲဒီလို အခန်းပြောင်းပြီးနောက် သင်က အခန်းနံပါတ် (၈)ဆိုတော့ အခန်းလွတ်ဘေးက အခန်းကို ရောက်ရှိသွားခဲ့တယ်။ ဒီတော့ သင့်စိတ်ကူးအတိုင်း. . .

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

သင်က သင့်နဲ့ အနီးဆုံးမှာရှိတဲ့ အခန်းလွတ် (အရင်ထောင်ဖောက်ပြေးဖူးသည့်လူအခန်း)ထဲကို ဝင်လိုက်တယ်။

သဘောတူညီထားတဲ့အတိုင်း သတင်းတွေ ပြောပြချက်အရဆိုရင် အရင်ထောင်ဖောက်ပြေးသူဟာ သူနေခဲ့တဲ့ အခန်းမှာပဲ အခြားအခန်းတွေနဲ့ မဆက်စပ်တဲ့ သီးခြားအပြင်ကို ဆက်ထားတဲ့ ပိုက်လိုင်းတစ်ခု ရှိပုံရတယ်။

ဒါပေမယ့် အစောင့်တွေက ပိုက်လိုင်းကို ပြန်ပိတ် မပိတ်တော့ မသိကြဘူးတဲ့။ နေပါစေ၊ အခု သင်က အခန်းလွတ်ထဲကို ရောက်နေပြီဆိုတော့ အဲ့ဒီပိုက်လိုင်းကို လိုက်ရှာကြည့်ပေါ့။

သင်က အခန်းလွတ်ထဲမှာ ပိုက်လုံးပေါက်များကို လိုက်ရှာနေရင်း ခဏအကြာမှာ. . .

ဟော. . . တွေ့ပြီ။ အပေါက်တစ်ပေါက်ကို တွေ့ရတယ်။



အဲဒီအပေါက်ကနေ စကားပြောကြည့်တော့ အခြားအခန်းနဲ့ ဆက်နေတယ်။ အပြင်ထွက်တဲ့အပေါက် မဟုတ်သေးဘူးဗျ။

နောက်တစ်ပေါက်တော့ ထပ်တွေ့တယ်။ ဒါလည်း မဟုတ်သေးဘူး။ သင်ဝင်လာတဲ့ ပိုက်လုံး အပေါက်ဖြစ်နေတယ်။

ဒါနဲ့ ဆက်ရှာကြည့်တော့ အဖုံးတစ်ခုကို စမ်းမိတယ်။

"ဟင်. . ."

ဝမ်းသာအားရဖြစ်သွားပြီး သင်က အဲဒီအဖုံးကို ဆွဲခွာလိုက်တယ်။ မပွင့်ဘူးဗျ။ နံရံကို ခြေထောက်နဲ့ ကန်ပြီး ဆွဲဖွင့်ကြည့်ပါလား။

အဲဒါနဲ့ နံရံကို ခြေထောက်နဲ့ကန်ပြီး အတင်းဆွဲဖွင့်လိုက်ရာ-

"ဒုန်း"

ဆိုပြီး အဖုံးပွင့်သွားကာ သင်လည်း နောက်ပြန်လန်ကျသွားတော့တယ်။

ဟုတ်တယ်။ အခုတွေ့ရတဲ့ပိုက်လုံးက အပြင်ကို ဆက်ထားတဲ့ ပိုက်လုံးဖြစ်နေတာကို တွေ့ရတယ်။

■

www.burmeseclassic.com


www.burmeseclassic.com

## (၃၂)

အပြင်ကို ဆက်သွယ်ထားတဲ့ ပိုက်လုံးက အခန်း အချင်းချင်းကို ဆက်သွယ်ထားတဲ့ ပိုက်လုံးထက် အနည်းငယ် ကြီးတယ်ဗျ။

ဒါပေမယ့် အချုပ်ခန်းနဲ့အပြင်ကို ဆက်သွယ်ထားတဲ့ ပိုက်လုံးကို ဘယ်လိုစိတ်ကူးမျိုးနဲ့ ထည့်သွင်းဆောက်ထားလဲဆိုတာ စဉ်းစားလို့တော့ မရဘူးဖြစ်နေတယ်။ ထားလိုက်ပါလေ။ အဲ့ဒီတော့ သင်က ပိုက်လုံးကနေတစ်ဆင့် အပြင်ကို ရောက်သွားတယ်။ အပြင်မှာ မှောင်မည်းနေတယ်။ မီးမောင်းတွေ ထိုးထားတဲ့ အစောင့်ကင်းတဲကိုလည်း တွေ့လိုက်ရတယ်။ ဘေးတစ်ဖက်တစ်ချက်တွေကို မီးမောင်းတွေ အမြဲထိုးထားတယ်။

ဒါ့အပြင် ထောင်ထဲကလူတွေရဲ့ ပြောပြချက်အရဆိုရင် သင်နေတဲ့ထောင်က ဝက်ဘာရဲ့ အလယ်တည့်တည့်မှာရှိနေတာ ဆိုတော့ တစ်ဖက်ပါပုံလို ဖြစ်နေလိမ့်မယ် ထင်တယ်။




A ■ ထောင်  B ဝင်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ရင်မောစရာကြီးဗျ။ ဒါပေမယ့် သင်က-

ဝက်ဘာကို ဖြတ်ကျော်ရမှာကို မကြောက်တဲ့ပုံ ပဲဗျ။ ဟင်. . . ဘယ်လို၊ B ဆိုတဲ့အပေါက်ဝကို ရောက်ဖို့အတွက် လွယ်ကူတဲ့နည်းလမ်း ရှိတယ် ဟုတ်လား။

ဝက်ဘာထဲ ဖြတ်နေစဉ်မှာ မီးမောင်းထိုးချိန်နဲ့မိပြီး အစောင့်တွေ သင့်ကို တွေ့သွားမှာကိုပဲ သင်က စိုးရိမ်နေတာ။ ကျန်တာတော့ စိတ်ပူပုံမရဘူး။

အဲဒါကြောင့် သင်က အမှောင်ထဲမှာ အခြေအနေ တစ်ချက်ကြည့်လိုက်တယ်။ မီးမောင်းက ဝက်ဘာပတ်လည်ကိုပဲ ထိုးပြီး ဝက်ဘာအထဲကို မထိုးတာကို သတိထားမိတယ်။

ထွက်ပေါက်ကိုတော့ တော်တော်ကြာမှသာ တစ်ကြိမ် ထိုးတာကို တွေ့ရတယ်။

အဲ့ဒီနောက် သင်က အသင့်အနေအထား ပြင်ထားလိုက်ပြီး ဝက်ဘာနံရံတစ်ခုကို လက်နှင့်ထောက်လိုက်ကာ မှောင်ကလည်း မှောင်နေတာကြောင့် ဝက်ဘာနံရံကို လက်နှင့်ထောက်ထားရင်း ခြေလှမ်းကို စလှမ်းလိုက်တယ်။

ဝက်ဘာနံရံကို လက်နဲ့ မလွှတ်စေဘဲ သင်က ဆက်ကာ လျှောက် နေမိတယ်။


ခဏအကြာမှာ ဂိတ်ပေါက်ဝကို ရောက်သွားတော့တယ်။



(မှတ်ချက်။ မည်သည့်ဝက်ဘာမဆို နံရံတစ်ဖက်အား လက်နှင့်ထောက်ပြီး နံရံအတိုင်း လမ်းလျှောက်သွားပါက တစ်ချိန်ချိန်တွင် အပေါက်တွေ့မည်ဖြစ်သည်။ သင်လျှောက်သည့်လမ်းသည် တစ်ဖက်ပါပုံအတိုင်း ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com







ထွက်ပေါက်ရောက်တော့ ထောင်ထဲက လူတွေ ပြောလိုက်တဲ့ ပုံစံအတိုင်း တံခါးတစ်ခုကို တွေ့လိုက်ရတယ်။

အဲဒီ တံခါးကတော့ တစ်ဖက်ပါပုံအတိုင်းပဲ။

www.burmeseclassic.com

www.burmeseclassic.com





ဒီတစ်ခါတော့ သင် သေချာလုပ်မှ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထမ ထွက်ပြေးသွားတဲ့လူလို ဒီနေရာမှာပဲ ပြန် ဖမ်းမိတာလေ။

ထောင်ထဲက လူတွေ ပြောပုံအရဆိုရင် အဝိုင်း (၃)ဝိုင်းမှာ မှန်ကန်တဲ့တစ်ခုကိုသာ နှိပ်ရမယ်၊ မှားနှိပ်မိရင် အသံမြည်လာမယ်လို့တော့ ပြောလိုက်တယ်။

ဒါပေမယ့် သင်က အဲဒီတံခါးရှေ့ရောက်တော့ အတော်မောဟိုက်နေပြီ။

ထိုးနေတဲ့ မီးမောင်းကိုလည်း တစ်ချက်တစ်ချက် လှမ်းကြည့်ရသေးတယ်။ ခလုတ်အဝိုင်းကို မှားနှိပ်ပါကလည်း ပြန် အဖမ်းခံရမယ်။

မီးမောင်းက တံခါးဝကို ရောက်ပါကလည်း ပြန်အဖမ်းခံရမယ်ဆိုတော့ သင့်ဟာက မလွယ်တော့ မလွယ်ဘူးပဲ။ ဘာပဲဖြစ်ဖြစ် သင်က ဒီအထိ ရောက်လာတာကိုပဲ စိတ်ဓာတ် တက်ကြွနေတယ်။

သင့်စိတ်ထဲမှာလည်း ခလုတ်သုံးခုထဲက မှန်တဲ့ခလုတ်ကို နှိပ်မှသာ အပြင်ရောက်မယ်ဆိုတဲ့ အသိတစ်ခုတည်းသာ ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com






သို့သော် ဘယ်ခလုတ်ကိုနှိပ်ရမယ်ဆိုတာကို သင်မသိဘူး။ သင်တစ်ယောက်တည်းမဟုတ်ဘဲ ထောင်ထဲက လူတွေလည်း မသိဘူးတဲ့။ ဒါနဲ့ အရင်တုန်းက ထွက်ပြေးဖူးတဲ့လူ နှိပ်သွားတဲ့ ခလုတ်ကိုလည်း ဘယ်သူမှ မသိတော့ ခက်နေတာပေါ့။ သိရင် ကျန်တဲ့ ခလုတ် (၂)ခုထဲက တစ်ခုက အမှန်ဖြစ်လိမ့်မယ်။

အခုတော့ သင်က အဲဒီသုံးခုကိုကြည့်ရင်း ခွေးပြန်နေတာပေါ့။

■

(၃၃)

တံခါးကိုကြည့်ရင်း သင် တစ်ခု သတိထားမိသွားတယ်။ ထောင်အစောင့်တွေက မနက်လင်းပြီဆိုရင် တံခါးကို မဖြစ်မနေ ဖွင့်ရမှာပဲ။

ထောင်ထဲက လူတွေပြောပြချက်အရဆိုပါက နေ့ခင်းဆိုရင် တံခါးက အမြဲတမ်း ဖွင့်ထားတတ်တယ်။

ဒါဆိုရင် ထောင်စောင့်တွေက ဒီတံခါးကို အမြဲဖွင့်တော့ လက်ဗွေရာတို့ စွန်းရာ၊ ခြစ်ရာတို့ ကျန်ခဲ့နိုင်တယ်ဆိုပြီး သင်တွေးမိတာပေါ့။

အဲဒါကြောင့် သင်က တံခါးကို အနီးကပ်ကာ တစ်ခုချင်းစီကို သေချာလိုက်ကြည့်လိုက်တယ်။

အဝိုင်းသုံးဝိုင်းပေါ်မှာတော့ ပြောင်လက်နေပြီး လက်ဗွေရာ၊ ခြစ်ရာများကို မတွေ့ရဘဲ ရှင်းလင်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အဝိုင်းသုံးဝိုင်းအလယ်ရှိ အဝိုင်းမှာတော့ လက်ဖွေရာလိုလို ဘာလိုလို ညစ်ပတ်နေတာကို တွေ့ရတယ်။

မီးက မှောင်နေတော့ မီးမောင်းက ထွက်လာတဲ့ အလင်းရောင်ဖျော့ဖျော့ကိုပဲ အားကိုးပြီး ကြည့်ရတော့ သိပ်ပြီး မသေချာပေ။

အဲဒီအဝိုင်းကို အနီးကပ် ထပ်ကြည့်ချိန်မှာ အနံ့တစ်ခုက သင့်နှာခေါင်းထဲကို ဝင်လာတယ်။ ဟင်းဆီနံ့၊ ဒါမှမဟုတ် ထမင်းစားပြီး လက်ကို ပြောင်အောင်မဆေးဘဲ ကိုင်သည့်အခါ ဘုတွင် စွဲနေတဲ့အနံ့ပဲ။

ဒါဆို အစောင့်တွေက ဒီဘုကိုကိုင်ပြီး မနက်တိုင်း ဖွင့်ပုံရတယ်။ ကျန်တဲ့ အဝိုင်း (၃)ဝိုင်းမှာတော့ ဘာနံ့မှ မရဘူး။

အဝိုင်းသုံးဝိုင်းအလယ်ရှိ ဘုက ညာဘက် (သို့မဟုတ်) ဘယ်ဘက်ကို လှည့်ရတဲ့ဘုဖြစ်တာကို တွေ့ရတယ်။

သင့်စိတ်ထဲမှာ ဒွိဟဖြစ်သွားတယ်။ အဝိုင်းသုံးဝိုင်းထဲက တစ်ဝိုင်းကို နှိပ်ရမလား။ ဒါမှမဟုတ် အလယ်ကဘုကိုပဲ လှည့်ရမလား။ ထောင်ထဲကလူတွေ သိထားတဲ့ အချက်အလက်ကများ



မှားနေတာလား။

မီးမောင်းကိုလည်း ကြည့်ရသေးတယ်။

မီးမောင်းက ဝင်ပေါက်တံခါးကို မထိုးတာကြာပြီဆိုတော့ နောက်မကြာတဲ့ အချိန်မှာ ဝင်ပေါက်တံခါးကို ထိုးလာနိုင်တယ်။ ဒါကိုလည်း သင်က ထည့်တွက်ရသေးတယ်။ ဒီတော့ အချိန်က သိပ်မရှိဘူး။

ဆုံးဖြတ်ချက်မှန်မှန်နဲ့ မြန်မြန်ချနိုင်ဖို့ပဲ လိုတယ်။ အဲဒီအချိန်မှာပဲ သင်က အဝိုင်းသုံးဝိုင်းအလယ်က ဘုကို ကိုင်လိုက်တယ်။

ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုချကာ လက်ကိုင်ကို ညာရစ် လှည့်ချလိုက်တယ်။

"ဂျလောက်"

"ဟင်"

မှားသွားပြီလား။

အသံမြည်သွားတော့ စိုးရိမ်စိတ်ဖြစ်ပြီး ခဏရပ်လိုက်တယ်။

မဟုတ်ဘူး၊ အဝိုင်းသုံးဝိုင်းထဲက တစ်ဝိုင်းလက်တံက ပြောင်းသွားတာဗျ။

သင်က နောက်ထပ် ဆက်ကာဆက်ကာ ထပ်လှည့်လိုက်တယ်။

"ဂျလောက်"

www.burmeseclassic.com

www.burmeseclassic.com



"ဂျလောက်"

အဝိုင်းသုံးခုလုံးရဲ့ လက်တံတွေပြောင်းသွားချိန်မှာပဲ တံခါးက သူ့အလိုလို ပွင့်သွားတယ်။

အဲဒီအချိန်မှာပဲ မီးမောင်းကလည်း သင်ရပ်နေတဲ့ တံခါးဝကို ကျရောက်လာတော့တယ်။

"ဟင်"

"ဘယ်သူလဲ"

"လူတစ်ယောက်ပဲဟေ့"

အစောင့်တွေ သင့်ကို တွေ့သွားပြီ။ တိုက်ဆိုင်စွာပဲ အဲဒီအချိန်မှာ အရှေ့ဘက်က ရောင်နီလည်း လင်းစပြုနေပြီပဲ။

■

(၃၄)

သင်က တံခါးကို တွန်းဖွင့်ပြီး အပြင်ကို ချက်ချင်းပဲ ပြေးထွက်လိုက်တယ်။ ထောင်တစ်ခုလုံး အချက်ပေးသံများ ဆူညံသွားပြီး သင့်နောက်ကို အစောင့်တွေ လိုက်လာကြပြီဆိုတော့ သင်လည်း နောက်ကို လှည့်မကြည့်ဘဲ ကွင်းပြင်ကြီးကို ဖြတ်ပြေးတယ်။ မောပေမယ့် ဒီအခြေအနေထိ ရောက်လာတော့ မရပ်ဘဲ ဆက်ပြေးနေမိတယ်။ ဒါပေမယ့် အရှေ့မှာက ရင်ဆိုင်စရာ တစ်ခုရှိသေးတယ်။

အဲဒါကို ကျော်ဖြတ်နိုင်ရင် ဒီရွာနဲ့ အဝေးဆုံးကိုရောက်ပြီ။ ထောင်ထဲကလူတွေ ပြောပုံအရဆိုရင် ရှေ့မှာ ကျုံးတစ်ခု ရှိတယ်။ အဲ့ဒီကျုံးကို သင်က ကျော်ပြီးသွားနိုင်မယ်ဆိုပါက အစောင့်တွေ လိုက်လာမှာ မဟုတ်ဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com




ဘာဖြစ်လို့လဲဆိုတော့ ကျုံးကျော်သွားရင် သူတို့နယ်မြေ မဟုတ်လို့ လိုက်လို့ မရတာတဲ့။

ဟုတ် မဟုတ်မသိပေမယ့် သင်ကတော့ ဆက်ပြေးနေရတယ်။ ခပ်လှမ်းလှမ်းမှာလည်း အသံတွေ အော်ဟစ်ပြီး သင့်နောက်က လိုက်လာနေကြပြီဆိုတော့. . .။

ပြေးစမ်း ပြေးစမ်း။

အလင်းရောင်လေးလည်း ရှိလာတော့ ပတ်ဝန်းကျင်မှာ လင်းလင်းထင်းထင်း ဖြစ်လာတယ်။

မကြာမီအချိန်မှာပဲ ကျုံးကို လှမ်းမြင်လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရေမြောင်းက ၁၀ ပေကျယ်တယ်တဲ့။ ထောင်ထဲကလူတွေ ပြောလိုက်တာပဲ။ ဟုတ် မဟုတ်တော့ မသိဘူး။ တစ်ဖက်ကို ခုန်ကူးဖို့ကလည်း မဖြစ်နိုင်။ တော်တော်လေးကို အလှမ်းဝေးတယ်။

ဖြတ်လျှောက်ဖို့ကလည်း နက်မယ့်ပုံပေါ်တော့ အဆင်မပြေပြန်ဘူး။ နုံးတွေလည်း ရှိမယ့်ပုံ ပေါ်တယ်။ သင်က ရေမကူးတတ်တော့ ပိုဆိုးတာပေါ့။

နောက်ကလည်း အစောင့်တွေ လိုက်လာပြီဆိုတော့ ဘယ်လိုလုပ်မလဲ။ စဉ်းစားပါဦး။

သင်က ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ သစ်ပင်သုံးပင်နဲ့ သစ်သားချောင်းများ ပုံထားတဲ့ သစ်သားပုံ တစ်ပုံကိုသာ တွေ့ရတယ်။

သစ်ပင်ကိုလှဲပြီး တံတားပုံစံလုပ်ဖို့ကလည်း ခုတ်လှဲစရာမပါ။ လိုက်လာတဲ့သူတွေကလည်း နီးနေပြီဆိုတော့ ဒုက္ခပါပဲ။

ရေမြောင်းတစ်လျှောက် ပြေးရမလား။ ဒါလည်း လွတ်မှာမဟုတ်ဘူးဗျ။ သူတို့နယ်မြေထဲမှာရှိနေသေးတော့ အချိန်မရွေး ဖမ်းမိသွားနိုင်တယ်။

မြောင်းရဲ့ ဟိုဘက်ကိုတော့ သင် ရောက်မှဖြစ်မယ်။ ဘယ်လိုလုပ်မလဲ။

အဲဒီအချိန်မှာပဲ သင်က ခုနကတွေ့လိုက်ရတဲ့ သစ်သား



ချောင်းများ ပုံထားတဲ့အနားကို ပြေးသွားတယ်။ ဘာလုပ်တာလဲ။ သင်က သစ်သားပြားတွေကို ရေကြည့်တော့ သစ်သားပြား ၈ ပြားကို တွေ့လိုက်ရတယ်။ တစ်ပြားကို ၉ ပေခန့်ရှည်ပုံရတယ်။

ရေမြောင်းက ၁၀ ပေလောက်ရှည်တော့ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး ဖြစ်နေတယ်။ ဒါပေမယ့်. . .


သင်က ချက်ချင်းပဲ စိတ်ကူးတစ်ခုရကာ သစ်သားပြား ၈ ပြားကို မပြီးယူကာ ရေမြောင်းဘက်ကို ပြေးသွားတယ်။

အဲဒီနောက် ခပ်မြန်မြန်ပဲ တစ်ဖက်ပါအတိုင်း ပျဉ်ပြား ၈ ချပ်နဲ့ တံတားတစ်ခု ထိုးလိုက်တယ်။

အင်း. . . သူဟာနဲ့သူတော့ ဟုတ်သားပဲ။

www.burmeseclassic.com

www.burmeseclassic.com





တံတားပေါ်က ဖြတ်ကူးပြီး တစ်ဖက်ခြမ်းကို သင် ရောက်တဲ့အခါမှာတော့. . .

www.burmeseclassic.com

www.burmeseclassic.com



ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း



ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း

www.burmeseclassic.com



ပြေးစမ်း... ပြေးစမ်း... ပြေးစမ်း....

ပြေးစမ်း... ပြေးစမ်း



အဲဒီလိုနဲ့ နောက်ဆုံးတော့ သင်သည်...

www.burmeseclassic.com

www.burmeseclassic.com

တိုဝေသီရှာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပါပြီ. . . ရောက်ပါပြီ သင့်ချစ်သူနေတဲ့ရွာကို ရောက်ပါပြီ။ မောမောပန်းပန်း ပြေးလာရပေမယ့် သင့်ချစ်သူ့ရွာကို အန္တရာယ်ကင်းကင်းနဲ့ ရောက်လာတော့ သင် ပင်ပန်းရကျိုးနပ်တာပေါ့။

ကဲပါဗျာ. . . ကျုပ်ကတော့ ရွာထဲကို မလိုက်တော့ပါဘူး။ သင် တစ်ယောက်တည်းပဲ အေးအေးဆေးဆေး ဝင်သွားပါတော့။

သင့်ချစ်သူကလည်း သင်ရောက်အလာကို စောင့်နေပါတယ်။

လမ်းမှာပါလာတဲ့ လက်ဆောင်လေးတွေပေးရင်း ကြုံခဲ့ရတာလေးတွေ ပြန်ပြောပြပေါ့။ ဟုတ်ဘူးလား။

ဟင်. . . ဘယ်လို၊ ကျုပ်လား၊ မလိုက်တော့ဘူးလေ။ တစ်ယောက်တည်းပဲ သွားတော့ပေါ့။ တော်ကြာ လိုက်ရှုပ်တယ် ထင်နေဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com




ဘယ်လို. . . ချစ်သူရဲ့အိမ် မသိဘူး. . . ဟုတ်လား၊ မေးစမ်းပြီးသွားရင် တွေ့ပါလိမ့်မယ်ဗျာ။

ပျော်ရွှင်ပါစေ၊ သီးသန့်ကမ္ဘာလေးထဲမှာ နှစ်ယောက်အတူ နေနိုင်ပါစေ။



တို့ဝေသိုရှည် (၁)

www.burmeseclassic.com



တိုဝေသီရွာပုံ (၂)



တိုဝေသီရွာပုံ (၃)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com





ဪ. . . မေ့လို့. . . ကောင်မလေး အိမ်ရောက်ရင် တီးရွာနဲ့ တိန်ရွာကို စာရေးလိုက်ပါဦး။


www.burmeseclassic.com

www.burmeseclassic.com



စာကို (၂)စောင်လုံး တစ်ပြိုင်နက်တည်း ပို့လိုက်ပါ။

စာနှစ်စောင်လုံးထဲမှာ ထောင်ထဲက သိခဲ့တဲ့ အဖြေကို ထည့်ရေးပေးလိုက်ပါဗျာ။ ဒါလေးတော့ နောက်ဆုံး မှာချင်တယ်။



လေးစားစွာဖြင့်

လူ့မိနေ

www.burmeseclassic.com

www.burmeseclassic.com

# Bonus Puzzle

BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com



အပျင်းပြေ ဖြေလို့ရအောင် တစ်ဖက်ပါ ဉာဏ်စမ်းလေးကို ထည့်ပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပါပုံထဲက ထီးကို နောက်ကျောပေးပြီး ဆောင်းထားတဲ့ ယောက်ျားနဲ့ မိန်းမဟာ သူ့ဘာသာသူ သီးခြား သွားနေတာလား။

ဒါမှမဟုတ်. . .

ချစ်သူစုံတွဲတွေလား။

သူ့ဘာသာသူ သွားနေတဲ့ သူစိမ်းတွေဆိုရင် ဘာကြောင့် အဲ့ဒီလို သင်က ထင်ရတာလဲ။

ဒါမှမဟုတ်. . .

အတွဲပါလို့ ထင်ရင်လည်း ဘာကြောင့် အဲဒီလို ထင်ရတာလဲဆိုတာကို အကျိုးအကြောင်းဖော်ပြပြီး တစ်ဖက်ပါ လိပ်စာကို စာရေးသားပါက အဖြေမှန်သူကို (အကျိုးအကြောင်းပါ ပါရမည်) စာအုပ်လက်ဆောင် ပြန်လည်ချီးမြှင့်ပေးပါမည်။



BURMESE CLASSIC .com

**စိုးမိုးစာပေ**
အမှတ် (၁၃)၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
E-mail: wwwsty@gmail.com

www.burmeseclassic.com